# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာ သူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday 22 September 2018 ၉၄၁၇


## လုပ်ငန်းစဉ်ကြီး (၃) ရပ်

## နိုင်ငံတည်ဆောက်ရေး၊ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး

- လက်ရှိအချိန်သည် အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ဖြစ်လာစေရန် ပြန်လည်တည်ဆောက်နေရသည့်ကာလဖြစ်ပါသည်။
- တစ်ချိန်တည်းမှာပင် နိုင်ငံလွတ်လပ်ရေးရရှိပြီးကတည်းက မျှော်မှန်းခဲ့ကြသည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများကိုရရှိစေပြီး နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးတရားမျှတမှု စသည့် အခွင့်အရေးသာတူညီမျှဖြစ်သည့်၊ ဝါဒရေးရာအရဖြူစင်သည့်၊ အားလုံးအမြတ်တနိုးပိုင်ဆိုင်ထားသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ပါသည်။
- ထို့အပြင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှသည် ဒီမိုကရေစီရင့်သန်ခိုင်မာသည့်အဆင့်သို့ ရောက်ရှိအောင် ကြိုးပမ်းနေရဆဲလည်းဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကြီးသုံးရပ်လုံးသည် တစ်ခုပြီးမှတစ်ခုဆိုသလို ချန်လှပ်ထား၍မရဘဲ တစ်ခုနှင့်တစ်ခုဆက်စပ်ပြီး ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထိုင်းသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Jukr Boon- Long အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထိုင်းသံအမတ်ကြီး H.E. Mr. Jukr Boon- Long အား လက်ခံတွေ့ဆုံစဉ်။

**၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ စာတမ်း**

စာမျက်နှာ » ၆

**၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့်“ဝ” ဒီမိုကရက်တစ်ပါတီ၏ စာတမ်း**

စာမျက်နှာ » ၇

**ပြည်ထောင်စုလယ်သမား၊ အလုပ်သမား အင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ**

စာမျက်နှာ » ၁၁


Established in 1958
ကိန္နရီ ®
အဆင့်မြင့်ချည်ချောလုံချည်
The Ultimate Quality and Fastness.
အရည်အသွေးနဲ့ဆေးခိုင်ခံ့မှုရဲ့အသုံးစွန်
ပင်ရင်း- ကိန္နရီ အထည်စက်၊ သဲတောမြို့၊ ဖုန်း- ၀၆၄ - ၂၀၅၀၁၃၁၊ ၀၆၄ - ၂၀၅၀၃၂၅
ရန်ကုန်ဖြန့်ချီရေး - အမှတ်(၂၀၇) မဟာဗန္ဓုလ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၀ ၂၂၈

ကြေးမုံ

# စည်းလုံးညီညွတ်မှုကို အထိပါးမခံ

လူ့အခွင့်အရေးကောင်စီ၏ (၃၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် အပြန်အလှန်ဆွေးနွေးမှုတစ်ရပ်ကို ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံတွင် စက်တင်ဘာလ ၁၈ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြုလုပ်ခဲ့သည်။ ယင်းအပြန်အလှန်ဆွေးနွေးမှုတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးက မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ပြောကြားခဲ့သည်။

၎င်းတို့၏အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်၍ အထင်အမြင်လွဲမှားမှုကို ဖြစ်စေကြောင်း၊ ပေါင်းစည်းရေးကို အားပေးရမည့်အစား တိုင်းရင်းသားလူမျိုးများအကြား သဘောထားကွဲလွဲစေပြီး နိုင်ငံပြိုကွဲရေးကို အားပေးနေသည့်သဘောသက်ရောက်နေကြောင်း၊ ယင်းအဖွဲ့၏စုံစမ်းစစ်ဆေးသည့်နည်းလမ်းသည် အားနည်းချက်များစွာရှိကြောင်း၊ ပဋိပက္ခသမိုင်းကြောင်းကို သေချာစွာလေ့လာခြင်းမပြုဘဲ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ တစ်ဖက်သတ်အမြင်အပေါ် အခြေခံထားကြောင်း၊ ကြီးမားသည့်ဖိအားများ ပေးခံရမှုကြောင့် FFM အနေဖြင့် ၎င်းတို့ယုံကြည်လိုသော အချက်များကိုသာ အစီရင်ခံစာတွင်ဖော်ပြပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်ကိုပင် လမ်းလွဲစေနိုင်သည့် အန္တရာယ်ရှိသော ကောက်ချက်များ အလျဉ်စလိုချမှတ်ထားသည်ကို တွေ့ရှိရကြောင်း စသည်ဖြင့် တုံ့ပြန်ပြောကြားခဲ့သည်။

လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)၏ အစီရင်ခံစာမှာ သမာသမတ်ကျမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတွင် မေးခွန်းထုတ်ရန် သိသာထင်ရှားသော အကြောင်းပြချက်များစွာရှိသည့် တစ်ဖက်သတ်အစီရင်ခံစာဖြစ်သည်။ ထိုအစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများ ပေါင်းစည်းနေထိုင်မှုကို ပျက်ပြားစေရုံမျှမက နိုင်ငံတစ်ဝန်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကိုပါ ထိခိုက်မှုဖြစ်စေသည်။

ထိုကဲ့သို့သော အခြေအနေများကြောင့် လူ့အခွင့်အရေးကောင်စီက လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ကို စတင်ဖွဲ့စည်းသည့် ယမန်နှစ် မတ်လကတည်းကပင် မြန်မာနိုင်ငံက လက်ခံခြင်းမပြုခဲ့ချေ။ ယင်းအဖွဲ့သည် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ရခိုင်ပြည်နယ်အတွင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုလိမ့်မည် မဟုတ်သောကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့က ယင်းအဖွဲ့ကို အသိအမှတ်မပြုခဲ့ခြင်းဖြစ်သည်။

ယင်းအဖွဲ့သည် ဟန်ချက်ညီမှု၊ သမာသမတ်ရှိမှု၊ တရားမျှတမှုတို့ ကင်းမဲ့နေလင့်ကစား မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော စွပ်စွဲချက်များအားလုံးအပေါ် လျစ်လျူရှုခြင်းမရှိဘဲ အလေးအနက်ထားသောအားဖြင့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ နေရပ်စွန့်ခွာသွားသူများအရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် အလေးအနက်ထားသည်။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်။ ကုလသမဂ္ဂဘက်မှ အထောက်အကူပြုရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တရားမျှတမှုမရှိသည့် တစ်ဖက်သတ်အစီရင်ခံစာကို တင်သွင်းပြီး အပြုသဘောမဆောင်သည့် ဆောင်ရွက်ချက်များ၊ ထိခိုက်နစ်နာစေရန် ဦးတည်သည့် လုပ်ရပ်များမှာ အသိုက်အဝန်းများအကြား ပိုမိုကွဲပြားမှုကိုသာဖြစ်စေပြီး ဖြေရှင်းရမည့်ပြဿနာကိုပင် ဆိုးရွားသွားစေနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို စိန်ခေါ်မှုများစွာဖြင့် တည်ဆောက်နေရသည်။ ယင်းသို့သော အချိန်ကာလတွင် နိုင်ငံစည်းလုံးညီညွတ်ရေးပျက်ပြားစေရန် ကြိုးပမ်းအားထုတ်မှုဟူသမျှတို့ကို ပြည်သူအားလုံးတို့က ကာကွယ်တားဆီးကြပြီး ဓမ္မဓိဋ္ဌာန်မကျသည့်လုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်၍ တုံ့ပြန်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အာဆီယံဆု လျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါသတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမဆုံးအကြိမ် အာဆီယံဆု (ASEAN Prize) ကို ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊
(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့အား လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုအား ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ်လအတွင်း အာဆီယံနှင့်ပတ်သက်သော ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ပြသနိုင်ရမည်ဖြစ်သည်။ ထို့အပြင် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်း ဖော်ပြနိုင်ရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ နိုင်ငံသား၊ အဖွဲ့အစည်းအနေဖြင့် လျှောက်ထားသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းသည် မိမိ (သို့မဟုတ်) အဖွဲ့အစည်းနှင့်ပတ်သက်သည့်အချက်အလက်နှင့် မိမိ (သို့မဟုတ်) အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များနှင့်အတူ ပူးတွဲတင်ပြ လျှောက်ထားနိုင်သည်။ လျှောက်လွှာတင်သွင်းရန်အတွက် နောက်ဆုံးရက်မှာ စက်တင်ဘာ ၂၇ ရက်နေ့ဖြစ်ပြီး အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ် (၉) နေပြည်တော် (သို့မဟုတ်) dgasean@gmail.com အား လိပ်မူလျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အဆိုပါဆုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက http://asean.org/၊ static post =asean-prize-2018 တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်ပြီး ရထားတွဲဆိုင်းအားလုံးကို ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲ




**ရန်ကုန် စက်တင်ဘာ ၂၁**

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရထားလမ်းပိုင်းအချို့ ရေကျော်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းရေကြီးမှုဖြစ်ပွားခဲ့သဖြင့် ရေတာရှည်-ကုန်းကြီး- ဆွာ ရထားလမ်းပိုင်း ပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ ယခုအခါ မြန်မာ့မီးရထားလုပ်ငန်းမှ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ စက်တင်ဘာ ၂၀ ရက် ညနေ ၂ နာရီ ၂၅ မိနစ်တွင် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ ယနေ့ နံနက်ပိုင်းမှစတင်ကာ ရန်ကုန်- မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် ရထားတွဲဆိုင်းအားလုံးကို ပုံမှန်အချိန်စာရင်းအတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်ဘူတာကြီးမှ မန္တလေးဘူတာသို့ ယခင်အချိန်စာရင်းအတိုင်း ပုံမှန်ထွက်ခွာပေးမည့် ရထားတွဲဆိုင်းများစာရင်းအရ နံနက် ၄ နာရီတွင် အမှတ် ၁ အဆန်စာပို့ရထားတွဲဆိုင်းကို လည်းကောင်း၊ နံနက် ၆ နာရီတွင် အမှတ် ၁၁ အဆန် အမြန်ရထားတွဲဆိုင်းကို လည်းကောင်း၊ ညနေ ၃ နာရီတွင် အမှတ် ၅ အဆန်အမြန်ရထားတွဲဆိုင်းကို လည်းကောင်း၊ ညနေ ၅ နာရီတွင် အမှတ် ၃ အဆန်ရထားတွဲဆိုင်းကို လည်းကောင်း ပုံမှန်ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။ ရန်ကုန်ဘူတာကြီးမှ သာစည်ဘူတာသို့ ပုံမှန်ထွက်ခွာပေးမည့် ရထားတွဲဆိုင်းများစာရင်းအရ အမှတ် ၉ အဆန်ရထားသည် နံနက် ၁၁ နာရီတွင်လည်းကောင်း၊ အမှတ် ၃၁ အဆန်အမြန်ရထားဖြစ်သော ရန်ကုန်-နေပြည်တော် ရထားတွဲဆိုင်းသည် နံနက် ၈ နာရီတွင် လည်းကောင်း၊ အမှတ် ၇ အဆန်အမြန်ရထားဖြစ်သော ရန်ကုန်-နေပြည်တော် ရထားတွဲဆိုင်းသည် ည ၉ နာရီတွင် လည်းကောင်း ပုံမှန်ထွက်ခွာ ပြေးဆွဲပေးလျက်ရှိသည်။

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ပြီးခဲ့သည့် စက်တင်ဘာ ၂ ရက်က အချိန်ပြောင်းပြေးဆွဲပေးခဲ့ရသော ရန်ကုန်-တောင်ငူ အစုန်/အဆန်နှင့် ပျဉ်းမနား-မန္တလေး အစုန်/အဆန် ရထားတွဲဆိုင်းများကို မပြေးဆွဲဘဲဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ယခုအခါ ရထားလမ်းပိုင်း တောက်လျှောက်ပွင့်သွားပြီဖြစ်သည့်အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း အမြန်စာပို့ရထားတွဲဆိုင်းများဖြစ်သော ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ အစုန်/အဆန်အမြန်ရထားတွဲဆိုင်း ရှစ်စင်း၊ ရန်ကုန်-သာစည်လမ်းပိုင်းရှိ အစုန်/အဆန် အမြန်ရထားတွဲဆိုင်း နှစ်စင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းရှိ အစုန်/ အဆန်အမြန်ရထားတွဲဆိုင်း လေးစင်းနှင့် ရန်ကုန်-ပဲခူးလမ်းပိုင်းရှိ အစုန်/အဆန်အမြန်ရထားတွဲဆိုင်း နှစ်စင်းဖြင့် ရထားတွဲဆိုင်း စုစုပေါင်း ၁၆ စင်းကို ယခင်ပုံမှန်အချိန်စာရင်းအတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၂၁**

ရန်ကုန်(ရွှေဈေး) ၁၀၃၅၀၀၀ - ၁၀၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၃၅၀၀၀ - ၁၀၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၂၀/၁၀၅၅ ကျပ်၊ | ၁၀၉၀/၁၁၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၄၀/၁၀၇၅ ကျပ်၊ | ၁၁၄၀/၁၀၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၉၀/၁၀၂၅ ကျပ်၊ | ၁၀၉၀/၁၁၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၃၀/၁၀၆၅ ကျပ်၊ | ၁၁၀၅/၁၁၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၃၀/၁၀၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၄၀/၁၀၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၁၀၁၅/၁၀၂၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၉၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၈၈၁.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၃၃.၂၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၃၅၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၈၆.၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၁၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၉.၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၀၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၆၃.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၇၁.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၅၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၉၄၂၇

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၁**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် India Gate သို့ရောက်ရှိပြီး သူရဲကောင်းဗိမာန် Amar Jawan Jyoti ၌ ဂုဏ်ပြုပန်းခွေချ အလေးပြုကာ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန South Block Lawns သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bipin Rawat, UYSM, AVSM, YSM, SM, VSM, ADC အား South Block ရှိ ကြည်းတပ်ဦးစီးချုပ်ရုံးခန်း၌ တွေ့ဆုံပြီး နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အိန္ဒိယရေတပ် ဒုတိယရေတပ်ဦးစီးချုပ်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bipin Rawat, UYSM, AVSM, YSM, SM, VSM, ADC တို့ South Block ရှိ ကြည်းတပ်ဦးစီးချုပ်ရုံးခန်း၌ တွေ့ဆုံကြစဉ်။

Vice Chief of Navy Staff, Vice Admiral Ajit Kumar P, AVSM, VSM နှင့် တွေ့ဆုံ၍ တပ်မတော်(ရေ) နှစ်ရပ်အကြား ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များအား နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းအောင်ဆောင်ရွက်ရေး၊ အိန္ဒိယ သမုဒ္ဒရာလုံခြုံရေးအတွက် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် South Block ၌ အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mrs. Nirmala Sithraman နှင့် တွေ့ဆုံပြီး တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်မှု၊ လေးစားမှုအပေါ် အခြေခံ၍ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အနာဂတ်တွင် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပြင် နယ်စပ်ဒေသ လုံခြုံတည်ငြိမ်အေးချမ်းရေး အပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် မြန်မာ့တပ်မတော်၏ ကာကွယ်ရေးမူဝါဒတို့နှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံး နယူးဒေလီမြို့မှ စစ်သံရုံးအဖွဲ့ မိသားစုများနှင့် နယူးဒေလီမြို့တွင် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသားအရာရှိ ခုနစ်ဦးတို့အား ဟိုတယ်၌ တွေ့ဆုံသည်။

ထို့နောက် Army Battle Honours Mess သို့ ရောက်ရှိပြီး အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bipin Rawat နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် တရားဝင်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အမျိုးသားပို့ကုန် မဟာဗျူဟာ၏လုပ်ငန်းများ ဆွေးနွေးညှိနှိုင်း အစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏(၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ အထူးလုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ကုန်သွယ်မှုမူဝါဒများ ခေတ်နှင့်အညီဖြစ်စေရေး၊ စီးပွားရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ယူညှိနှိုင်းရသည့် အဖွဲ့ဖြစ်၍ ပို့ကုန်တိုးမြှင့်ရေး အထောက်အကူပြုရမည့် နည်းလမ်းများဖော်ထုတ်ရန်၊ ဖြေရှင်းရမည့် လုပ်ငန်းများကို ဝိုင်းဝန်းပံ့ပိုးပေးနိုင်ရန်ဖြစ်ကြောင်း၊ ယခု အထူးလုပ်ငန်းအဖွဲ့အောက်တွင် အဓိကအားဖြင့် အမျိုးသားပို့ကုန် မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူမြန်ဆန်ချောမွေ့စေသည့် လုပ်ငန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ Ease of Doing Business လုပ်ငန်းကို World Bank Group မှ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များနှင့် ပူးတွဲပြီး တိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ယခုအစည်းအဝေးတွင် အမျိုးသားပို့ကုန် မဟာဗျူဟာ၏ လုပ်ငန်းများကိုလည်း ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်ပါကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာအောက်တွင် ဦးစားပေးကဏ္ဍကြီး ၁၁ ခု ပါဝင်ပါကြောင်း၊ လက်တွေ့လုပ်ငန်း ဆောင်ရွက်ရင်း ထပ်မံတိုးချဲ့ရမည့် ကဏ္ဍများကိုလည်း တွေ့ရှိလာကြောင်း၊ ယခုဆွေးနွေးပွဲတွင် အဆိုပါကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍများမှ ပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားထားပါသဖြင့် ဆွေးနွေးပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အထူးလုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ တင်ပြခြင်းနှင့် အမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းများ



ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရေးရာ**

# မြို့တွင်းပလက်ဖောင်းအသစ်များ ပြင်ဆင်တိုးချဲ့မှု နှစ်စဉ်ဘဏ္ဍာငွေခွဲဝေသုံးစွဲ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်မြို့တော်အတွင်း ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် မြို့နယ်အသီးသီးရှိ လူသွားစင်္ကြံ(ပလက်ဖောင်း)များကို အသစ်ပြင်ဆင်တိုးချဲ့တည်ဆောက်ခြင်း၊ ပျက်စီးမှုများ ပြုပြင်ခြင်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေခွဲဝေသုံးစွဲလျက်ရှိပြီး လာမည့်ဘဏ္ဍာနှစ်တွင် ရရှိသည့်ဘဏ္ဍာငွေပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောသည်။

**တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**

ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက "ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိနေပြီးသော လူသွားစင်္ကြံ(ပလက်ဖောင်း)များအား အသစ်ပြင်ဆင်တိုးချဲ့ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နှင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို" မေးမြန်းရာ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ယခုကဲ့သို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်မြို့တော်အတွင်း တိုးတက်များပြားလာတဲ့ လူဦးရေနဲ့ ယာဉ်စီးရေတို့ကြောင့် ပြည်သူတွေလမ်းမတွေပေါ်မှာ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့၊ မြို့တော်အင်္ဂါရပ် ပြည့်စုံတင့်တယ်စေဖို့အတွက် ယာဉ်သွားလမ်းတွေ ကောင်းမွန်ဖို့ လိုအပ်သလို လူသွားပလက်ဖောင်းတွေ မရှိမဖြစ် လိုအပ်လာပြီဖြစ်ပါတယ်။ မြို့နယ်အသီးသီးမှာ ပလက်ဖောင်းအသစ် တည်ဆောက်ခြင်းနဲ့ ပျက်စီးနေတဲ့ ပလက်ဖောင်း ပြုပြင်ခြင်းလုပ်ငန်းတွေကို နှစ်စဉ်ဘဏ္ဍာငွေခွဲဝေအသုံးပြုပြီး ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် ဘဏ္ဍာနှစ်မှာလည်း ရရှိတဲ့ဘဏ္ဍာငွေပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု စည်ပင်သာယာရေးဝန်ကြီးက ပြောသည်။

**ဦးစားပေးတည်ဆောက်လျက်ရှိ**

လူသွားပလက်ဖောင်းတည်ဆောက်ရာတွင် လမ်းလျှောက်အသုံးပြုသူများပြားသောနေရာ၊ လမ်းနယ်ပေါ်မူတည်၍ လျာထားသည့်လမ်းသား အကျယ် (Carrage Way)တည်ဆောက်ပြီးသော နေရာများအား ဦးစားပေးတည်ဆောက်လျက်ရှိပြီး မြေနေရာလုံလောက်ပါက ကွန်ကရစ်ပလက်ဖောင်းအဖြစ်လည်းကောင်း၊ မြေနေရာလုံလောက်မှုမရှိပါက လမ်းဘေးရေမြောင်းနှင့် တွဲ၍ Drain Platform အဖြစ်လည်းကောင်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် တည်ရှိသည့်လမ်းနယ် (Right Of Way) အရ တည်ဆောက်ရမည့် လမ်းသားအကျယ် (Carrage Way)အား လျာထားချက်အတိုင်း မတည်ဆောက်ရသေးသည့် (ဥပမာ လေးလမ်းသွား တည်ဆောက်ရန် လျာထားသော်လည်း နှစ်လမ်းသွားသာတည်ဆောက်ထားသော)လမ်းများ၊ အထူးသဖြင့် မြို့သစ်မြို့နယ်များတွင်မူ လမ်းဘေးတွင် ကွန်ကရစ်ပလက်ဖောင်း မတည်ဆောက်သေးဘဲ လမ်းဘေး လမ်းပခုံးကိုသာ လူများသွားလာနိုင်ရန် တည်ဆောက်ပေးထားကြောင်း သိရသည်။

**ဆင့်ကဲဆင့်ကဲကုန်ကျမှု**

"အရင်တုန်းက လမ်းကျယ်ဖို့ဆိုပြီး ပလက်ဖောင်းတွေ အလျှော်ခံရပါတယ်။ ဒါပေမယ့် ပလက်ဖောင်းလျှော့လို့ လမ်းသာကျယ်သွားတာ ဓာတ်တိုင်တွေက ဒီအတိုင်းပဲ မရွှေ့တဲ့အတွက် ပလက်ဖောင်းက ကျဉ်းသွားတယ်။ အမှန်က ဓာတ်တိုင်တွေပါ လိုက်ရွှေ့ရမှာပါ။ အဲဒီလိုတွေမလုပ်ခဲ့တဲ့အတွက် ဆင့်ကဲဆင့်ကဲကုန်ကျမှုနဲ့ ပလက်ဖောင်းကျဉ်းတယ်ဆိုတဲ့ပြဿနာတွေ ဖြစ်လာတာပါ။ နောက်တစ်ခုက မလုပ်ရသေးတဲ့ ပလက်ဖောင်းတွေလည်း အများကြီးရှိပါတယ်။ ဒါတွေလည်းလုပ်ရပါလိမ့်မယ်"ဟု စည်ပင်သာယာရေးဝန်ကြီးက ပြောသည်။

ထို့ပြင် ၂၀၁၈ (ဧပြီလမှ စက်တင်ဘာလအထိ) ကြားကာလ ခြောက်လဘဏ္ဍာနှစ်အတွင်း စင်္ကြံတည်ဆောက်ခြင်း လုပ်ငန်းများကို ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ အင်းစိန်မြို့နယ်၊ ရန်ကင်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ တာမွေမြို့နယ်၊ အလုံမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီသီမင်း**

# စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် ၁၅၈ သင်တန်းဆင်း

**ဖောင်ကြီး စက်တင်ဘာ ၂၁**

ရန်ကုန်မြို့ လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နဝရတ်ခန်းမ၌ စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ် ၁၅၈ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၁ ရက် နံနက်က ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ စံပြဆုနှင့် စာပေထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ **(ယာပုံ)**

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၉၈ ဦးတို့ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# စက်တင်ဘာ ၂၇ တွင် စာပေဖန်တီးမှု အနုပညာသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၂၁**

စာပေမျိုးဆက်သစ်များ ပိုမိုပြန့်ပွားစေရန်၊ စာရေးဆရာ ဆရာမကြီး အယောက် ၄၀ ၏ စာပေဖြတ်သန်းမှုဘဝ အတွေ့အကြုံများကို မျှဝေခံစားနိုင်ရန်ရည်ရွယ်၍ စာပေဖန်တီးမှု အနုပညာသင်တန်း အမှတ်စဉ်(၃)ကို စက်တင်ဘာ ၂၇ မှ အောက်တိုဘာ ၂၆ အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာစာရေးဆရာကလပ်မှ သိရသည်။

အဆိုပါသင်တန်းကို မြန်မာစာရေးဆရာကလပ်က စီစဉ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၄၀ အထိ လက်ခံသွားမည်ဖြစ်ကာ တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၉ လမ်း အမှတ် ၂၃၆ ရှိ မြန်မာစာရေးဆရာကလပ်ရုံးသို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သင်တန်းဖွင့်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ မြန်မာစာရေးဆရာကလပ်ဥက္ကဋ္ဌ စာရေးဆရာကောင်းသန့်က "စာပေမျိုးဆက်သစ်ကို ပြုစုပျိုးထောင်နိုင်ဖို့အတွက် သင်တန်းဖွင့်ပေးတယ်။ သင်တန်းမှာ ပြိုင်ပွဲလုပ်တယ်။ ဆုပေးတယ်။ သင်တန်းစတက်တာနဲ့ စာမူခေါ်တယ်။ ဝတ္ထုတို၊ ဆောင်းပါး၊ အက်ဆေး၊ ကဗျာလေးခု ပြိုင်ခိုင်းပြီး အကောင်းဆုံး တစ်ဆုပေးတယ်။ အဲဒီလို အကောင်းဆုံးရတဲ့ သူတွေကို ကျွန်တော်တို့ထုတ်တဲ့ စာအုပ်တွေမှာ အလျဉ်းသင့်သလို ထည့်ပေးတယ်။ စာရေးဆရာ နာမည်ကြီးတွေကြားမှာ ထည့်ပေးတာပါ။ ထင်ရှားတဲ့ စာရေးဆရာတွေနဲ့ ထိပ်တိုက်မေးခွင့်ရှိတယ်။ ပြောခွင့်ရှိတယ်။ သူတို့ရဲ့ အတွေ့အကြုံတွေ နားထောင်ခွင့်ရှိတယ်။ ဒုတိယအချက်က ကလောင်သွေးခွင့်ရတယ်။ အခွင့်ရရင် ကျွန်တော်တို့ရဲ့ စာပေလုပ်ငန်းတွေမှာ သူတို့ကို ထည့်သွင်းပေးတယ်။ လက်တွဲပြီး မြေတောင်မြှောက်ပေးတယ်။ မြန်မာစာရေးဆရာကလပ်မှာလည်း "မိတ်ဆွေအဖွဲ့ဝင်" အဖြစ် သတ်မှတ်ပြီး ကတ်ထုတ်ပေးပါတယ်"ဟု ပြောသည်။

စာပေဖန်တီးမှု အနုပညာသင်တန်းတွင် မောင်ခင်မင်(ဓနုဖြူ)၊ ချစ်ဦးညို၊ ကောင်းသန့်၊ မောင်သာချို၊ ဒေါက်တာခင်မောင်ညို၊ မင်းချမ်းမွန်၊ ဆောင်းဝင်းလတ်၊ ငြိမ်းမင်း၊ လက်ာရည်ကျော်၊ အကြည်တော်၊ သန်းမြင့်အောင်၊ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ နုနုရည်(အင်းဝ)၊ ဂျူး၊ မေဇွန်အေး၊ ဂုဏ်ထူးဦးသိန်းနိုင်၊ ဦးသိန်းလွင်၊ ဦးထွန်းတင့်စသည့် ဝါရင့်စာရေးဆရာ ဆရာမကြီး အယောက် ၄၀ က ၎င်းတို့၏ စာပေဖြတ်သန်းမှု အတွေ့အကြုံများကို မျှဝေပေးကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာစာရေးဆရာကလပ် အသင်းရုံးအဖွဲ့မှူး ကိုပီတိက "အခုဖွင့်လှစ်တာက တတိယအကြိမ်ပါ။ သင်တန်းကြေး ငွေကျပ် ၃၀၀၀၀ ပေးသွင်းရပါမယ်။ စာပေအနုပညာကို စိတ်ဝင်စားတဲ့ မည်သူမဆို လာရောက်တက်ရောက်နိုင်ပါတယ်။ သင်တန်းချိန်ကတော့ အပတ်စဉ် တနင်္လာနေ့ကနေ သောကြာနေ့အထိဖြစ်ပြီး မွန်းလွဲ ၁ နာရီကနေ ညနေ ၄ နာရီအထိ သင်ကြားမှာပါ။ တစ်နှစ်ကို နှစ်ကြိမ်ပဲ ဖွင့်တယ်"ဟု ပြောသည်။

မြန်မာစာရေးဆရာ ကလပ်သည် စာပေအကျိုးသယ်ပိုးရန်၊ စာပေမျိုးဆက်သစ်များကို ပြုစုပျိုးထောင်ရန် ရည်ရွယ်ချက်နှစ်ခုဖြင့် တည်ထောင်ခြင်းဖြစ်ပြီး မြန်မာစာရေးဆရာကလပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်အတွက် ဝတ္ထုငါးအုပ်သို့မဟုတ် ဆောင်းပါး၊ ဝတ္ထု စာမူ ၁၅၀ ရေးသားထားပြီးသူဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

**ညွန့်ကိုကို**

# ရွှေဈေးနှုန်းမြင့်တက်နေမှုအား ထိန်းချုပ်နိုင်ရန် ရန်ကုန်၊ မန္တလေးရွှေလုပ်ငန်းရှင်များပူးပေါင်း၍ အချက်သုံးချက်ထုတ်ပြန်

**မန္တလေး စက်တင်ဘာ ၂၁**

ဒေါ်လာဈေးနှင့်အတူ ဆက်တိုက်မြင့်တက်လာသည့် ပြည်တွင်းရွှေဈေးနှုန်းအား ထိန်းချုပ်နိုင်စေရန် ရန်ကုန်နှင့် မန္တလေးရှိ ရွှေလုပ်ငန်းရှင်များပူးပေါင်း၍ အရောင်းအဝယ်ပြုလုပ်ရာတွင် လိုက်နာရမည့် အချက်သုံးချက်ကို ထုတ်ပြန်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ကျွန်တော်တို့က ရှင်းရှင်းလင်းလင်း ထိန်းချုပ်မှုမရှိတဲ့အပြင် ဒေါ်လာဈေးကလည်း တအားတက်နေတော့ လေပတ်ကားနဲ့အရောင်းအဝယ်မလုပ်သင့်ဘူး။ ပြည်သူတွေအတွက် ဈေးအတက်ဘက်ကို မရောက်အောင် လုပ်ပေးသင့်တယ်ထင်တဲ့ အတွက် ရန်ကုန်၊ မန္တလေးပူးပေါင်းပြီး အခုလို အချက်သုံးချက် ထုတ်ပြန်လိုက်တာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ထွန်းကပြောသည်။



အဆိုပါထုတ်ပြန်ချက်တွင် ရွှေထိ၊ ငွေထိ လက်ငင်းအရောင်းအဝယ်ဖြင့်သာပြုလုပ်ရန်၊ လေပတ်ကားလုံးဝမလုပ်ရန် (လေရောင်းလေဝယ်မလုပ်ရန်)နှင့် ရွှေကိုရောင်းပြီးမအပ်နိုင်ဘဲ နောက်တစ်ရက်သို့ မီတာပေးပြီး မရွှေ့ရ (ငွေမရှိဘဲ ငွေတိုးပေးမဝယ်ရ) စသည့် အချက်သုံးချက်ပါဝင်ပြီး အထက်ပါအချက်များကို ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ရွှေလုပ်ငန်းရှင်အသင်းများက စက်တင်ဘာ ၂၀ ရက်တွင်ပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ယခုထုတ်ပြန်ချက်အရ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီအချက်သုံးချက်က ဈေးနှုန်းထိန်းညှိမှု တစ်ခုအနေနဲ့တော့ ကောင်းတယ်။ ဒါပေမယ့် ရွှေဈေးနှုန်း တည်ငြိမ်မလားဆိုတာတော့ ပြောလို့မရဘူး။ အခုထုတ်ပြန်ချက်ကြောင့် ငွေမရှိတဲ့သူတွေအနေနဲ့ ရွှေကိုမဝယ်နိုင်တော့ဘူး။ ရွှေဈေးနှုန်းတက်နေတာက ရွှေဈေးကို မီတာတိုးနဲ့ဝယ်ပြီး ဈေးကစားကြတဲ့အတွက် ရွှေဈေးက မတက်သင့်ဘဲ အခုလိုတက်နေတာဖြစ်တယ်"ဟု မန္တလေးမြို့မှ အောင်သမာဓိ ရွှေဆိုင်ပိုင်ရှင် ဦးအောင်ဆန်းဝင်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေဘုန်းပွင့်ဘုရားတွင် သတင်းရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၁**

သတင်းရဲတပ်ဖွဲ့ အမှတ် ၂ တပ်ဖွဲ့ခွဲမှူးရုံးနှင့် ဒုတိယတပ်ဖွဲ့ခွဲ ၂/၁ (ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး စိုးထွန်းအောင်နှင့် ရဲမှူး(ဦးစီး) ရဲမှူး တင့်ရွှေတို့ဦးစီးသော တပ်ဖွဲ့ဝင် ၅၀ တို့သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဦးရွှေဝွန်းလမ်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး ဘက်စုံအလှူငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရန်ကုန်သတင်းရဲတပ်ဖွဲ့**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းလုပ်ငန်းတွင် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန် နိုးဆော်လွှာ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဖောင်းရစ်၊ သပိတ်မှောက်၊ ရင်စည်း၊ ခေါင်းလောင်း၊ ကျည်းဝန်း၊ ရှစ်မြှောင့်၊ ပစ္စယာ၊ ပန်းတည်ခုံစသည်ဖြင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့က စိတ်စေတနာ၊ သဒ္ဓါတရားတတ်အားသရွေ့ စေ့ဆော်ကြည်ဖြူ အလှူတော်ငွေများ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်ဌာန**

- နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့
  ဖုန်း၊ ၀၆၇-၂၅၉၄၃/၂၁၂၁၇/၂၂၀၂၀
  ၀၉-၅၁၃၅၆၉၈/၀၉-၂၅၃၉၈၇၃၃၈/၀၉-၄၉၂၀၄၁၃၀
  ဂေါပကအဖွဲ့
  ဥပ္ပါတသန္တိစေတီတော်

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နိုးဆော်လွှာ

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ ကိုးကွယ်ရာ စေတီတော်ကြီးဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရဟန်းရှင်လူပြည်သူပြည်သားအားလုံးတို့ ဖူးမြော်ကြည်ညိုရသကဲ့သို့ ဖူးမြော်ကြည်ညိုနိုင်စေရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာ စုပေါင်းပါဝင်လှူဒါန်း ပူဇော်တည်ထားကိုးကွယ်ခဲ့ရာ ၉-၃-၂၀၀၉ ရက်နေ့တွင် သပ္ပာယ်တင့်တယ်စွာ တည်ထားပြီးစီး၍ ရွှေထီးတော်တင်လှူခဲ့ပါသည်။ ထိုစဉ်က ရွှေစင် ရွှေပြားကပ်လှူခြင်းအား စေတီတော်ကြီး၏ ကြာနုအောက်ခြေအထိ ကပ်လှူပူဇော်ခဲ့ပြီး ဖြစ်ပါသည်။ စေတီတော်မြတ်ကြီး၏ ဖောင်းရစ် သုံးခုအနက် အပေါ်ပိုင်း တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ် သုံးပေအထိ ရွှေစင်ရွှေပြား ၂၅၅၄ ချပ်ဖြင့် ၈-၁၁-၂၀၁၄ ရက်နေ့မှ ၂-၂-၂၀၁၅ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ကပ်လှူပူဇော်ပြီးစီးခဲ့ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ဒုတိယဖောင်းရစ် ဧရိယာ ၁၈၈၈ စတုရန်းပေအား ရွှေစင်ပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ပြား တစ်ချပ် (အရွယ် တစ်ပေ×တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား)၏ ကုန်ကျစရိတ်မှာ ၉၀၀၀၀၀ိ/-(ကျပ် ကိုးသိန်းတိတိ)ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါရန်နှင့် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်-

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-နေပြည်တော်ကောင်စီ ၀၆၇-၅၅၀၂၁၃၊ နေပြည်တော်သာသနာရေးမှူးရုံး ၀၉-၂၁၃၂၁၉၁၊ ၀၆၇-၅၅၀၃၂၁၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ၀၉-၅၁၃၅၆၉၈၊ ၀၉-၂၅၃၉၈၇၃၃၈၊ ၀၉-၄၉၂၀၄၁၃၀၊ ၀၆၇-၂၅၉၄၃၊ ၀၆၇- ၂၁၂၁၇၊ ၀၆၇-၂၂၀၂၀

**ဂေါပကအဖွဲ့**
**ဥပ္ပါတသန္တိစေတီတော်**

## ပြည်ပဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ စေလွှတ်သော ပညာတော်သင်ရဟန်းသံဃာများအနေဖြင့် ပြည်ပရေးရာအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်တွင်း၌သာမက ပြည်ပသို့တိုင်ပြန့်ပွားစေရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပြည်ပသာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပညာရေးအဖွဲ့ငယ်၏လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့သည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒဗုဒ္ဓသာသနာပြု သံဃာတော်များအနေဖြင့် ပြည်ပရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကူအညီလိုအပ်လာပါက ပြည်ပရေးရာအဖွဲ့၏ website ဖြစ်သည့် www.mahana.org.mm (မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) G-mail ဖြစ်သည့် tharwi2016@gmail.com နှင့် ဒေါ်မိုးမိုးစန်း၊ လ/ထ ညွှန်ကြားရေးမှူး၊ ပြည်ပရေးရာအဖွဲ့၊ ဖုန်းနံပါတ် ၀၉-၂၅၅၉၈၁၈၅၇၊ ၀၉-၇၃၁၃၂၃၀၂၊ ပြည်ပရေးရာရုံးအဖွဲ့ ၀၁- ၆၆၁၇၄၆ (ဖုန်း၊ ဖက်စ်)တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့၌ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံ

**ပေါင်းတည် စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် ၁၁၈ ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည် အပူဇော်ခံပွဲကြီးကို တော်သလင်းလဆန်း ၁၂ ရက် ယနေ့ နံနက် ၄ နာရီမှစတင်၍ ရွှေကျောင်းကြီးတိုက် ဩဝါဒါစရိယဆရာတော်ကြီးများက သကျမုနိမိုယ်းကောင်းဘုရားကြီးနှင့် ဗုဒ္ဓမြတ်စွယ်တော်ရတနာတို့အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ဆက်ကပ်လှူဒါန်းကြပြီး ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ကြသည်။



ထို့နောက် ညနေ ၅ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား နှစ်ပတ်လည်စံမြန်းရာ ဂန္ဓကုဋီတိုက်ရွှေကျောင်းတော်မှ အာရုံခံတန်ဆောင်းအတွင်းရှိ ရွှေကျောင်းဆောင် ရွှေပလ္လင်ထက်ပေါ်သို့ ပင့်ဆောင်ကာ အပူဇော်ခံထားရှိမည့် အခမ်းအနားကိုကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးဧည့်ပရိသတ်များ တက်ရောက်ကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ရတနာ၏ အတ္ထုပ္ပတ္တိအကျဉ်းအား အခမ်းအနားစီစဉ်မှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြတ်စိုးက ဖတ်ကြားပူဇော်ပြီး ဗုဒ္ဓမြတ်စွယ်တော်အား ဦးရွှေတိုး၊ ဆရာမ ဒေါ်မြင့်စိုး(ငြိမ်း)နှင့် အထက်တန်းပြ ဆရာမ ဒေါ်မေသူအောင်တို့က မြန်မာပြည်စွမ်း မင်္ဂလာဆိုင်းနှင့်အတူ ကြွမြန်းတော်မူပါရန် ဂါထာတော်များ၊ တေးထပ်များဖြင့် ရွတ်ဆိုပူဇော်၍ ပင့်လျှောက်ကြသည်။ ထို့နောက် ရွှေကျောင်းကြီးတိုက် ဩဝါဒါစရိယ ဥက္ကဋ္ဌဆရာတော် အာဂမဇောတိကာရုံစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဝံသက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေသို့ပေးအပ်ပြီး တာဝန်ရှိသူများက အဆင့်ဆင့်ပင့်ဆောင်တော်မူကြကာ ရွှေကျောင်းဆောင်ရွှေပလ္လင်ထက်ပေါ်၌ ဖွင့်လှစ်အပူဇော်ခံထားရှိရာ တိုင်းဒေသကြီး အစိုးရအဖွဲ့က အလှူငွေကျပ်ငါးသိန်း လှူဒါန်းပြီး ဘုရားဖူး ဧည့်ပရိသတ်များက အလှူငွေများ လှူဒါန်းကြကာ ပွဲတော်လာပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**




# ပျော်ဘွယ်မြို့၌ ဆည်၊ ကန်များမှ ရေသောက်ဧရိယာ ၉၄၉၈ ဧကကို ရေပေးဝေလျက်ရှိ

**ပျော်ဘွယ် စက်တင်ဘာ ၂၁**

၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်သော မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ ဆည်၊ကန်များ၏ ဆည်ရေသောက်ဧရိယာများတွင် ယခုနှစ်အတွင်း မိုးရွာသွန်းမှု နည်းပါးခဲ့သော်လည်း ယခင်နှစ်မိုးနှောင်းကာလတွင် ဝင်ရောက်ခဲ့သောမိုးရေများကို ဆည်၊ ကန်များ၌ စနစ်တကျ သိုလှောင်ထိန်းသိမ်းနိုင်ခဲ့သောကြောင့် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေများလုံလောက်စွာ ပေးဝေနေကြောင်း သိရသည်။



ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဆည်၊ကန်များမှ ရေသောက်ဧရိယာများတွင် ယခင်နှစ်က မိုးစပါး ၉၀၉၈ ဧကသာ ပေးဝေနိုင်ခဲ့ပြီး ယခုနှစ်မိုးစပါး လျာထားဧက ၁၁၁၇၅ ဧကအနက်မှ ယနေ့အချိန်အထိ ၉၄၉၈ ဧကခန့်ကို စိုက်ပျိုးရေပေးနိုင်ခဲ့သည့်အတွက် လျာထားဧက၏ ၈၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေ ရရှိနေပြီး စက်တင်ဘာလကုန်ခန့်တွင် စီမံကိန်းလျာထားဧကအားလုံးကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ပျော်ဘွယ်မြို့နယ်အတွင်း အဓိကဆည်၊ ကန်များဖြစ်သည့် ချောင်းမကြီးဆည်၊ သဖန်းချောင်းဆည်၊ နတ်ကာဆည်၊ ကျောက်ဆည်ကန်၊ ယင်းတော်ကန်တို့မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ✻ မြန်မာ ယူ-၁၆ မှ

ပထမပိုင်းမှာပင် ၁၀ ဂိုးပြတ်အနိုင်ရနေသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို လေးမိနစ်တွင် ဇင်မာထွေး၊ ၅၊ ၇၊ ၁၈၊ ၂၁၊ ၃၈ မိနစ်တို့တွင် ဆွေမာအောင်၊ ၉၊ ၂၉၊ ၃၃ မိနစ်တို့တွင် မြတ်နိုးခင်၊ ၃၁ မိနစ်တွင် ဝေဖူးအိမ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပထမပိုင်းလောက် တိုက်စစ်ဆင်နိုင်ခြင်းမရှိတော့ဘဲ ၆၂ မိနစ်တွင် ပုံ့ပုံ့ပြည့်မောင်သွင်းယူသည့် တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။ နီပေါအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၇၀ တွင် သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းဂိုးထပ်ရနိုင်သည့် အခွင့်အရေးအချို့ထပ်ရသော်လည်း အသုံးမချနိုင်၍ ၁၁ ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် အုပ်စု (င) ၌ မြန်မာနှင့် ဖိလစ်ပိုင်အသင်းက ခြောက်မှတ်စီရထားပြီး မလေးရှားနှင့် နီပေါအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် ဖိလစ်ပိုင်နှင့် ကစားရမည်ဖြစ်ပြီး သရေကစားနိုင်ရုံဖြင့် ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက် ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့၏ပွဲကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-MFF**

## ○ ဝန်ကြီးဌာနပေါင်းစုံမှ

အဆိုပါ ၂၀၁၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဝန်ကြီးဌာနအသီးသီးမှ အမျိုးသားကိုးသင်းနှင့် အမျိုးသမီးငါးသင်းဖြင့် အမျိုးသားအားကစားသမား ၁၃၅ ဦး၊ အမျိုးသမီးအားကစားသမား ၆၈ ဦး စုစုပေါင်း အားကစားသမားအင်အား ၂၀၃ ဦးတို့သည် စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ နေ့စဉ် နံနက် ၉ နာရီမှ စတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် အားကစားကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## ❑ နောက်ဆုံးအချိန်ထိမှ

သာနေကာ အနိုင်ရရုံဖြင့် ချန်ပီယံဆုရယူနိုင်မည်ဖြစ်သည်။ တတိယနေရာအတွက် ဇွဲကပင်၊ ဟံသာဝတီ၊ ရတနာပုံ၊ တန်းဆင်းတစ်နေရာအတွက် စစ်ကိုင်းနှင့် GFA အသင်းတို့ အပြိုင်ဖြစ်နေသည်။ ယခုရာသီ အမှတ်ပေးပြိုင်ပွဲမှာ နောက်ဆုံးအချိန်အထိ စောင့်ကြည့်ရမည်ဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းများကို ဆက်လက်ကြည့်ရှုခံစားရမည်ဖြစ်သည်။

ပွဲစဉ် ၂၁ အပြီးတွင် ရန်ကုန်အသင်းက ၄၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၄၇ မှတ်၊ ဇွဲကပင်အသင်းက ၃၄ မှတ်၊ ဟံသာဝတီအသင်းက ၃၃ မှတ်၊ ရတနာပုံအသင်းက ၃၁ မှတ်၊ Southern အသင်းနှင့် မကွေးအသင်းက ရမှတ် ၃၀ စီ၊ ဧရာဝတီအသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ရမှတ် ၂၀၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်**

## ✻ ဆုဇူကီးပြိုင်ပွဲမှ

အုပ်စု(ခ)တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ပြိုင်ပွဲတွင် အုပ်စုပွဲများအနက် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ပွဲကို အိမ်ကွင်း၊ မလေးရှားနှင့် လာအိုပွဲကို အဝေးကွင်း ကစားရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အိမ်ကွင်းနှစ်ပွဲအနက် ကမ္ဘောဒီးယားနှင့်ပွဲကို မန္တလာသီရိကွင်း၊ ဗီယက်နမ်နှင့်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပခွင့်ရရန် အာဆီယံဘောလုံးအဖွဲ့ချုပ်ထံ တင်ပြခဲ့ရာ ဩဂုတ်လက ယင်းနှစ်ကွင်းစလုံးအား လာရောက်စစ်ဆေးခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ-ကမ္ဘောဒီးယားပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တောင်းဆိုသည့်အတိုင်း မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပခွင့်ပြုခဲ့သော်လည်း ကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် မန္တလာသီရိကွင်း၌ ကမ္ဘောဒီးယားအသင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ အမျိုးသားဘောလုံးကွင်း၌ လာအိုအသင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ ဗီယက်နမ်အသင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ဗီယက်နမ်ကို ရှုံးကာ ကျန်နှစ်သင်းကို အနိုင်ရပြီး ပြိုင်ပွဲအပြီးတွင် ပူးတွဲတတိယဆုရခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-စိုးညွန့်**

# ကမ်ပို နည်းပြ မွမ်းမံသင်တန်း အခမဲ့ သင်ကြားပို့ချ

**ရန်ကုန် စက်တင်ဘာ ၂၁** အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ရန်ကုန်မြို့တွင် ပထမဦးဆုံးဖွင့်လှစ်သည့် ဂျပန်နိုင်ငံ၏ Shorinji ကမ်ပို နည်းပြ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ကို ရန်ကုန်မြို့ အားကစားနှင့် ကာယပညာသိပ္ပံဝင်း ကမ်ပိုလေ့ကျင့်ရေးရုံတွင် စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်က "ကျွန်တော်က ၂၀၁၂ ခုနှစ်ကစပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တာပါ။ ခြောက်နှစ်တာကာလ ရှိခဲ့ပါပြီ။ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်က အသိအမှတ်ပြုခဲ့တဲ့အတွက် ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပတဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတုန်းက ကမ်ပိုအားကစားနည်းကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ ရွှေတံဆိပ်ဆုလည်းရခဲ့ပါတယ်။ ဒီကစားနည်းက အခြားကစားနည်းနဲ့မတူဘူး။ အဆင့်ခုနစ်ဆင့်လောက်ရှိတယ်။ ပထမအဆင့်မှာ သင်ခန်းစာ ၁၆၀ ရှိတယ်။ ဒုတိယအဆင့်မှာ သင်ခန်းစာ ၃၀၀ကျော် ရှိတယ်။ စာတွေ့၊ လက်တွေ့ သင်ကြားရပါတယ်" ဟု ပြောသည်။

"ခုလိုမွမ်းမံသင်တန်းကို ဂျပန်နိုင်ငံက ကမ္ဘာ့အဆင့်ရှိ နည်းပြချုပ်လေးဦးက အခမဲ့လာရောက်သင်ကြားပေးတာဖြစ်လို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ပထမအဆင့် အောင်မြင်ပြီးသူခြောက်ဦး၊ ဒုတိယအဆင့်အောင်မြင်သူ ၁၁ ဦး စုစုပေါင်း ၁၇ ဦး စာတွေ့၊ လက်တွေ့ သင်ကြားခွင့် ရရှိတာဖြစ်ပါတယ်။ ဒီသင်တန်းက ထူးချွန်သူနှစ်ယောက်ကို ဂျပန်နိုင်ငံ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်မှာ အဆင့်မြင့်သင်ကြားနိုင်ခွင့် မကြာမီ စေလွှတ်ဖို့ ရည်ရွယ်ထားပါတယ်" ဟု မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်က ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ စာတမ်း

**လေးစားအပ်တဲ့ -**

လွှတ်တော်ဥက္ကဋ္ဌကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်တော်များ၊ နိုင်ငံတကာသံတမန်များနှင့် ဖိတ်ကြားထားတဲ့ အထူးဧည့်သည်တော်များခင်ဗျား -

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားပြု တင်ပြသွားမယ့် ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ ဖြစ်ပါတယ်ခင်ဗျာ။ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ရဲ့ ဆောင်ပုဒ်က "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" (Let's all oversight)ပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဒီနေ့အခမ်းအနားမှာ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ စပ်လျဉ်းတဲ့ အမြင်နဲ့ သဘောထားများကို တင်ပြသွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား -**

ပြည်သူများအတွက် ပြည်သူများကိုယ်တိုင် ပါဝင်အုပ်စိုးရေးဖြစ်တယ်ဆိုတဲ့ ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြတဲ့ ဒီမိုကရေစီပဲဖြစ်ပါတယ်ခင်ဗျာ။ မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၂၀၀၈) ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ လွှတ်တော်အသီးသီးကို ဖွဲ့စည်းနိုင်ခဲ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်း ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးရာမှာ အနည်းစုက အများစုရဲ့ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာဖို့လိုသလို အများစုကလည်း အနည်းစုရဲ့ ဆန္ဒသဘောထားများကို အလေးထားကြရမှာ ဖြစ်ပါတယ်။ ONE FOR ALL, ALL FOR ONE လို့လည်း ဆိုကြပါတယ်။ အမိမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့အတွက်

(၁) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊
(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊
(၃) လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ခွင့်ရရှိရေးနှင့်
(၄) တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးတို့အတွက် အာမခံချက်များရှိသင့်တယ်လို့ မိမိတို့ပါတီက ခံယူပါတယ်။ အဆိုပါ ဦးတည်ရည်မှန်းချက်များကို ဖော်ဆောင်ရာမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုနဲ့ တိုင်းရင်းသားလူမျိုးအားလုံးတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ပေါင်းစပ်၍လိုသလို ပြည်နယ်တစ်ခုချင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ထောင်စုတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ သဟဇာတကျကျ ပေါင်းစပ်ဖော်ဆောင်သွားဖို့လိုကြောင်း



ဦးဂျေယောဝူ

> **ဦးတည်ရည်မှန်းချက်များကို ဖော်ဆောင်ရာမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုနဲ့ တိုင်းရင်းသားလူမျိုးအားလုံးတို့ရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ပေါင်းစပ်၍ လိုသလို ပြည်နယ်တစ်ခုချင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်ထောင်စုတစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ သဟဇာတကျကျ ပေါင်းစပ် ဖော်ဆောင်သွားဖို့လိုကြောင်း တင်ပြအပ်ပါတယ်။**

တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား -**

ပြည်သူအများအနေဖြင့် ဒီမိုကရေစီအနှစ်သာရများနှင့်အညီ အပြည့်အဝခံစားစေဖို့အတွက် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးတဲ့ နိုင်ငံဖြစ်စေရန်လိုအပ်သကဲ့သို့ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရန်လည်း လိုအပ်လှပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေမယ့် လွတ်လပ်ရေးရပြီး မကြာမီကာလမှစ၍ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့တာကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် နှစ်ကာလရှည်ကြာစွာဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခအဖုံဖုံ အနိဋ္ဌာရုံတွေကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရပါတယ်။ နိုင်ငံတစ်ဝန်း အနှံ့အပြားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကြီး ဖြစ်ထွန်းရေးဟာ မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူများအတွက် အခြေခံလိုအပ်ချက်ကြီးဖြစ်ပါတယ်။ အဲဒီ NCA ကို တိုင်းရင်းသားများလက်နက်ကိုင် အဖွဲ့အစည်းအားလုံးတို့က သဘောထားကြီးမားစွာ "ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေဆိုသလို" မနှေးအမြန် ပါဝင်သဘောတူလက်မှတ်ရေးထိုးကြပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အတူတကွ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဖြစ်ပွားခဲ့တဲ့၊ တစ်မျိုးသားလုံးရဲ့ အရေးဖြစ်လာနေတဲ့ စိန်ခေါ်မှုကြီးကို အားလုံးသိရှိနားလည်ခံစားပြီး မျှဝေကြရမှာဖြစ်ပါတယ်။ တစ်မျိုးသားလုံး၏ တာဝန်ဝတ္တရားကြီးလည်း ဖြစ်ပါတယ်။ ဒေသခံရခိုင်ပြည်သူများနှင့် အတူတကွ ရပ်တည်ပူးပေါင်းပေးကြပါစို့။ ဒါမှမဟုတ်ရင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ အန္တရာယ်အရှိဆုံး ခလုတ်တစ်ခုလည်းဖြစ်လာနိုင်တဲ့အတွက် နိုးကြားစွာနှင့် သတိချပ်ကြပါစို့။ တစ်ခါသေဖူးရင် ပျဉ်ဖိုးနားလည်ကြရတော့မှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဒီမိုကရေစီချစ်မြတ်နိုးသူအပေါင်းတို့ခင်ဗျား -**

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်စိုးတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကိုလည်း ကျင်းပနေကြပါတယ်။ အဆိုပါညီလာခံကြီးရဲ့ ဦးတည်ချက်ဟာ ငြိမ်းချမ်းရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေးဖြစ်ပါတယ်။ ဤဆောင်ရွက်မှုတွေဟာ နိုင်ငံတော်ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြီးမားစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မိမိတို့ပါတီအနေဖြင့် တိုင်းရင်းသားပြည်သူများ အားလုံးနှင့်အတူ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ "ALL INCLUSIVE ACTIVE PARTICIPATORY" လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှုဖြစ်စဉ်ကို ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" နိုင်ကြပါစေလို့ ဆုမွန်ကောင်းဖြင့် နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျား။

# သတ်မှတ်ကာလ လေးနှစ်ကျော်လွန်သည်အထိ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ၁၁၆၇၁၇၆ ဒသမ ၂၇ ဧက ပြန်လည်သိမ်းဆည်းပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၁**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)အား ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ရာ ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နည်းဥပဒေများကိုလည်း လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ဖို့လိုအပ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၁၄ ကြိမ်မြောက် အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များ စုံညီစွာတက်ရောက် ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၈ ခုနှစ်)နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြသည်။



ယနေ့ကျင်းပသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၁၄ ကြိမ်မြောက် အစည်းအဝေးတွင် စည်းကမ်းချက်သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ်ထုတ်ပေးနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၁၀/၂၀၁၈၊ ၁၂/၂၀၁၈ အစည်းအဝေး ဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းများအပေါ် ပြန်လည်တင်ပြလာသည့် လုပ်ငန်းစာတွဲနှင့်စပ်လျဉ်း၍လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထားမှတ်ချက် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ယခင်ဗဟိုအဖွဲ့က ခွင့်ပြုခဲ့ပြီးသတ်မှတ်ကာလ လေးနှစ်ကျော်လွန်သည်အထိ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ သိမ်းဆည်းမှုအဖြစ် ယနေ့အထိ ၁၁၆၇၁၇၆ ဒသမ ၂၇ ဧက ပြန်လည်သိမ်းဆည်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၁၉ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၉ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ငွေကျပ် ၅၀၀၊ ရိုးရိုးစက္ကူဖြင့် ငွေကျပ် ၃၅၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း- ၀၂-၃၀၁၈၆၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်အမှတ် ၁၇၃-၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၁၀၂ နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ဖတ်ကြားသည့် “ဝ” ဒီမိုကရက်တစ်ပါတီ၏ စာတမ်း

လေးစားအပ်ပါသော အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ “ဝ” ဒီမိုကရက်တစ်ပါတီမှ ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမှာ စာတမ်းကို ဖတ်ကြားတင်သွင်းခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပြီး ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယနေ့ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် အပြည်ပြည်ဆိုင်ရာ ပါလီမန်မှပေးပို့လာသော ဆောင်ပုဒ်ဖြစ်တဲ့ “ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး” ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အထက်ပါ ခေါင်းစဉ်ဟာ မိမိတို့နိုင်ငံအတွက် အလွန်အရေးပါသော အလေးထားလုပ်ဆောင်ရမည့် လုပ်ငန်းစဉ် ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းဖြင့် အပြန်အလှန်ထိန်းညှိဆောင်ရွက်လျက်ရှိပြီး မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၏ အဓိကမဏ္ဍိုင်ဟုလည်း ဆိုနိုင်ပါတယ်။ ဥပဒေပြုလွှတ်တော်များ စွမ်းရည်မြင့်မားပြီး ဒီမိုကရေစီစံနှုန်း အားကောင်းလာသည်နှင့်အမျှ ဒီမိုကရေစီစနစ်သည်လည်း အခြေခိုင်မြဲလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒီမိုကရေစီရှင်သန်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

**“ဥပဒေပြုလွှတ်တော်များ စွမ်းရည်မြင့်မားပြီး ဒီမိုကရေစီစံနှုန်း အားကောင်းလာသည်နှင့်အမျှ ဒီမိုကရေစီစနစ်သည်လည်း အခြေခိုင်မြဲလာမှာ ဖြစ်ပါတယ်”**



ဦးကျော်ဝင်း

ဒီမိုကရေစီစနစ်သည် ပြည်သူက ရွေးချယ်တင်မြှောက်အုပ်ချုပ်သောစနစ်ဖြစ်တဲ့အတွက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံတိုင်းတွင် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရန် လိုအပ်ပြီး ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ယုံကြည်လက်ခံကျင့်သုံးနိုင်မှသာ ဒီမိုကရေစီ၏ အနှစ်သာရပြည့်ဝတဲ့ လူ့ဘောင်ဘဝကို ရရှိနိုင်မှာဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီကျင့်စဉ်များ ခိုင်မာလာစေရေးအတွက် ဒီမိုကရေစီပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် လိုအပ်ပါတယ်။ လူတိုင်းမှာ ဒီမိုကရေစီကပေးသော အခွင့်အရေးနှင့် တာဝန်သိမှု၊ တာဝန်ယူမှုတို့ကို မျှတစွာ ဝိုင်းဝန်းထိန်းညှိကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီရှင်သန်ရေးအတွက် နိုင်ငံသားအားလုံး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုထိန်းညှိတဲ့အခါမှာ လူကို လူနဲ့၊ မူဝါဒကို မူဝါဒနဲ့၊ ကျင့်စဉ်ကို ကျင့်စဉ်နဲ့ ထိန်းကျောင်းဖို့ လိုအပ်ပါတယ်။

ဒီမိုကရေစီစံနှုန်းများကို မိမိတို့ကိုယ်တိုင် လက်တွေ့ပါဝင် ထိန်းညှိနိုင်မှသာ ဒီမိုကရေစီအသီးအပွင့်များ ပြည့်ဝစွာရရှိနိုင်မှာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်များသည် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ကျား၊ မ တန်းတူညီမျှခြင်းစတဲ့ ဒီမိုကရေစီရဲ့ အခြေခံမူများကို လိုက်နာကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီ ပိုမိုရှင်သန်လာမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီရဲ့ အခြေခံမူများအတိုင်း ပြည်သူများ လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီကို ဝိုင်းဝန်းထိန်းညှိ ပူးပေါင်းကာကွယ်သွားကြရမှာ ဖြစ်ပါတယ်။ သို့မှသာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးလာမှာဖြစ်ပြီး တိုင်းရင်းသားပြည်သူများအတွက် တန်းတူညီမျှမှု၊ အပြန်အလှန် လေးစားယုံကြည်မှု အားကောင်းသော ဒီမိုကရေစီစနစ် ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခါသမယတွင် တိုင်းရင်းသားပြည်သူများအားလုံး ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခြင်းဖြင့် ၂၀၁၈ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ဆောင်ပုဒ်ပါအတိုင်း အားလုံးဝိုင်းဝန်း ထိန်းညှိဆောင်ရွက်ကြခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးကို တည်ဆောက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်**

**ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့်သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့်(၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရလျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့်ချေးငွေများထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့်အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တရားစီရင်ရေးနှင့် တရားစီရင်ရေးသဘောသက်ရောက်သောဆောင်ရွက်မှုများ

လွင်သွင်ဦး

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ဖွဲ့စည်းတည်ထောင်ခဲ့သော တရားရုံးများ ရှိခဲ့ပါသည်။ ဤဆောင်းပါးတွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်း အာဏာတည်ပြီးနောက် ဖွဲ့စည်းတည်ထောင်ထားသော တရားရုံးများအကြောင်းကိုသာ ဖော်ပြလိုပါသည်။

**၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်သော တရားရုံးများ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၆)၊ တရားစီရင်ရေးကဏ္ဍတွင် တရားရုံးများဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၉၃ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာရုံးများကို အောက်ပါအတိုင်း ဖွဲ့စည်းသည်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၊

(ခ) စစ်ဘက်ဆိုင်ရာတရားရုံးများ၊

(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

နိုင်ငံတော်တွင် ဖြစ်ပွားသောပြစ်မှုများ၊ တရားမမှုများကိုစစ်ဆေးစီရင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ၎င်း၏လက်အောက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော တရားရုံးများကို ဖွဲ့စည်းတည်ထောင်ထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဦးရေအနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်ပါသည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်ကို ခန့်အပ်ပါသည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်သင့်သည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ဦးရေအနည်းဆုံး သုံးဦးမှ အများဆုံး ခုနစ်ဦးအထိ ခန့်အပ်နိုင်ပါသည်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့နှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကို ခန့်အပ်ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့ရမည်။ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများကို ခန့်အပ်ပါသည်။

> “လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသော အငြင်းပွားမှုများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရပါသည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်ပါက အဆိုပါဥပဒေနှင့်အညီ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ရောက်နိုင်ပါသည်။ ထို့ကြောင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသော အငြင်းပွားမှုများကို စစ်ဆေးကြားနာဆုံးဖြတ်ခြင်းသည် တရားစီရင်ရေး အာဏာအရ တရားရုံးက ဆောင်ရွက်ခြင်းမဟုတ်ပါ။ တရားစီရင်ရေးသဘောသက်ရောက်သောဆောင်ရွက်မှုဖြစ်ပါသည်။”

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမရှိလျှင်

(၁) ခရိုင်တရားရုံးများ။

(၂) မြို့နယ်တရားရုံးများ။

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရှိလျှင်

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၌

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊

(ခ) မြို့နယ်တရားရုံးများ၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး၊

(ခ) မြို့နယ်တရားရုံးများ၊

(၃) ကျန်ဒေသများ၌

(က) ခရိုင်တရားရုံးများ၊

(ခ) မြို့နယ်တရားရုံးများ၊

- ပြည်ထောင်စုနယ်မြေ၌

(၁) ခရိုင်တရားရုံးများ၊

(၂) မြို့နယ်တရားရုံးများ၊

“ဥပဒေအရတည်ထောင်ထားသော အခြားတရားရုံးများ”ဟု အဆင့်ဆင့်သောတရားရုံးများကို တည်ထောင်ထားပါသည်။

ဥပဒေအရတည်ထောင်ထားသော အခြားတရားရုံးများဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော “ကလေးသူငယ်တရားရုံးများ၊ စည်ပင်သာယာတရားရုံးများ၊ မော်တော်ယာဉ်တရားရုံးများ” စသည်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။

အထက်တွင်တင်ပြခဲ့သောတရားရုံးများတွင် ပြည်ထောင်စုတရားသူကြီးချုပ်က ဥပဒေနှင့်အညီခန့်ထားသော တရားရေးဝန်ထမ်းများက တရားသူကြီးများအဖြစ် ဆောင်ရွက်ပါသည်။

**စစ်ဘက်ဆိုင်ရာတရားရုံးများ**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃၊ ပုဒ်မခွဲ (ခ) အရ စစ်ဘက်ဆိုင်ရာတရားရုံးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေအရ ဖွဲ့စည်း၍ တပ်မတော်သားများအတွက် တရားစီရင်ရပါသည်။ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေနှင့် နည်းဥပဒေများအရ စစ်ဘက်ဆိုင်ရာတရားရုံးများကို ဖွဲ့စည်းပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၃ အရ စစ်ဘက်တရားစီရင်ရာတွင်-

(က) တပ်မတော်သားများအတွက် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းထားပါသည်။ နိုင်ငံတော်သမ္မတက ရွေးချယ်သည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင် သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင် သုံးဦး စုစုပေါင်း ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်စာရင်းကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူပြီး ခန့်အပ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိစိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့်တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့်ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့်လုပ်ငန်းတာဝန်များ။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် တရားရုံးအမျိုးအစားတစ်ခုဖြစ်သော်လည်း ပြည်သူများအကြား ဖြစ်ပွားသောပြစ်မှုများ၊ တရားမမှုများကို စစ်ဆေးစီရင်သည့် တရားရုံးမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကိုသာ ကြားနာစစ်ဆေး ဆုံးဖြတ်သည့်ရုံးဖြစ်ပါသည်။

**တရားစီရင်ရေးသဘောသက်ရောက်သည့် ဆောင်ရွက်မှုများ (Quasi Judicial Function)**

ပြည်သူများအကြား ဖြစ်ပွားသောပြဿနာများ၊ အငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းဆောင်ရွက်သည့် တရားစီရင်ရေးသဘောသက်ရောက်သောဆောင်ရွက်မှုများရှိပါသည်။

**အနုညာတခုံရုံးဖြင့် စီရင်ဆုံးဖြတ်ခြင်း(Arbitration)**

အနုညာတခုံရုံးဖြင့် စီရင်ဆုံးဖြတ်ခြင်းဆိုသည်မှာ အငြင်းပွားသူများက သဘောတူရွေးချယ်ခန့်အပ်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ တရားရုံးများနှင့် ခြားနားသည်မှာ တရားရုံးများသည် နိုင်ငံတော်ကခန့်အပ်သော တရားသူကြီးများက စီရင်ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ အနုညာတခုံရုံးမှာ အငြင်းပွားသူများက ကြိုက်နှစ်သက်သောပုဂ္ဂိုလ်ကို ခုံသမာဓိအဖြစ်ခန့်အပ်ပြီး အဆုံးအဖြတ်ခံယူခြင်း ဖြစ်ပါသည်။ အနုညာတခုံရုံးဖြင့်စီရင်ဆုံးဖြတ်ခြင်းမှာ အငြင်းပွားသူများသည် မိမိတို့နှစ်သက်ရာပုဂ္ဂိုလ် ရွေးချယ်ခန့်ထားနိုင်ပြီး နှစ်သက်ရာနေရာတွင် စစ်ဆေးစီရင်နိုင်ပါသည်။ တရားရုံးမှာမူ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတွင်သာ စွဲဆိုနိုင်ပြီး တရားသူကြီးနှင့် တရားရုံးတို့ကို ရွေးချယ်ပိုင်ခွင့်မရှိပါ။ အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို အငြင်းပွားသူများကလိုက်နာရန် တာဝန်ရှိပါသည်။ တရားရုံးဆုံးဖြတ်ချက်ကဲ့သို့ အာဏာသက်ရောက်ပါသည်။ သို့ရာတွင် ပြစ်မှုများတွင် အနုညာတနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်၍မရပါ။ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၅/၂၀၁၆ ဖြင့် ၅-၁-၂၀၁၆ ရက်နေ့က ပြဋ္ဌာန်းခဲ့သော “အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ”အရ လိုက်နာဆောင်ရွက်ရပါသည်။

**လယ်ယာမြေစီမံခန့်ခွဲမှုကိစ္စများ**

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့် အယူခံခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၂ ဖြင့် ၃၀-၃-၂၀၁၂ နေ့က ပြဋ္ဌာန်းခဲ့သော “လယ်ယာမြေဥပဒေ”အရ ဆောင်ရွက်ရပါသည်။ အဆိုပါဥပဒေအရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းပါသည်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ကို ဖွဲ့စည်းပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသော အငြင်းပွားမှုများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း ပြုရပါသည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်ပါက အဆိုပါဥပဒေနှင့်အညီ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ရောက်နိုင်ပါသည်။ ထို့ကြောင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းသော အငြင်းပွားမှုများကို စစ်ဆေးကြားနာဆုံးဖြတ်ခြင်းသည် တရားစီရင်ရေးအာဏာအရ တရားရုံးက ဆောင်ရွက်ခြင်းမဟုတ်ပါ။ တရားစီရင်ရေးသဘောသက်ရောက်သော ဆောင်ရွက်မှုဖြစ်ပါသည်။

**အလုပ်သမားရေးရာအငြင်းပွားမှုများဖြေရှင်းခြင်း**

အလုပ်သမားရေးရာအငြင်းပွားမှုများကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၂ ဖြင့် ၂၈-၃-၂၀၁၂ နေ့ကပြဋ္ဌာန်းခဲ့သော “အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ” ဖြင့် ဖြေရှင်းရပါသည်။ ထိုသို့ဖြေရှင်းရန်အတွက် ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ စသည်တို့ကို ထိုဥပဒေအရ ဖွဲ့စည်းပါသည်။ အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများနှင့် အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များအကြား အငြင်းပွားမှုဖြစ်ပွားလျှင် ထိုဥပဒေအရပြဋ္ဌာန်းထားသော ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ စသည်တို့ကို အဆိုပါဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တင်ပြပြီး ညှိနှိုင်းဖျန်ဖြေပါသည်။ ညှိနှိုင်းဖျန်ဖြေ၍ ပြေလည်မှုမရရှိပါက ခုံသမာဓိအဖွဲ့သို့ ဥပဒေနှင့်အညီ တင်ပြပြီး အဆုံးအဖြတ်ခံယူရမည် ဖြစ်ပါသည်။ ထိုသို့ အလုပ်သမားရေးရာအငြင်းပွားမှုများကို ဖြေရှင်းခြင်းအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်မှုများသည် တရားစီရင်ရေးအာဏာအရဆောင်ရွက်ခြင်းမဟုတ်ဘဲ တရားစီရင်ရေးသဘောသက်ရောက်သည့် ဆောင်ရွက်မှုများ ဖြစ်ပါသည်။

**စာမျက်နှာ ၉ သို့** ■

# ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Pre-Production) ကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ" (Film Development Centre) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများရိုက်ကူးထုတ်လုပ်ရာတွင် အတွေ့အကြုံများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



၂၁-၇-၂၀၁၈ ရက်နေ့က ဖွင့်လှစ်ခဲ့သော ရန်ကုန်မြို့ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအား တွေ့ရစဉ်။

■ စာမျက်နှာ ၈ မှ

**အခွန်အယူခံခုံအဖွဲ့**

အခွန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေအမှတ် ၂၃/၂၀၁၈ ဖြင့် (၁-၈-၂၀၁၈) ရက်နေ့တွင် "အခွန်အယူခံခုံအဖွဲ့ဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေအရသက်ဆိုင်ရာ ပြည်တွင်းအခွန်များကို တာဝန်ယူကောက်ခံသည့်ဌာနများကချမှတ်သည့် အခွန်ဆိုင်ရာအမိန့်ကို မကျေနပ်၍သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနကချမှတ်သည့် အခွန်ဆိုင်ရာအမိန့်ကို မကျေနပ်၍သော်လည်းကောင်း၊ အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက ချမှတ်သည့်အခွန်ဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်တစ်ခုခုအပေါ် မကျေနပ်၍သော်လည်းကောင်း ခုံအဖွဲ့ထံအယူခံသည့် အမှုများကိုအခွန်အယူခံခုံအဖွဲ့သို့ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုများ လျှောက်ထားနိုင်ပါသည်။ ထိုသို့ဆောင်ရွက်သောကိစ္စများသည် တရားစီရင်ရေးသဘော သက်ရောက်သော ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

**ဝန်ထမ်းစည်းကမ်းဆိုင်ရာအရေးယူခြင်း(ဌာနဆိုင်ရာအရေးယူခြင်း)**

နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သောဝန်ထမ်းစည်းကမ်းဆိုင်ရာ ဖောက်ဖျက်မှုများကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၃ ဖြင့် ၈-၃-၂၀၁၃ ရက်နေ့က ပြဋ္ဌာန်းခဲ့သော "နိုင်ငံ့ဝန်ထမ်းဥပဒေ"အရ အရေးယူဆောင်ရွက်ရပါသည်။ ဝန်ထမ်းစည်းကမ်းဆိုင်ရာအရေးယူဆောင်ရွက်မှုများကိုအဆိုပါဥပဒေနှင့် သက်ဆိုင်ရာနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများတွင် ပြဋ္ဌာန်းချက်များနှင့်အညီ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု၊ အရေးယူဆောင်ရွက်မှု၊ ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်းတို့ကိုဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ တရားစီရင်ရေးအာဏာအရ ဆောင်ရွက်ခြင်း၊ တရားစီရင်ရေးသဘောသက်ရောက်သော ဆောင်ရွက်ခြင်းမဟုတ်ပါ။ ဝန်ထမ်းများအတွက် ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းအရ အရေးယူခြင်းသာဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်ရာ၌ အဆိုပါဖောက်ဖျက်မှုသည် ပြစ်မှုမြောက်သည်ဆိုပါက သက်ဆိုင်ရာဥပဒေအရ တရားရုံးတွင် တရားစွဲဆိုနိုင်ပါသည်။ ဥပမာအားဖြင့် ဝန်ထမ်းတစ်ယောက်သည် ဌာနဆိုင်ရာငွေကိုအလွဲသုံးစားပြုသည်ဆိုပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူနိုင်သည့်အပြင် အဆိုပါ အလွဲသုံးစားမှုအတွက် တရားရုံးတွင်လည်း တရားစွဲဆိုနိုင်ပါသည်။

လူ့အဖွဲ့အစည်းတွင် ကြုံတွေ့နေရသောအငြင်းပွားမှုများ၊ ပြဿနာများသည် တရားရုံးများတွင်ပြစ်မှုကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်များလည်းရှိပါသည်။ ထို့ပြင် အထက်တွင်တင်ပြခဲ့သောနည်းလမ်းများဖြင့် ဖြေရှင်းနိုင်သည်များလည်းရှိပါသည်။ တရားရုံးဆိုရာတွင်လည်း အမျိုးအစားခွဲခြားထားပါသည်။ သက်ဆိုင်သောတရားရုံးတွင် စွဲဆိုရမည်ဖြစ်ပါသည်။ တရားရုံးအမျိုးအစားများ၊ တရားစီရင်ရေးသဘောသက်ရောက်သော ဆောင်ရွက်မှုများကို သိနားလည်ခြင်းအားဖြင့် မှန်ကန်သောဖြေရှင်းဆောင်ရွက်မှုများကို ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# မြို့ကြီးနှစ်မြို့၌ အပျော်တမ်းလိဂ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ အပျော်တမ်းလိဂ်ဘောလုံးပြိုင်ပွဲ MFF Amateur League 2018 ကို ရန်ကုန်နှင့် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအဆင့်အတန်းမြင့်မားလာရန်၊ ဘောလုံးသမားကောင်းများ ထွက်ပေါ်လာရန်နှင့် အပျော်တမ်းဘောလုံးအဆင့်အတန်းတိုးတက်ရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ပြိုင်ပွဲကို အပျော်တမ်းအသင်းများအတွက် ကျင်းပပေးလျက်ရှိသည့် We Are One Cup 2018 ပြိုင်ပွဲအားအခြေခံကျင်းပမည်ဖြစ်ပြီး လာမည့်နှစ်မှသာ အသင်းအရေအတွက် ပိုမိုတိုးမြှင့်ကျင်းပမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည့် အထက်မြန်မာပြည်ဇုန် (မန္တလေး)မှ ပြိုင်ပွဲဝင် အသင်းပေါင်း ရှစ်သင်းနှင့် အောက်မြန်မာပြည်ဇုန် (ရန်ကုန်)တွင် ပြိုင်ပွဲဝင် အသင်းပေါင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဇုန်နှစ်ခုခွဲ၍ ယှဉ်ပြိုင်မည်ဖြစ်ကာ ချန်ပီယံနှစ်သင်း ထွက်ပေါ်လာမည်ဖြစ်သည်။ ယခုနှစ် အောက်တိုဘာ ၆ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် ဇုန်နှစ်ဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ ပို့စကတ်ပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပို့စကတ်ပြိုင်ပွဲကို "တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းထားသည့် ပို့စကတ်များဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စည်းကမ်းချက်များအနေဖြင့် ပြိုင်ပွဲဝင်ပို့စကတ်အရွယ်အစားမှာ ရှစ်လက်မ × ၁၀ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ကာ ဓာတ်ပုံအရွယ်အစား ရှစ်လက်မ × ၁၀ လက်မ ပို့စကတ်ကို Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ပို့စကတ်များကို ကွန်ပျူတာ ဂရပ်ဖစ်ဒီဇိုင်း၊ ပန်းချီ၊ ဓာတ်ပုံတို့ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယှဉ်ပြိုင်ရာတွင် တခြားသူရေးဆွဲရိုက်ကူးထားသော ပန်းချီ၊ ဓာတ်ပုံများကို မိုငြမ်းကိုးကားဖန်တီးမည်ဆိုပါက ကာယကံရှင်၏ ခွင့်ပြုချက်ပါရှိရမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်ပို့စကတ်များသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ ပန်းချီ၊ ဂရပ်ဖစ်ဒီဇိုင်းများ မဖြစ်စေရဘဲ ကိုယ်တိုင်ဖန်တီးရိုက်ကူးရေးဆွဲခြင်း သို့မဟုတ် မိုငြမ်းကိုးကား ဖန်တီးရိုက်ကူးရေးဆွဲထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြိုင်ပွဲဝင်ပို့စကတ်များကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပို့စကတ်တိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ပို့စကတ်၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ကာ တစ်ပါတည်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း ငါးသောင်း၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်ပို့စကတ်များကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၃၄၀၊ ၀၁-၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ပြီး အဆိုပါနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ပို့စကတ်များကို ပြိုင်ပွဲဝင် ပို့စကတ်အဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Yangon Expo & Thai Products Fair ကုန်စည်ပြပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံကြား ချစ်ကြည်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး ပိုမိုတိုးတက် ခိုင်မာစေရန်ရည်ရွယ်၍ Yangon Expo & Thai Products Fair 2018 ကုန်စည်ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာမှ ကုန်ပစ္စည်းများအပြင် ထိုင်းနိုင်ငံရှိ ပင်ရင်းကုမ္ပဏီကြီးများ၊ စက်ရုံကြီးများ၊ လက်ကားလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းဖြန့်ဖြူးရန်အတွက် ကိုယ်စားလှယ်ပေးလိုသော လုပ်ငန်းရှင်များက ပြခန်း ၁၅၀ ကျော်ဖြင့် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ ပြသရောင်းချသွားမည်ဖြစ်သည်ဟု သိရသည်။



ပြခန်းများအနေဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များ၊ ဆေးဝါးများ၊ ပရိဘောဂများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းသုံး ဆေးနှင့်ဆက်စပ်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စားသောက်ကုန်များ အစရှိသည်တို့ကို အထူးလျှော့ဈေးများ၊ အပိုလက်ဆောင်များ၊ ကံစမ်းမဲအစီအစဉ်များဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုထက်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဖလမ်းမြို့၌ ကလေးစာပေပွဲတော် ကျင်းပမည်

**ဖလမ်း စက်တင်ဘာ ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် ဖလမ်းခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖလမ်းမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ကလေးစာပေပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ကလေးစာပေပွဲတော်တွင် အခြေခံပညာကျောင်းများမှ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ စသည့်ပြိုင်ပွဲများကျင်းပ၍ ဆုများချီးမြှင့်ခြင်း၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းတို့ကိုကျင်းပကာ ဆုလက်ဆောင်များပေးအပ်ခြင်း၊ ကလေးစာပေပြခန်းများ ခင်းကျင်းပြသဆောင်ရွက်ပေးခြင်း၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချပေးခြင်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ကလေးစာပေပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီမှ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးရှိန်းတမ်က ပြောသည်။

**ဇိုဟေဆာ**

# ဝါးတန်း-ဒလ ကူးတို့ခရီးစဉ်လမ်းကြောင်းတွင် အောက်တိုဘာ ၁ ရက်မှစတင်၍ ဇက်ရေယာဉ်တစ်စင်း တိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်မြို့မှ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး အစရှိသော မြစ်ဝကျွန်းပေါ်ဒေသများသို့ သွားလာရာတွင် ဝါးတန်းမော်တော်ယာဉ်ကူးတို့ဆိပ်မှတစ်ဆင့် တစ်ဖက်ကမ်းဒလသို့ ကူးတို့ဇက်ရေယာဉ်ကို အသုံးပြုသွားလာနေသည့် ခရီးသည်များ သွားလာမှုပိုမိုအဆင်ပြေစေရန်နှင့် အချိန်ပေးရမှုပိုမိုသက်သာစေရန်ရည်ရွယ်၍ လက်ရှိပြေးဆွဲပေးနေသော ဇက်ရေယာဉ်တစ်စင်းအပြင် နောက်ထပ်တစ်စင်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ရေကြောင်းခရီးလမ်းတွေသွားလာဖို့အတွက် အဓိကဦးဆောင်ပြီးလုပ်နေသလို ဈေးကွက်ရှာဖွေမှုတွေ၊ လက်ရှိခရီးစဉ်လမ်းကြောင်းတွေ တိုးတက်အောင်လုပ်ဆောင်မှုတွေကို ပြုလုပ်နေပေမယ့် ပြောင်းလဲလာတဲ့ ပို့ဆောင်ရေးစနစ်တွေနဲ့အတူ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ကျဆင်းလာမှုရှိတာတွေ့ရတယ်။ ဘာတွေပြောင်းလဲလာလဲဆိုတော့ အဓိကက ကုန်းလမ်းပို့ဆောင်ရေးတွေ တိုးတက်လာတဲ့အတွက်ကြောင့် ရေကြောင်းနဲ့ခရီးသွားလာမှု ကျဆင်းလာတာတွေ့ရတယ်။

ဒါပေမယ့် ရန်ကုန်ကနေ တစ်ဖက်ကမ်းမှာရှိတဲ့ ဒလ၊ တွံတေးဘက်ကို သွားမယ်ဆိုရင် ဘုရင့်နောင်တံတားကနေဖြတ်ပြီး လှိုင်သာယာဘက်ကသွားတဲ့အခါ ကားပိတ်တာနဲ့ဆိုရင် အချိန်သုံးနာရီကျော်လောက် ကြာနိုင်တယ်။ ဝါးတန်းဆိပ်ကနေ ကူးတို့နဲ့သွားရင်တော့ အချိန်တစ်နာရီလောက်ပဲကြာတာဖြစ်လို့ ဒီခရီးစဉ်လမ်းကြောင်းကို အသုံးပြုသွားလာနေတဲ့ မိဘပြည်သူတွေ အရင်ထက်ပိုမိုအဆင်ပြေချောမွေ့စွာ၊ အချိန်ကုန်သက်သာစွာ သွားရောက်နိုင်ဖို့အတွက် လာမယ့် အောက်တိုဘာ ၁ ရက်ကစပြီး ဇက်ရေယာဉ်တစ်စင်းကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာနမှ ဌာနမှူး ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကိုအောင်က ပြောသည်။



**လက်ရှိကာလ ဝါးတန်း-ဒလ ခရီးစဉ်ပြေးဆွဲနေသည့် ဇက်ရေယာဉ်အားတွေ့ရစဉ်။**

"ဝါးတန်း-ဒလ ကူးတို့ခရီးစဉ်က တစ်နာရီပဲကြာတယ်။ အဲဒီလိုသွားပြီးရင် ဒလကနေ တွံတေးကို ကားနဲ့သွားရင် နာရီဝက်လောက်ပဲကြာပြီး တခြားမြို့တွေကို ဆက်သွားလို့ အဆင်ပြေသွားပြီ။ အဲဒီဘက်သွားတဲ့ လိုင်းကားတွေ တော်တော်များများကလည်း ကူးတို့နဲ့ကူးပြီးသွားတာများပါတယ်။ အခုနောက်ပိုင်း အိမ်စီးကား ကိုယ်ပိုင်ယာဉ်ငယ်တွေလည်း ဒီဘက်ကပဲသွားတာများလာပါတယ်။

အဲဒီလိုများလာတဲ့အခါကျတော့ ဇက်တစ်စင်းတည်းကို စောင့်နေရတာ အဆင်မပြေဖြစ်လာတယ်။ အချိန်ပိုပြီးစောင့်လာရတယ်ပေါ့။ အခုလို နှစ်စင်းပြေးဆွဲမယ်ဆိုရင်တော့ အရင်က တစ်နာရီစောင့်ရမယ့်ဟာက အခုနာရီဝက်လောက်ပဲစောင့်ရမယ့်အနေအထား ဖြစ်သွားတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုတိုးချဲ့ပြေးဆွဲမည့်အစီအစဉ်တွင် ဝါးတန်းဆိပ်တွင် တစ်စင်း၊ ဒလဘက်ကမ်းတွင် တစ်စင်းထားရှိပြီး နံနက် ၅ နာရီခွဲတွင် တစ်ပြိုင်တည်းပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယခင်က တစ်စင်းတည်းဖြစ်သည့်အတွက် တစ်ရက်လျှင် အများဆုံး ၁၁-၁၂ ခေါက်သာ ပြေးဆွဲနိုင်ပြီး ညနေ ၆ နာရီအထိ ပြေးဆွဲခဲ့ကြောင်း၊ ယခုအစီအစဉ်တွင် နံနက် ၅ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ ၁၅ ခေါက်နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ပြီး လိုအပ်ချက်များရှိလာပါက အခေါက်ရေ ပိုမိုတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာနမှ သိရသည်။

"အခုနောက်ပိုင်းကာလတွေမှာ ကားလမ်းတွေက ကောင်းလာတော့ လိုင်းကားတွေကို အသုံးပြုသွားလာမှုက ပိုများလာတယ်။ အခုတော့ နာရီပိုင်းအတွင်း သွားလာလို့ရနေပြီ။ ကူးတို့နဲ့ သွားတဲ့အတွက်ကြောင့် တခြားတစ်ဖက်မှာယာဉ်ကြောပိတ်ဆို့မှုတွေလည်း အထိုက်အလျောက် သက်သာသွားနိုင်ပါတယ်။ အကယ်၍ အရင်က လှိုင်သာယာဘက်မှာ အစီး ၁၀၀ လောက် သွားတာကနေ အခု ဒီဘက်ကို အစီး ၃၀ လောက် ရောက်လာတယ်ဆိုရင်တောင် အစီး ၃၀ စာ ကျပ်တည်းမှု လျော့နည်းသွားနိုင်တာပေါ့။ လမ်းကြောင်းနှစ်ခုစလုံးကို ကိုယ်တိုင်မောင်းကြည့်ပြီးတော့မှ ကြုံတွေ့ရတဲ့အခြေအနေပေါ်မူတည်ပြီး အခုလိုတိုးချဲ့ပြေးဆွဲဖို့ လုပ်ဆောင်ဖြစ်တာပါ" ဟု ဦးဝင်းကိုအောင်က ပြောသည်။

ဝါးတန်း-ဒလ မော်တော်ယာဉ် ကူးတို့ခရီးစဉ်လမ်းကြောင်းတွင် မော်တော်ယာဉ်တင်ဆောင်ခများကို သတ်မှတ်ယာဉ် အမျိုးအစားများအလိုက် နဂိုကောက်ခံသည့်နှုန်းထားထက် ငွေကျပ် ၅၀၀ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ကောက်ခံရာတွင် မော်တော်ယာဉ်အတွက်သာပါဝင်ပြီး ယာဉ်ပေါ်တွင်ပါရှိသော အရာများအတွက် တိုးမြှင့်ကောက်ခံသွားမည်မဟုတ်ကြောင်း၊ စက်သုံးဆီ ဈေးနှုန်းများမြင့်တက်မှုကြောင့် ဈေးနှုန်းတိုးမြှင့်ကောက်ခံ ရခြင်းသာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာနအနေဖြင့် ကူးတို့ဇက်ရေယာဉ်ပြေးဆွဲမှုကို ၁၉၈၀ ပြည့်နှစ်ကျော်ကာလကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုစဉ်ကာလက လူသိနည်းခြင်းကြောင့် အသုံးပြုမှုနည်းပါးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိကာလတွင် မောင်းတက်၊ မောင်းဆင်းပြုလုပ်နိုင်သည့် ဇက်ရေယာဉ်အမျိုးအစားဖြင့် (Ro Ro Ferry)ဖြင့် ပြေးဆွဲပေးနေကြောင်း၊ အောက်တိုဘာ ၁ ရက်မှစတင်၍ နောက်ထပ်တစ်စင်းတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ပြေးဆွဲနေသည့် ရေယာဉ် တစ်စင်းစင်း စက်ချို့ယွင်းမှုဖြစ်ပေါ်ပါက အစားထိုး ပြေးဆွဲရန်အတွက် အရန်ရေယာဉ်တစ်စင်းထားရှိထားခြင်းကြောင့် စုစုပေါင်း ရိုးရိုးရေယာဉ် သုံးစင်းရှိကြောင်း အဆိုပါဌာနမှ သိရသည်။

**သတင်း-ရာမညာ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းနှင့် ရေမိုင်လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံး ကွပ်ကဲမှုအောက် မှတ်တိုင်(၅၁)ကင်းစခန်းမှ ဒုတိယရဲအုပ်မြင့်မောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Panchari ကင်းစခန်းမှ Naib Subedar Md.Salim Miah ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန်၊ လမ်းပြများသည် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်မှ ၁၁ နာရီ ၄၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၅၁ မှ ၅၁/၅ ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၈ နာရီခွဲမှ ၁၂ နာရီ မိနစ် ၄၀ အထိ မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တောင်ပြို(ယာ) နယ်မြေရဲစခန်းမှ ရဲအုပ် ကျော်ဇောဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄)နယ်ခြားစောင့်တပ် Rejuamtoli ကင်းစခန်းမှ Subedar Md. Delowar Hossain ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် စကားပြန်တစ်ဦးတို့သည် မိမိတို့ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၃၉ မှ ၄၀ အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်က မောင်တောမြို့ နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်ရင် ဦးစီးသည့် တပ်ဖွဲ့များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ် ၀၀၁၊ ၀၀၅ နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Subedar Ab Razzak ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့် လည်းကောင်း မင်္ဂလာကြီးချောင်းဝထိပ် နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်အနီး ရေမိုင်အမှတ်(၈)၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်



ခဲ့ရာ ဦးရှည်ကျချောင်းဝအနီး ရေမိုင်အမှတ် ၁၁ သို့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရောက်ရှိပြီး ရေယာဉ်အမှတ် ၀၀၅ ပေါ်၌ နှစ်ဖက်ညှိနှိုင်း ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**




# တော်ဝင်ရတနာ မူလတန်းကြိုကျောင်း ရင်သွေးငယ်များ၏ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

တော်ဝင်ရတနာ မူလတန်းကြိုကျောင်း ရင်သွေးငယ်များ၏ ကျောင်းတွင်းဉာဏစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါမူလတန်းကြိုကျောင်း၌ ကျင်းပရာ ရင်သွေးငယ်များက စုပေါင်းသီချင်း သီဆိုခြင်း၊ ကဗျာရွတ်ဆိုခြင်းနှင့် ပုံပြောခြင်းတို့ဖြင့် ပျော်ပျော်ပါးပါး ပါဝင်ယှဉ်ပြိုင်ကြသည်။

ရင်သွေးငယ်များကို ရိုသေလေးစားတတ်သူ၊ ယုံကြည်မှုရှိသူ၊ ရည်မှန်းချက်ထားတတ်သူ၊ အမှန်တရားကို ကိုးကွယ်တတ်သူ၊ သနားမေတ္တာထားတတ်သူနှင့် ပေးကမ်းရက်ရောသူများဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တော်ဝင်ရတနာ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

မူကြိုအရွယ် ကလေးငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် စိတ်ဓာတ် ဘက်စုံဖွံ့ဖြိုးရေးအတွက် စနစ်တကျပြုစုပျိုးထောင်ပေးရန်၊ ရင်သွေးငယ်များသည် ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ရင်သွေးငယ်များသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်နှင့် ဗဟုသုတအခြေခံကောင်းများဖြင့် မူလတန်းကျောင်းများသို့ ဝင်ရောက်နိုင်စေရေးအတွက် ပျိုးထောင်ပေးရန် ရည်ရွယ်ချက်များဖြင့် မူလတန်းကြိုကျောင်းများကို ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မော်စီ**

# ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　စက်တင်ဘာ　　၂၁

**ပြည်ထောင်စုလယ်သမား၊ အလုပ်သမား အင်အားစုပါတီဥက္ကဋ္ဌ ဦးမင်းသူက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ပြည်ထောင်စုလယ်သမား၊ အလုပ်သမား အင်အားစုပါတီဥက္ကဋ္ဌ ဦးမင်းသူ

လေးစားမြတ်နိုးရပါသော ကျေးဇူးရှင်တောင်သူလယ်သမားဦးကြီးများနှင့် လုပ်သားပြည်သူမိဘအပေါင်းတို့ခင်ဗျာ

ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာအထိ ကိုယ်စိတ်နှစ်ပါးရွှင်လန်း နိုးကြားပျော်ရွှင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးမင်းသူပဲဖြစ်ပါတယ်။

ကျွန်တော် ပထမဦးဆုံး ကျေးဇူးတင်စကား ပြောကြားလိုတာကတော့ ကျေးဇူးရှင်လယ်သမားဦးကြီးများ စိုက်ပျိုးသော ဆန်ကိုစားပြီး ပါတီဥက္ကဋ္ဌဖြစ်လာခြင်းနှင့် နိုင်ငံရေးတွင် လူငယ်များ ရွပ်ရွပ်ချွံချွံ ပါဝင်ခွင့်ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး၊ နိုင်ငံတော်သမ္မတကြီးနှင့်အတူ ကျွန်တော်တို့ပါတီ၏ အမှတ်တံဆိပ် အဓိပ္ပာယ်နှင့် မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြခွင့်ပေးထားသော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအားလုံးနှင့် နားသောတဆင်ပေးသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ရပါတယ်ခင်ဗျား။

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီကို ၂၉-၄-၂၀၁၅ ရက်နေ့တွင် ပါတီတည်ထောင်ခွင့်လျှောက်ထားပြီး (၄-၈-၂၀၁၅) ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ် (၉၉) ဖြင့် ပါတီတည်ထောင်ခွင့် ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ပါတီ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့များမှာ လယ်သမားအလုပ်သမားစစ်စစ်ကြီးများနှင့် ဖွဲ့စည်းတည်ထောင်ထားသလို ရှေ့နေသုံးဦးနှင့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားပါတယ်။

ကျေးဇူးရှင် လယ်သမားဦးကြီးများနှင့် ကာယ၊ ဉာဏအလုပ်သမားတို့၏ စွမ်းအားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန် ကျေးဇူးဆပ်သည့်အနေဖြင့် တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန် လယ်သမားဦးကြီး၏ပုံနှင့်အတူ အလုပ်သမားတံဆိပ် ပင်နယန်စက်သွားကို အလံပေါ်သို့ တင်ပေးထားပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား**
**ပါတီ၏အမည်နှင့် အဓိပ္ပာယ်မှာ**

ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီဖြစ်ပြီး အင်္ဂလိပ် ဘာသာစကားအားဖြင့် Union Farmer-Labour Foce ပါတီဟု ခေါ်တွင်စေရမည်ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း နေထိုင်ကြကုန်သော လယ်သမားအလုပ်သမားများ အစဉ်အေးချမ်းသာယာရေးအတွက် အစိုးရအဆက်ဆက်နှင့် စုပေါင်းညီညာလက်တွဲကာ အင်အားယူပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာရေးကို အဓိကထားပြီး မြန်မာ့လယ်သမား၊ အလုပ်သမားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန်အတွက် ဖွဲ့စည်းအမည်ပေးထားခြင်းပဲ ဖြစ်ပါတယ်။

**ပါတီအလံနှင့် တံဆိပ်၏အဓိပ္ပာယ်မှာ** အနီရောင်နောက်ခံထားပြီး အရွယ်တူကြယ်ဖြူ ၁၄ လုံးနှင့် စက်သွားပင်နယန်၏ အလယ်တွင် အစိမ်းရောင်စက်ဝိုင်းအတွင်း ပြုံးရွှင်တက်ကြွနေသော မျက်နှာဖြင့် တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေသော လယ်သမားပုံကို အသိအမှတ်ပြုရေးဆွဲထားပါတယ်။

- အနီရောင်နောက်ခံသည် လယ်သမားအလုပ်သမားအပေါင်းတို့၏ သွေးသည် ရဲရင့်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိမည့်စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။
- အရွယ်တူကြယ်ဖြူ ၁၄ လုံးသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတို့အား ကိုယ်စားပြုပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများ အဆင့်အတန်းမခွဲခြားဘဲ တန်းတူရည်တူရှိမှုကို ရည်ညွှန်းပါတယ်။
- ပင်နယန်စက်သွားသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား အလုပ်သမားထုကြီးကို ရည်ညွှန်းပါတယ်။
- အစိမ်းရောင်စက်ဝိုင်းသည် ပြည်ထောင်စုလယ်သမားအလုပ်သမားများ၏ စွမ်းအားဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်ညွှန်းပါတယ်။
- ပြုံးရွှင်တက်ကြွနေသော လယ်သမား၏ပုံသည် ရန်သူမျိုးငါးပါး မည်သို့ပင်ကျရောက်ပါစေ၊ ပင်ပန်းဆင်းရဲခံနေရမှုကို သားသမီးတို့အား အသိမပေးဘဲ အပြုံးဖြင့် အစဉ်လုပ်ကျွေးနေမည်ဟူသော ဖခင်ကောင်း၏စိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။
- တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန်သည် လယ်သမားအလုပ်သမားအင်အားဖြင့် နိုင်ငံတော်အတွင်း စားနပ်ရိက္ခာ ထာဝရဖူလုံရေးအတွက် အားကြိုးမာန်တက် အစဉ်ကြိုးစားနေမည်ဟု ရည်ညွှန်းပါတယ်။
- တံစဉ်ကိုင်ဆောင်သော လယ်သမားအပေါင်းတို့လက်နှင့် အလုပ်သမားထု၏ လက်သည် တိုင်းတစ်ပါးမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာပါက တပ်မတော်နှင့်အတူ နိုင်ငံတော်ကိုကာကွယ်ရန်ဟူသော အမျိုးသားရေးစိတ်ဓာတ်ကို ရည်ညွှန်းပါတယ်။

ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ၏ သုံးစွဲသည့်အလံနှင့် တံဆိပ်မှာ အတူတူပင်ဖြစ်ပါတယ် ခင်ဗျာ။

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးပဲ ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားအားလုံးပိုင်ဆိုင်ကြသကဲ့သို့ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ သွေးစည်းညီညွတ်မှုကို အခြေပြုရပ်တည်ဖွဲ့စည်းထားသော နိုင်ငံတော်ကြီး ဖြစ်ပါတယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ကျေးလက်နေလယ်သမား၊ အလုပ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် စက်မှုလယ်ယာစနစ်သို့ မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ပိုမိုဆောင်ရွက်ရေးနှင့် အလုပ်သမားလူတန်းစားများ၏ဘဝ တိုးတက်မြင့်မားရေးကို အခြေပြုလျက် ပြည်ထောင်စု လယ်သမားအလုပ်သမားအင်အားစုပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ပါတီကို အမည်ပေးရာတွင် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတော်ဖြစ်သလို လယ်သမားအလုပ်သမားအများစု ဖြစ်နေကြပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလယ်သမား၊ အလုပ်သမားအပေါင်းတို့၏ အင်အားနှင့်စုစည်းပြီး ခေတ်အဆက်ဆက် တက်လာမည့် အစိုးရနှင့် လက်တွဲညှိနှိုင်းကာ ပြည်ထောင်စုကြီး အေးချမ်းသာယာရေးကို ရှေးရှုလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ အပိုဒ်(၂၁)(က)အရ နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရရှိစေရေးနှင့် အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အပိုဒ် ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ဆိုင်ခွင့်ပေးရမည်နှင့်အညီ ရည်ရွယ်ပြီး "ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ"ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**
**နိုင်ငံရေးဆိုင်ရာ မူဝါဒအားဖြင့်**

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်ကျူးကျော်လာပါက တံစဉ်ကိုင်ကာ ပြည်သူ ၅၁ သန်းအား အလုပ်အကျွေးပြုနေသော လယ်သမားအလုပ်သမားတို့၏ လက်သည် တပ်မတော်နှင့်အတူ ယှဉ်တွဲတိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် ရပ်တည်မည်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်းအား အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ဒီမိုကရေစီစနစ်ကို အခြေခံသည်နှင့်အညီ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်သို့ ရောက်ရှိရေးကို အလေးထားရပ်တည်မည်။
- အမျိုးသားသင့်မြတ်ပေါင်းစည်းရေးအတွက် နိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ တွေ့ကြုံခဲ့ရသည့် ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် အမျိုးသားရေးအမြော်အမြင်အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပြည်ထောင်စုဖွား တိုင်းရင်းသား လယ်သမားအလုပ်သမားတို့၏ အင်အားဖြင့် အမျိုးသားရေးကို သစ္စာမဖောက်ဘဲ အမျိုးသားအကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်သွားခြင်းဖြင့် ရပ်တည်မည်။
- ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်များအား စုပေါင်းတည်ထောင်သည့် ပြည်ထောင်စုကြီးအဖြစ် တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးရမည်ဟု အလေးအနက်ရပ်တည်မည်။
- လူထုလူတန်းစားကို ကိုယ်စားပြုသည့် ပွင့်လင်း၍ ထင်သာမြင်သာရှိသော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရှိရမည်နှင့်အညီ
  - (၁) လယ်သမားလူတန်းစားကို ကိုယ်စားပြုအဖွဲ့အစည်းများ၊
  - (၂) အလုပ်သမားလူတန်းစားကိုယ်စားပြု အဖွဲ့အစည်းများ၊
  - (၃) တိုင်းရင်းသားလုပ်ငန်းရှင်များကိုယ်စားပြု အဖွဲ့အစည်းများ၊
  - (၄) အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ၊
  - (၅) ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိရေးကို ထောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**ဥပဒေရေးရာမူဝါဒအားဖြင့်**

ဥပဒေပြဋ္ဌာန်းရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေအထက်မှာ မည်သူမျှ မရှိစေရဘဲ ဥပဒေကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံးက တန်းတူလက်ခံကျင့်သုံးမှသာလျှင် တရားဥပဒေစိုးမိုးမည် ဖြစ်ပါတယ်။

လယ်သမားများအတွက် လယ်ယာမြေလုပ်ကိုင်ခွင့် ဥပဒေနှင့် လယ်ယာမြေသိမ်းဆည်းမှုတွင် ဥပဒေနှင့်အညီ ရှိရမည်ဖြစ်ပါတယ်။

အလုပ်သမားများအတွက် လုပ်ခလစာ ထိုက်ထိုက်တန်တန် ရရှိနိုင်ရန် ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ငန်းခွင်အတွင်း ပျက်စီးဆုံးရှုံးလိုက်ရသော အလုပ်သမားတစ်ဦး၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် ထိုက်တန်သော ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုပေးနိုင်သော အလုပ်သမားရေးဝန်ကြီးများ ပေါ်ပေါက်လာရေးကိုလည်း အဓိကထားဆောင်ရွက်မည်ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်းသည် တရားဥပဒေစိုးမိုးရေးကို လက်ခံပြီး ဥပဒေ၏အကာအကွယ်ကို အပြည့်အဝ ရရှိခံစားနိုင်စေရန် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကျန်းမာရေးဆိုင်ရာမူဝါဒအားဖြင့်**

ဆင်းရဲသား၊ လယ်သမား၊ အလုပ်သမားများအတွက် ကျန်းမာရေးဟာ အဓိကပါ။ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းတွေ အများကြီးလိုအပ်ပါတယ်။ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး မကောင်းသော ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများ ရောက်ရှိမှုနည်းပါးနေမှုကို ယခုမျက်မှောက်ကာလတွင် တွေ့မြင်နေရပါတယ်။ အဆိုပါ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်း အဓိကထား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးဆိုင်ရာမူဝါဒအားဖြင့်**


ကျွန်ုပ်တို့၏ တိုင်းပြည်သည် စိုက်ပျိုးရေးကို အခြေခံသောတိုင်းပြည် ဖြစ်သကဲ့သို့ ဆင်းရဲသား၊ လယ်သမား၊ အလုပ်သမား အများစုနိုင်ငံ ဖြစ်နေပါတယ်။

ကျွန်ုပ်တို့၏ တိုင်းပြည်မှာ ကမ္ဘာ့အလယ်တွင် တင့်တယ်စေဖို့ အခြေခံလူတန်းစားများ၊ စီးပွားရေး ဦးမော့လာနိုင်မှသာလျှင် တိုင်းပြည်ကို တိုးတက်ပြောင်းလဲပြီဟု မှတ်ယူရမည်ဖြစ်သည်နှင့်အညီ လယ်သမား၊ အလုပ်သမားများအတွက် ခိုင်လုံသော စီးပွားရေးအဆင်ပြေစေရန် တည်ငြိမ်သော စပါးဈေးကွက်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးကို အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ပညာရေးဆိုင်ရာမူဝါဒအားဖြင့်**

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းဆက်ဆံရာတွင် အဓိကအကျဆုံးမှာ ပညာရေးပင်ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကောင်းဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပညာရေးဝန်ထမ်းများ အများအပြား လိုအပ်ပါတယ်။ လယ်သမားများအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အဓိကအကျဆုံးမှာ ပညာရေးပင်ဖြစ်ပါတယ်။ ပညာတတ်မှ နည်းပညာကို သိမှာပါ။ နည်းပညာသိမှသာလျှင် နိုင်ငံတော်သမဝါယမအသင်းစုနှင့် ကုမ္ပဏီများမှ အရစ်ကျချပေးသော လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို စနစ်တကျ အသုံးပြုလာနိုင်ပြီး စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်မှုမှာ လွယ်ကူလာမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများတွင် စာသင်ကျောင်းများလည်း ရှားပါးသကဲ့သို့ ပညာရေးဝန်ထမ်းများလည်း မျက်မှောက်ကာလမှာ ရှားပါးနေမှုများကို တွေ့မြင်နေရပါတယ်။ ထို့ကြောင့် ၎င်းဒေသရှိ ကျေးရွာလူကြီးများမှ မိမိတို့ ကျေးရွာအတွက် နေ့စားလပေး ဆရာ ဆရာမများကို ခေါ်ယူလျက်ရှိနေသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါတယ်။ နေ့စားလပေးဆရာ ဆရာမများသည် ပညာရေးကောလိပ်မှ ဆင်းသက်လာသော ပညာရေးဝန်ထမ်းများ မဟုတ်သကဲ့သို့ သင်ကြားရေးမှာ မတိုးတက်ဘဲရှိနေသည်ကို တွေ့မြင်နေရပါတယ်။ အဆိုပါပြဿနာများကိုလည်း အဓိကထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။



**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသလို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဝင်ရောက်အရွေးချယ်ခံခဲ့ပါတယ်။ အခြေခံလူတန်းစားများသည် မိမိတို့ရဲ့ လယ်သမားဦးကြီးပုံနှင့် ပင်နယန်စက်သွားကို လွှတ်တော်ထဲသို့ အရောက်မပို့နိုင်ခဲ့သောကြောင့် မျက်မှောက်ကာလတွင် ကယ်ပါကယ်ပါ အော်ပြီး ဆန္ဒပြထုတ်ဖော်ပါသော်လည်း ပြည်သူတင်မြှောက်ထားသော အစိုးရ၏ပုံရိပ် ထိခိုက်ရုံကလွဲ၍ အကြောင်းထူးလာမည် မဟုတ်ပါဟု ပြောကြားလိုပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်အတွင်း လယ်သမား၊ အလုပ်သမားအရေးများနှင့် ဥပဒေရဲ့ အကာအကွယ်ရရှိမှုနည်းပါးနေခြင်းကို တင်ပြဆွေးနွေးနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ် နယ်မြေ ၁ မှ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီအနေဖြင့် ရွေးကောက်ပွဲကြီးအလွန်တွင် အခြေခံလူတန်းစားလယ်သမား၊ အလုပ်သမားများအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များမှာ ခေတ်အဆက်ဆက် မြေယာဥပဒေများ၏ တချို့သော အားနည်းချက်များကို လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပ ထောက်ပြဆွေးနွေးပြောကြားသွားမှာ ဖြစ်ပါတယ်။

ထို့အပြင် ကျွန်တော်တို့ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီမှ နေရာဒေသအသီးသီးသို့ နစ်နာသူလယ်သမားများအကျိုးအတွက် ဥပဒေနဲ့အညီ လိုက်လံကူညီ ဆောင်ရွက်ပေးလျက်ရှိရာ တချို့နေရာများတွင် ဦးပိုင်အမှတ်၊ အကွက်အမှတ်များမှားယွင်းပြီး တရားစွဲထောင်ကျခြင်းကို ခံနေရသော လယ်သမားများ ဒုနဲ့ဒေးပင် ရှိနေဆဲပင်ဖြစ်ပါတယ်။


သိမ်းဆည်းခံ လယ်သမားကြီးများအနေဖြင့် ယခုအစိုးရလက်ထက်တွင် ပြန်လည်ရရှိကြသော်လည်း ယာယီလုပ်ပိုင်ခွင့်ပုံစံ ၃ သာ ရရှိထားပြီး ပုံစံ ၇ လက်ဝယ်ရရှိရေးမှာ ခက်ခဲနေကြတာ တွေ့မြင်နေကြရပါတယ်။ အဆိုပါကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးထံ တင်ပြ အကူအညီတောင်းခံပေးသွားမှာ ဖြစ်ပါတယ်။

- အမှန်တကယ် လယ်ယာမြေလုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများအား စိုက်ပျိုးစရိတ် ချေးငွေအချိန်မီရရှိရေး။
- မျိုးစပါးများအား မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်ကုန်သည်ကြီးများမှ မျိုးကောင်းမျိုးသန့်များ ရောင်းချပေးမှုအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိနိုင်သော ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး။
- သွင်းအားစုဟု ခေါ်တွင်သော ဓာတ်မြေသြဇာများအား သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး။
- ထွက်ရှိလာသော စပါး၊ ကောက်ပဲသီးနှံများအား ရသင့်ရထိုက်သော ဈေးနှုန်းများ ရရှိစေရေးနှင့် ဈေးကွက်ဖော်ဆောင်ပေးရေး။
- လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ခေတ်မီဖွံ့ဖြိုးပြောင်းလဲရေးအတွက် သင်တန်းများ ပို့ချနိုင်ရေး။
- အမှန်တကယ် လုပ်ကိုင်စိုက်ပျိုးနေသော တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာမြေဧကနှင့်အညီ ချေးငွေများရရှိစေရေး။
- အမှန်တကယ်လုပ်ကိုင်နေသော တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ ၇ ရရှိရေးနှင့် လယ်သမားစစ်စစ်များကိုသာ ပုံစံ ၇ ထုတ်ပေးနိုင်ရေး။
- လယ်ယာထုတ်ကုန်သီးနှံများ ရောင်းချရန်အတွက် ကုန်ထုတ်လမ်းများဖောက်လုပ်ပေးရေးနှင့် ကျေးရွာတိုင်းတွင် ပြုလုပ်ပေးနိုင်ရေး။
- ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ အမှန်တကယ် စိုက်ပျိုးနေသော လယ်ယာမြေများအား သိမ်းယူမှုမရှိစေရေးကို ယခု တိုင်းပြည်တာဝန်ယူထားသော အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး။
- ဆုံးရှုံးသွားသော လယ်ယာမြေများနှင့် သိမ်းဆည်းခံရသော လယ်ယာမြေများအား တောင်သူလယ်သမား ဦးကြီးများ လက်ဝယ်သို့ပြန်လည်ရရှိစိုက်ပျိုးနိုင်ရေးအတွက် ယခု တိုင်းပြည်တာဝန်ယူထားသော အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ကာ လယ်သမားများ စိတ်ချမ်းသာစေရေး။
- ဆင်းရဲသားအလုပ်သမားများအတွက် သက်သာဆိုင်များ ဖွင့်လှစ်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများမှ အလုပ်သမားအခွင့်အရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများကိုလည်း ယခု တိုင်းပြည်တာဝန်ယူထားသော အစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပါ ညှိနှိုင်းဆောင်ရွက်ကာ လယ်သမားအလုပ်သမားများအတွက် ခေါင်းမော့ရင်ကော့နိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ တိုင်းပြည်ဟာ ရိုးသားကြိုးစားသော လယ်သမား၊ အလုပ်သမားများနှင့် နိုင်ငံတည်ထားခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လယ်သမားအလုပ်သမားတွေဟာ ကောင်းကင်မှာရှိသော ကြယ်ပွင့်များနှင့် တူပါတယ်။ ကြယ်ပွင့်တွေဟာ နေရောင်ခြည်ရဲ့ စွမ်းအားနှင့် ညအခါမှာ အလင်းပြန်ပေးနိုင်တာပါ။ သို့ဖြစ်ပါ၍ လယ်သမား အလုပ်သမားများအား နေရောင်ခြည်ကဲ့သို့ မေတ္တာဖြင့် ဖွံ့ဖြိုးတိုးတက်မှုပေးနိုင်သော နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏အတိုင်ပင်ခံနှင့် လွှတ်တော်သုံးရပ်ရှိ ဥက္ကဋ္ဌများ စွမ်းစွမ်းတမံဆောင်ရွက်ပေးမှသာလျှင် ဆင်းရဲသား၊ လယ်သမား၊ အလုပ်သမားများမှလည်း နိုင်ငံတော်သို့ အလင်းခွန်အားပြန်လည်ပေးဆောင်နိုင်မှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

သို့ဖြစ်ပါသောကြောင့် ကျွန်တော်တို့ပါတီမှ လယ်သမားဦးကြီးများကို ကိုယ်စားပြုသော လယ်သမားကြီးပုံစံနှင့် အလုပ်သမားကို ကိုယ်စားပြုသော ပင်နယန်စက်သွားကို အလံပေါ်တင်ပေးထားခြင်း ဖြစ်ပါတယ်။ လယ်သမား၊ အလုပ်သမားဦးကြီးများကလည်း မြင့်တယ်ထင်ပြီး အလံပေါ်မှ ခုန်မချကြဖို့ ပြောကြားတိုက်တွန်းရင်း လာမည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အခြေခံလူတန်းစားလယ်သမား အလုပ်သမားများအတွက် လွှတ်တော်အတွင်း ရဲရဲရင့်ရင့်ဖြင့် တင်ပြဆွေးနွေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ပါတီနှင့်အတူ လက်တွဲ၍ ရွေးချယ်နိုင်ပြီး ဆန္ဒနှင့်ဘဝများ ထပ်တူကျကာ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ခင်ဗျား။ ။



# ဗီယက်နမ်သမ္မတ ကျန်ဒိုင်ကွမ် ကွယ်လွန်

**ဟနွိုင်း စက်တင်ဘာ ၂၁**
ဗီယက်နမ်သမ္မတ ကျန်ဒိုင်ကွမ်သည် မြို့တော်ဟနွိုင်းရှိ ဆေးရုံတစ်ရုံတွင် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ကွယ်လွန်ချိန်တွင် အသက် ၆၂ နှစ်ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

သမ္မတ ကျန်ဒိုင်ကွမ်သည် အသည်းအသန်နာမကျန်းဖြစ်ခဲ့ပြီးနောက် စစ်ဆေးရုံတစ်ရုံတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ကျန်ဒိုင်ကွမ်သည် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတွင် ပြည်သူ့လုံခြုံရေးဝန်ကြီးအဖြစ် နှစ်ပေါင်း ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဧပြီ ၂ ရက်တွင် သမ္မတအဖြစ် စတင်တာဝန် ထမ်းဆောင်ခဲ့သည်။

သမ္မတ ကျန်ဒိုင်ကွမ် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် တရုတ်အစိုးရအဖွဲ့က အလွန်အမင်း ကြေကွဲဝမ်းနည်းရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျန်းရွှင်က ပြောကြားသည်။

သမ္မတ ကျန်ဒိုင်ကွမ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် နိုင်ငံတော်တို့၏ ထူးချွန်ထက်မြက်သော ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ဆန်းသစ်ရေးနှင့် ဈေးကွက်ဖွင့်လှစ်ပေးရေးတို့အတွက် မနားမနေ ပါဝင်ကြိုးပမ်းခဲ့သူဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ကျန်းက ပြောကြားသည်။

**ဆင်ဟွာ**

## ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲရလဒ် သမ္မတ ထရန့်အား သမ္မတ မွန်း ရှင်းလင်းတင်ပြမည်

**ဆိုးလ် စက်တင်ဘာ ၂၁**
ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲ၏ ရလဒ်များနှင့်ပတ်သက်၍ တောင်ကိုရီးယား သမ္မတ မွန်းဂျယ်အင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား အသေးစိတ်ရှင်းလင်းတင်ပြရန် စီစဉ်ထားကြောင်း၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ သတင်းစကားကို သမ္မတ မွန်းက သမ္မတ ထရန့်ထံ ဆောင်ကြဉ်းပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း သမ္မတ မွန်းသည် စက်တင်ဘာ ၂၄ ရက်တွင် သမ္မတထရန့်နှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

ကိုရီးယားကျွန်းဆွယ်ထိပ်သီးဆွေးနွေးပွဲ၏ ဒုတိယမြောက်နေ့တွင် ပြုံယမ်းပူးတွဲကြေညာချက်ကို ကိုရီးယားနှစ်နိုင်ငံမှ ခေါင်းဆောင်နှစ်ဦးတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

နိုင်ငံတကာ ကျွမ်းကျင်သူပညာရှင်များ၏ ရှေ့မှောက်တွင် တုန်ချန်းရီဒေသရှိ ဒုံးအင်ဂျင်စမ်းသပ်ရေးစခန်းနှင့် ဒုံးပျံလွှတ်တင်ရေးစင်မြင့်တို့ကို အမြဲထာဝရ ပိတ်သိမ်းပေးရန် မြောက်ကိုရီးယားခေါင်းဆောင်က သဘောတူညီခဲ့သည်။

အမေရိကန်ဘက်မှ အပြုသဘောအတုံ့အလှည့်ပြုသည့် အစီအမံများ အကောင်အထည်ဖော်မည်ဆိုပါက ယုံဗြောင်အဏုမြူစခန်းကို ဖျက်သိမ်းပေးရန် အသင့်ရှိသည်ဟုလည်း ခေါင်းဆောင်ကြီးကင်က သဘောတူညီခဲ့သည်။

ပြုံယမ်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည့် ကိစ္စရပ်များသာမက အခြားကိစ္စရပ်အများအပြားကိုပါ ခေါင်းဆောင်နှစ်ဦး ဆွေးနွေးနိုင်ခဲ့ကြကြောင်း တောင်ကိုရီးယားအမျိုးသားလုံခြုံရေးရုံး အကြီးအကဲ ချန်ဟေယောင်းက ပြောကြားသည်။

မြောက်ကိုရီးယားက အဏုမြူလက်နက်များ ဖယ်ရှားပေးရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်နှင့် ပြုံယမ်းအကြား ဆွေးနွေးပွဲပြုလုပ်လာနိုင်စေရေးအတွက် မိမိတို့နိုင်ငံများအတွင်း အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် သမ္မတမွန်းနှင့် ခေါင်းဆောင်ကြီးကင်တို့ ဆွေးနွေးခဲ့ကြကြောင်း ချန်ဟေယောင်းက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်၌ မြေပြိုမှုဘေးအန္တရာယ်ကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မနီလာ စက်တင်ဘာ ၂၁**
ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် မြေပြိုမှုများကြောင့် လူနေအိမ် ၁၀ လုံးထက်မနည်း မြေအောက်သို့ ရောက်ရှိခဲ့ပြီး လူသုံးဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမားများက တူးဖော်ရှာဖွေမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



ယခုနှစ် မုတ်သုံရာသီ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည်။

၂၀၁၈ ခုနှစ်၏ အင်အားအပြင်းထန်ဆုံး မုန်တိုင်းဖြစ်သော တိုင်ဖုန်းမုန်တိုင်း မန်ခုတ် တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းဒေသရှိ နေရာအနှံ့အပြားတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီးနောက် လူပေါင်းဒါဇင်နှင့်ချီ၍ အသက်ဆုံးရှုံးမှုများဖြစ်ပွားခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါဒေသတွင်းရှိ ကမ္ဘာလှည့်ခရီးသွားများအကြား ကျော်ကြားသော ဆီဘူးကျွန်းရှိ တီနာမြို့တွင် ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

နေ့ပေါင်းများစွာ သည်းထန်စွာရွာသွန်းမှုကြောင့် မတ်စောက်သောတောင်စောင်းများ ပြိုကျခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးသမားများက အပူတပြင်း ရှာဖွေမှုများ ပြုလုပ်နေရသည်။ ကယ်ဆယ်ရေးသမားများက အပျက်အစီးများအောက်မှ အသက်ရှင်ကျန်သူများ ရှာဖွေတွေ့ရှိရေးအတွက် ရွှံ့ညွှန်များ အောက်ဘက်သို့ တူးဖော်ရှာဖွေလျက်ရှိသည်။

မြေပြိုမှုကြောင့် သေဆုံးရသူ သုံးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရပြီး ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ တင်ပို့ပေးနိုင်ခဲ့ကြောင်း မြို့ပြကာကွယ်ရေးဆိုင်ရာ ဌာန ပြောရေးဆိုခွင့်ရှိသူ ဂျူလီးယက်စ်ရိန်ဂျာက သတင်းထောက်များကို ပြောကြားသည်။ ဆီဘူးကျွန်းတွင် မြေပြိုမှုများဖြစ်ပွားခြင်းမှာ ရှားပါးဖြစ်စဉ်ဖြစ်ကြောင်း၊ အဆိုပါကျွန်းမှာ တောင်ကုန်းအနိမ့်များ ရှည်မျောမျော တည်ရှိသည့် ကျွန်းဖြစ်ကြောင်း မြို့ပြကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ပြုံယမ်း၏ နျူကလီးယားဆက်စပ်နေရာများ ပိတ်သိမ်းမှုကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ သွားရောက်ကြည့်ရှုစစ်ဆေးမည်

**ဝါရှင်တန် စက်တင်ဘာ ၂၁**
မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယားလက်နက်အစီအစဉ်များနှင့် ဆက်စပ်သည့် နေရာများကို အပြီးသတ်ပိတ်သိမ်းချိန်တွင် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)မှ တာဝန်ရှိသူများနှင့် အမေရိကန်စစ်ဆေးရေး တာဝန်ရှိသူများပူးပေါင်းကာ အဆိုပါနေရာများသို့ သွားရောက်စစ်ဆေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြုံယမ်း၏ တုန်ချန်းရီဒေသရှိ နျူကလီးယားဒုံးကျည် ပစ်လွှတ်စင်ကို နိုင်ငံတကာ နျူကလီးယားကျွမ်းကျင်ပညာရှင်များရှေ့မှောက်တွင် အပြီးသတ်ပိတ်သိမ်းမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က မကြာသေးမီက ကျင်းပခဲ့သော တောင်နှင့် မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် သဘောတူညီခဲ့ကြောင်း သိရသည်။ ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် အပြန်အလှန်နားလည်မှုရှိကာ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးမည်ဆိုပါက ယုံဗြောင်ဒေသရှိ နျူကလီးယား ပစ်လွှတ်သည့်နေရာကို ထပ်မံပိတ်သိမ်းမည်ဟု ခေါင်းဆောင် ကင်ဂျုံအန်က ဆိုသည်။




နျူကလီးယားလက်နက်နှင့် ဆက်စပ်သည့်နေရာများ အပြီးသတ် ပိတ်သိမ်းသည့်အချိန်တွင် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)မှ တာဝန်ရှိသူများနှင့် အမေရိကန် စစ်ဆေးရေး တာဝန်ရှိသူများ ပူးပေါင်းကာ လာရောက်စစ်ဆေးရန် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့က ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်ဟု အမေရိကန်နိုင်ငံခြားရေးပြောရေးဆိုခွင့်ရှိသူ ဟီတာ နာယုက စက်တင်ဘာ ၂၀ ရက်တွင် ဆိုသည်။

အမေရိကန်နိုင်ငံ အနေဖြင့်လည်း မြောက်ကိုရီးယားနျူကလီးယားလက်နက် အစီအစဉ် ဖျက်သိမ်းရန် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုတစ်ရပ် ရှိမည်ဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေး ပြောရေးဆိုခွင့်ရှိသူ ဟီတာနာယုက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# မန်စီးတီးအသင်း ထိပ်တန်းဂိုးသွင်းရှင် တိုက်စစ်မှူး အဂူရိုအား တစ်ပတ်လုပ်ခလစာပေါင် ၂၂၀၀၀၀ ဖြင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆို

မန်စီးတီးအသင်းသည် အသင်းရဲ့ထိပ်တန်းဂိုးသွင်းရှင် တိုက်စစ်မှူး အဂူရိုအား တစ်ပတ်လုပ်ခလစာပေါင် ၂၂၀၀၀၀ ဖြင့် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူး အဂူရိုသည် ၂၀၁၁ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ယခုစာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းကြောင့် မန်စီးတီးအသင်းတွင် ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေတော့မည်ဖြစ်ကြောင်းလည်း သိရသည်။

အာဂျင်တီးနားကြယ်ပွင့် တိုက်စစ်မှူး အဂူရိုအနေဖြင့် မန်စီးတီးအသင်းမှာ အဓိကအရေးပါသည့်နေရာက ပါဝင်ကစားခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားသုံးကြိမ်နှင့် အီးအက်ဖ် အယ်လ်ဖလားသုံးကြိမ်တို့ကို ဆွတ်ခူးထားနိုင်ခဲ့ကြောင်းလည်း သိရသည်။ တိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအသင်းနှင့်အတူ လက်ရှိအချိန်အထိ ပွဲပေါင်း ၂၉၉ ပွဲပါဝင်ကစားပေးထားရာတွင် သွင်းဂိုး ၂၀၄ ဂိုးအထိသွင်းယူထားနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

တိုက်စစ်မှူး အဂူရိုသည် အဆိုပါသွင်းဂိုးများထဲတွင် ဘယ်ခြေဖြင့် ၃၇ ဂိုး၊ ညာခြေဖြင့် ၁၄၈ ဂိုး၊ ခေါင်းတိုက်သွင်းဂိုး ၁၉ ဂိုး စသည်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်ပြီး ပယ်နယ်တီသွင်းဂိုးမှာ ၃၃ ဂိုးအထိပါဝင်နေကြောင်းသိရသည်။ မန်စီးတီးအသင်းနှင့်အတူ အဂူရိုအောင်မြင်မှုအရှိဆုံးနှစ်မှာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီဖြစ်ပြီး တစ်ရာသီတည်း သွင်းဂိုး ၃၃ ဂိုးသွင်းယူနိုင်ခဲ့သည်။

ငွေကြယ် - ရေးသားသည်

# ဖရန်ကီဒီဂျောင်ကို ပေါင်သန်း ၅၀ ဖြင့်ခေါ်ယူရန် စပါး၊ ဘာစီလိုနာတို့နှင့်အပြိုင် မန်ယူကြိုးပမ်းမည်

မန်ယူအသင်းသည် အေဂျက်အသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားဖရန်ကီဒီဂျောင်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် စပါးအသင်း၊ ဘာစီလိုနာအသင်းတို့နှင့်အပြိုင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပါရီမြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် နယ်သာလန်အသင်းတို့၏ နေရှင်းလိဂ်ပွဲစဉ်ကတည်းက ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်ကို ခေါ်ယူရန် မန်ယူအသင်းအနေဖြင့် စောင့်ကြည့်နေခဲ့ခြင်းဖြစ်သည်။

နယ်သာလန်ကလပ် အေဂျက်အသင်းတွင် မန်ယူအသင်း ဂိုးသမားဟောင်းတစ်ဦးဖြစ်သည့် ဗန်ဒါဆားရှိနေခြင်းကြောင့် ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်ကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူနိုင်မည်ဟု မန်ယူအသင်းက ယုံကြည်ထားကြောင်း သိရသည်။

ဖရန်ကီဒီဂျောင်အား ခေါ်ယူရန် စပါးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်းနှင့် ဘာစီလိုနာအသင်းကလည်း လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်အား ခေါ်ယူရန်အတွက် စပါးအသင်း၊ ဘာစီလိုနာအသင်းတို့နှင့် အပြိုင်ဖြစ်နေကြောင်း သိရသည်။




# နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ ခက်ခဲနေဦးမယ့် အင်တာမီလန်

ရှိုင်းမင်းမင်း

## ၂၀၁၈-၁၉ စီးရီးအေရင်ခန့်သုံး-၅

အီတလီစီးရီးအေပွဲစဉ် ၄ မှာ အင်တာမီလန်တို့ နိုင်ပွဲပျောက်ဆုံးခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီတစ်ပတ်မှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်သလို ပြိုင်ဘက်ကလည်း အိမ်ကွင်းမှာ နာပိုလီကိုတောင် ဂိုးပြတ်နိုင်ထားတဲ့ ဆမ်ဒိုးရီးယားဖြစ်နေတဲ့အတွက် အင်တာမီလန်နိုင်ပွဲရပ့်မလား စောင့်ကြည့်ရမယ်။

## ပါးမား - ကယ်ဂလီယာရီ (ည ၇း၃၀၊ ၂၂-၉-၁၈)

ပါးမားရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိလာယ်လို့ဆိုနိုင်ပါတယ်။ အင်တာမီလန်ကိုတောင် အဝေးကွင်းမှာ အနိုင်ကစားနိုင်ခဲ့ပါတယ်။ နိုင်ပွဲစတင်ရရှိခဲ့ပြီဖြစ်တာကြောင့်လည်း ပါးမားတို့ နိုင်ပွဲဆက်နိုင်အောင် အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဒါပေမယ့် ကယ်ဂလီယာရီကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေကာ အေစီမီလန်ကိုတောင် သရေခံကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပါးမား တို့ ဒီပွဲမှာလည်း လွယ်လွယ်အနိုင်မရနိုင်ဘဲ သရေလောက်ပဲရမယ်။

## ဖီအိုရင်တီးနား- SPAL (ည ၁၀း၃၀၊ ၂၂-၉-၁၈)

ဖီအိုရင်တီးနားက နောက်ဆုံးပွဲစဉ်မှာ နာပိုလီကို အရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်တဲ့အပြင် လက်ရှိခြေစွမ်းပိုင်းလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့် SPAL ကလည်း ခြေစွမ်းပိုင်း ကောင်းမွန်နေကာ အရှုံးတစ်ပွဲသာရှိပါသေးတယ်။ ဒါပေမယ့် SPAL က တိုက်စစ်ပိုင်း အားနည်းမှုတွေရှိနေတာကိုတော့ သတိပြုရမယ်။ တိုက်စစ်ကစားပုံ ပိုကောင်းသလို အိမ်ကွင်းလည်းဖြစ်နေတဲ့ ဖီအိုရင်တီးနားပဲ အနိုင်ရမယ်။

## ဆမ်ဒိုးရီးယား - အင်တာမီလန် (နံနက် ၁း၀၀၊ ၂၃-၉-၁၈)

အင်တာမီလန်က နောက်ဆုံးပွဲစဉ်မှာ ပါးမားကို အရေးနိမ့်ခဲ့ရလို့နိုင်ပွဲပြန်လည်ရယူနိုင်ရေး အားစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ပွဲတွေအပါအဝင် ပွဲဆက်တွေများနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲပါတယ်။ ဒ့ါအပြင် ဆမ်ဒိုးရီးယားကလည်း နာပိုလီ၊ ဖရိုစီနိုနီတို့ကို ဂိုးပြတ်တွေနဲ့ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဆမ်ဒိုးရီးယားဟာ အိမ်ကွင်းခြေကောင်းလို့ အင်တာမီလန် သရေထက်မပိုနိုင်ဘူး။

## တိုရီနို - နာပိုလီ (ညနေ ၅း၀၀၊ ၂၃-၉-၁၈)

နာပိုလီတို့ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့ သာမန်သာရှိပါသေးတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေအနည်းငယ်ကျဆင်းနေပါတယ်။ ဒ့ါအပြင် ချန်ပီယံလိဂ်ပွဲတွေလည်း ကစားရလို့ ပွဲဆက်တွေများနေပါတယ်။ တိုရီနိုကတော့ တိုက်စစ်ကစားပုံ အားနည်းပေမယ့် အိမ်ကွင်းခြေစွမ်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း နာပိုလီတို့ အခက်တွေ့နိုင်ကာ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

## ဘိုလော့နာ - ရိုးမား (ည ၇း၃၀၊ ၂၃-၉-၁၈)

ရိုးမားအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ တည်ငြိမ်မှုအားနည်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းအားနည်းနေကာ နောက်ဆုံးပွဲစဉ်မှာလည်း နှစ်ဂိုးပြတ်ဦးဆောင်နေပြီးမှ နှစ်ဂိုးပြန်ပေးရကာ သရေကျခဲ့ရတယ်။ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်မှာ ရီးယဲလ်မက်ဒရစ်နဲ့ ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ဒါပေမယ့် ဘိုလော့နာရဲ့ခြေကလည်း သာမန်သာရှိတာကြောင့် ဒီပွဲမှာတော့ ရိုးမားတို့ ကပ်ပြီးအနိုင်ရသွားမှာပါ။

## ချီယေဗို - အူဒီးနီးစ် (ည ၇း၃၀၊ ၂၃-၉-၁၈)

ချီယေဗိုက ခြေစွမ်းပိုင်း အားနည်းလွန်းနေပါတယ်။ လက်ရှိအချိန်မှာ နိုင်ပွဲလုံးဝမရသေးဘဲ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေရပါတယ်။ ခံစစ်ပိုင်း အမှားများလွန်းတာကြောင့်လည်း အခုလို ရလဒ်တွေဆိုးရွားနေရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ချီယေဗိုတို့ အိမ်ကွင်းဖြစ်ပေမယ့်လည်း အူဒီးနီးစ်ရဲ့ကစားအားကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲပါတယ်။ အိမ်ကွင်းမှာ ချီယေဗိုတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် သရေလောက်ပဲရမယ်။

## လာဇီယို - ဂျီနိုအာ (ည ၇း၃၀၊ ၂၃-၉-၁၈)

လာဇီယိုရဲ့ခြေစွမ်းပိုင်းက လက်ရှိအချိန်မှာ တည်ငြိမ်မှုအားနည်းနေပါတယ်။ တိုက်စစ်ပိုင်းမှာလည်း ဂိုးသွင်းခြေကျဆင်းနေတာကို တွေ့ရပါတယ်။ ဒ့ါအပြင် ယူရိုပါလိဂ်ပွဲကြောင့်လည်း လာဇီယိုတို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဂျီနိုအာကတော့ ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲအထိ အနိုင်ရထားတယ်။ လာဇီယိုနိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

## အေစီမီလန် - အတ္တလန္တာ (ည ၁၀း၃၀၊ ၂၃-၉-၁၈)

အေစီမီလန်ရဲ့လက်ရှိခြေစွမ်းက အနည်းငယ်ကျဆင်းလာတာကို တွေ့ရပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ကယ်ဂလီယာရီကိုတောင် အနိုင်ရယူနိုင်ခြင်းမရှိခဲ့ပါဘူး။ အိမ်ကွင်းဖြစ်နေတာကြောင့် ဒီပွဲစဉ်မှာလည်း နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ယူရိုပါလိဂ်ပွဲတွေ ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒ့ါအပြင် အတ္တလန္တာကလည်း ခြေစွမ်းပိုင်းမဆိုးတာကြောင့် အေစီမီလန်တို့ ရှုန်းကန်ရနိုင်ကာ ကပ်ပြီးသာ အနိုင်ရနိုင်တယ်။

## ဖရိုစီနိုနီ - ဂျူဗင်တပ် (နံနက် ၁း၀၀၊ ၂၄-၉-၁၈)

ဂျူဗင်တပ်တို့ နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရခဲ့သလို စီရိုနယ်လ်ဒိုအနေနဲ့လည်း ဂိုးသွင်းခြေရရှိခဲ့တာကြောင့် တိုက်စစ်ပိုင်း ပိုကောင်းလာနိုင်သလို လက်ရှိအချိန်မှာလည်း နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဂျူဗင်တပ် ခံစစ်အားနည်းသလို အဝေးကွင်းဖြစ်ပြီး ချန်ပီယံလိဂ်ပွဲကြောင့်လည်း ပွဲပန်းနိုင်ပေမယ့် ဖရိုစီနိုနီကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတာကြောင့် ဂျူဗင်တပ်တို့ အခက်မတွေ့နိုင်ပါဘူး။ ဂျူဗင်တပ်ပဲ အနိုင်ရမယ်။

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ အောင်ဝင်းဇော်၏ တရားခံပြသက်သေ သုံးဦးကိုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၁**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၇၈ ချိန်းမြောက်အဖြစ် ယနေ့ ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ပြီး လူသတ်မှုနှင့် စွဲချက်တင်ခံထားရသူ နံပါတ် ၂ တရားခံ အောင်ဝင်းဇော်ကတင်ပြထားသော တရားခံပြသက်သေ သုံးဦးရောက်ရှိသဖြင့် စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က "ဒီနေ့ ကျွန်တော်တို့ အထူးတရားခုံရုံးမှာ စစ်ဆေးလျက်ရှိတဲ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုကနေ တရားခံတစ်ဦးဖြစ်တဲ့ အောင်ဝင်းဇော်ဘက်ကပြတဲ့ ခံပြသက်သေ သုံးဦးစစ်ခဲ့ပါတယ်။ အဲဒီသုံးဦးက အောင်ဝင်းဇော်နေထိုင်တဲ့ သာကေတမြို့နယ် ရပ်ကွက်တစ်ခုမှာအတူနေ ဦးမျိုးအောင်၊ ဦးအုန်းထွဋ်နဲ့ တရားခံ အောင်ဝင်းဇော်ရဲ့သား စစ်မြတ်ဦးတို့ကို စစ်ဆေးခဲ့ပါတယ်။ တရားခံဘက်ကကျန်တဲ့ ခံပြသက်သေစစ်ဆေးဖို့ နောက်တစ်ပတ်ရုံးချိန်းဖြစ်တဲ့ စက်တင်ဘာ ၂၇ ရက် ကြာသပတေးနေ့ကို ချိန်းဆိုထားတယ်။ အဲဒီနေ့မှာ အောင်ဝင်းဇော်ဟာ ခံပြသက်သေ ၁၂ ဦး တင်ပြထားရာက ဒီကနေ့ သုံးဦးစစ်ပြီးတဲ့အတွက် ကျန်ကိုးဦးထဲက ခံပြသက်သေ လေးဦးကို ခေါ်လာဖို့ တရားရုံးက ညွှန်ကြားထားပါတယ်"ဟု ပြောသည်။

လူသတ်မှုနှင့် စွပ်စွဲခံထားရသူ အောင်ဝင်းဇော်၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်က "ဒီနေ့ အောင်ဝင်းဇော်ရဲ့ ခံပြသက်သေ သုံးယောက်ထဲက ဒုတိယတစ်ယောက်က အောင်ဝင်းဇော်ကို သူမသိဘူးလို့ပြောတယ်။ သူကကြောက်နေတယ်။ အသက်လည်းကြီးပြီဆိုတော့ အရိုန်အဝါကြောင့်လည်း ကြောက်လန့်နေတာပါ။ အတွေ့အကြုံကလည်း မရှိဘူးဆိုတော့ ဒါကြောင့် ပြောတာဖြစ်မယ်။ နောက်တစ်ယောက်က အောင်ဝင်းဇော်အိမ်နဲ့နှစ်အိမ်ခြားက ရွှေပန်းထိမ်းလုပ်တဲ့သူပါ။ အောင်ဝင်းဇော်ကို သိတဲ့အကြောင်း၊ အိမ်အနေအထားတွေအကြောင်း ထွက်ဆိုသွားတယ်။ အောင်ဝင်းဇော်ရဲ့သား စစ်မြတ်ဦးကတော့ လေယာဉ်ကွင်းကို သူ့အဖေ သူ့အလုပ်ကိစ္စနဲ့ လာတယ်ဆိုတဲ့အကြောင်း သူ့သားကလေယာဉ်မောင်း သင်တန်းဆင်းလက်မှတ်ပြပြီးထွက်ဆိုသွားတယ်။ ဒီလေယာဉ်မောင်း အောင်လက်မှတ်အပြင် ထိုင်းနိုင်ငံကပေးတဲ့ လေယာဉ်မောင်းလိုင်စင်ကို နောက်တစ်ပတ်မှာ သူ့အမေက တင်ပြမှာပါ။ အောင်ဝင်းခိုင်ဆက်သွယ်ပေးမှုနဲ့ လေဆိပ်မှာရှိတဲ့ ရဲမှူးကြီး ဝင်းမင်းသန်း စီကိုသွားတယ်ဆိုတဲ့အကြောင်း ပေါ်လွင်အောင်ထွက်ဆိုသွားပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁၉ စီး ၊ သွင်းကုန် ၅၄၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၂၀၄ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင် လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၄၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၃၄၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၀ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၆၈၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအနီး NISSAN DIESEL ၂၂ ဘီးယာဉ် တစ်စီးကိုစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော သကြား(1×50Kg) 500 Bags နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၀၀၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်မဲမြို့တွင် ခရီးသည်တင်ယာဉ် ထန်းပင်အားတိုက်မိသဖြင့် ၂၂ ဦးဒဏ်ရာရ

**အိမ်မဲ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့မရဲစခန်းနယ်၌ ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိထန်းပင်အား ဝင်တိုက်မိရာ ယာဉ်ပေါ်ပါသူ ၂၂ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ ရန်ကုန်-အိမ်မဲ-မြောင်းမြကားလမ်း မိုင်တိုင်အမှတ် ၆၃/၇ နှင့် ၆၄/၀ ကြား၌ ရန်ကုန်မှ မြောင်းမြသို့ လှိုင်သာယာမြို့နယ်နေ ဦးစိုးမောင်းနှင်ပြီး ခရီးသည် ၃၀ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ ထန်းပင်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များအနက် ၂၂ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့ကာ ယာဉ်မောင်း ဦးစိုးမှာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ဦးစိုးအား အိမ်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## မိုးမောက်မြို့၌ တရားမဝင်တင်ဆောင်လာသည့် ဓာတ်မြေသြဇာအိတ် ၃၅၀ သိမ်းဆည်းရမိ

**မိုးမောက် စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စိန်လုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စက်တင်ဘာ၂၀ရက် နံနက် ၁၁ နာရီခွဲက မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်တင်ဆောင်လာသည့် ဓာတ်မြေသြဇာအိတ်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးမောက်မြို့နယ် မိုးမောက်-လွယ်ဂျယ် ကားလမ်းမပေါ်ရှိ စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ စိန်လုံရဲကင်းစခန်းမှ ရဲအုပ် ကျော်စိုးနိုင်ဦးစီးတပ်ဖွဲ့ဝင်များ၊ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးအရ ယာဉ်အဝင်၊ အထွက်များ စစ်ဆေးနေစဉ် လွယ်ဂျယ်ဘက်မှ ဗန်းမော်မြို့ ပင်စင်ကုန်းရပ်နေ အောင်မင်းဦးမောင်းနှင်ပြီး မျိုးမြင့်အောင် လိုက်ပါလာသည့် ဒေါင်ဖန်းအမျိုးအစား ခြောက်ဘီး မော်တော်ယာဉ်အားရှာဖွေရာ သာကူစေ့အိတ်များဖြင့် ဖုံးဖိ၍ လျှို့ဝှက်သယ်ဆောင်လာသည့် Seaweed Polysaccharide Fertilizer 18-5-25(48%) စာတမ်းပါ ငွေကျပ် ၁၇၅ သိန်းတန်ဖိုးရှိ တရားမဝင်ဓာတ်မြေသြဇာအိတ် ၃၅၀(အမိုနီယမ်နိုက်ထရိတ်ဟုယူဆရ)အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သယ်ဆောင်လာသည့် ဓာတ်မြေသြဇာအိတ်များအား ပေါက်ကွဲစေတတ်သည့် အမိုနီယမ်နိုက်ထရိတ်များ ဟုတ်၊ မဟုတ် သိရှိနိုင်ရန် မိုးမောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရေးဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရေတာရှည်၌ ဆိုင်ကယ်တစ်စီး ဓာတ်တိုင်ဝင်တိုက်မိ၍ တစ်ဦးသေဆုံး

**ရေတာရှည် စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် ညောင်ပင်သာကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းတွင် စက်တင်ဘာ ၂၀ ရက် ည ၇ နာရီခန့်က ဆိုင်ကယ်စီးနင်းလာသူတစ်ဦး ဓာတ်တိုင်နှင့်တိုက်မိကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှ မြောက်သို့ ဦးမင်းဇော် မြို့မ(၁)ရပ်ကွက် မုဒုံမြို့ မွန်ပြည်နယ်နေသူသည် ဆိုင်ကယ်အား မောင်းနှင်လာစဉ် ညောင်ပင်သာကျေးရွာအရောက် ဓာတ်တိုင်နှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဦးမင်းဇော်တွင် ယာဘက်နှာဖူး၊ ယာမျက်ခုံးပေါက်ပြဲ၊ နှာခေါင်းနှင့် ပါးစပ်တို့မှ သွေးများထွက်သည့် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

"ဓာတ်တိုင်တွေက ကားလမ်းတွေချဲ့တော့ လမ်းပေါ်မှာကျန်ခဲ့တာ။ အခုထိရွှေ့ပြောင်းနိုင်ခြင်း မရှိသေးတော့ ကားလမ်းအတိုင်း မောင်းနှင်သွားလာကြတဲ့ ယာဉ်တွေအတွက် အလွန်ပဲ အန္တရာယ်များပါတယ်။ အမြန်ဆုံး ပြောင်းရွှေ့ပေးသင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မြို့နယ်များ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

### ကွန်ဟိန်းမြို့

ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ကာလိရဲစခန်းပိုင်နယ်မြေတွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၉၈ ပြားနှင့်အတူ ငွေစက္ကူရောရာ ငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ကွန်ဟိန်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် ကာလိမြို့ ရပ်ကွက် ၁ နားခေါင်းလမ်းနေ ဒေါ်ဖုန်းပုံ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ငွေစက္ကူရောရာ ငွေကျပ် ၁၀ သိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၈ ပြားနှင့်အတူ ဆိုင်ကယ်တစ်စီးတို့အား ရှာဖွေတွေ့ရှိခဲ့သဖြင့် ဒေါ်ဖုန်းပုံအား ကာလိနယ်မြေရဲစခန်းက အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

အလားတူ အဆိုပါပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၁ နာရီက အဆိုပါဖမ်းဆီးရမိခဲ့သော ဒေါ်ဖုန်းပုံအိမ်နှင့် ကပ်လျက်ရှိသော စိုင်းပန္တ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၂၀၀ ပြား၊ ဘိန်းဖြူ(၆၅ ဒသမ ၅၇)ဂရမ်အတွက် တန်ဖိုးငွေကျပ် ၂၇ သိန်း ၃ သောင်းကျပ်)တို့နှင့်အတူ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော မော်တော်ယာဉ်တစ်စီးတို့ကိုတွေ့ရှိခဲ့သဖြင့် ကာလိနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

### မံစီမြို့

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်၌ စက်တင်ဘာ၂၀ရက် ညနေ၆နာရီက ငွေကျပ် သိန်း ၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းမဲ၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ ရဲအုပ်ချမ်းလင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ မံစီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ မံစီမြို့နယ် သံတံတားကျေးရွာနေ ကျော်ဇင်လတ်(ခ)အီကြား မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၉၀၀ ကို လည်းကောင်း၊ ဆပ်ပြာခွက် သုံးခွက်အတွင်းမှ ဘိန်းဖြူအမှုန့် ၃၈ ဂရမ်အား လည်းကောင်း၊ ဘိန်းမဲ ၄၀၀ ဂရမ်ကို လည်းကောင်း စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် ၈၉၄ ဒသမ ၄ သိန်းအား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ကျော်ဇင်လတ်(ခ)အီကြားအား မံစီမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### မြိတ်မြို့

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ဝန်ထမ်းရပ်ကွက် မြက်ခြံလမ်းရှိ နေအိမ်တစ်အိမ်တွင် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၄၉၆ ပြားနှင့်အတူ ရောင်းဝယ်သူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့မရဲစခန်းနယ်ထိန်းအဖွဲ့မှ ဒုရဲအုပ်ထွန်းထွန်းနိုင်ဦးစီးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ဝန်ထမ်းရပ်ကွက် မြက်ခြံလမ်းနေ မဖြူသွယ်လတ်၏နေအိမ်တွင် မူးယစ်ဆေးဝါးများသုံးစွဲရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေ့ရာ မဖြူသွယ်လတ်(ခ) ဟာဘီဆွာနှင့် စောမိုးစက်(ခ)မိုဆေးတို့နှစ်ဦးအား အိမ်တွင်တွေ့ရှိပြီး ၎င်းတို့၏ နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၆ ပြားနှင့် မူးယစ်ဆေးဝါးများ ရောင်းချရာတွင်အသုံးပြုသည့် အအေးစုပ်ပိုက်များအား ရှာဖွေ့တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိသူ မဖြူသွယ်လတ်(ခ) ဟာဘီဆွာနှင့် စောမိုးစက်(ခ)မိုဆေးတို့အား မြိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ဒေါ့ဖုန်းယန်မြို့နယ်၌ ထော်လာဂျီတိမ်းမှောက်၍ နှစ်ဦးသေဆုံး

**ဒေါ့ဖုန်းယန် စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ် ဗန်းမော်-မြစ်ကြီးနား ကားလမ်း၌ စက်တင်ဘာ ၁၉ ရက်က ဝတ်ရွတ်အသင်းဝင် အမျိုးသမီးများ တင်ဆောင်လာသည့် ထော်လာဂျီတိမ်းမှောက်ခဲ့၍ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက်နံနက်၁၁နာရီက ဒေါ့ဖုန်းယန်မြို့မှ မိုးမောက်မြို့နယ်သို့ ဝတ်ရွတ်သွားမည့် အသင်းသူ ၁၂ ဦးတင်ဆောင်ကာ ယာဉ်မောင်း အောင်မြင့်(ခ)လောအင်း မောင်းနှင်လာသည့် ထော်လာဂျီယာဉ်သည် ဗန်းမော်-မြစ်ကြီးနားကားလမ်း၌ ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် မအေးကြောင်နှင့် မအေးလွန်းတို့နှစ်ဦးမှာ သေဆုံးခဲ့ပြီး အခြားဒဏ်ရာရရှိသူများအား ဗန်းမော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မြင့်(ခ)လောအင်းအား ဒေါ့ဖုန်းယန်နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကချင်လေး**

# သစ်တောဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

## အခန်း(၄)
## သစ်တောရေးရာ စီမံခန့်ခွဲခြင်း

၉။ သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အစိုးရအဖွဲ့၏ မြန်မာ့သစ်တောမူဝါဒကို အကောင်အထည်ဖော်ခြင်း၊

(ခ) ရေ၊ မြေ၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး၊ သစ်တောဖုံးလွှမ်းသည့် နယ်မြေများ ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ခြင်း၊

(ဂ) သစ်တောနယ်မြေကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် တားမြစ်သစ်ပင် အမျိုးအမည်များ သတ်မှတ်ရေး၊ ပြင်ဆင်ရေး သို့မဟုတ် ဖျက်သိမ်းရေးတို့အတွက် ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း၊

(င) သစ်တောနည်းပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း၊ အသိပညာပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊

(စ) သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် အဆင့်မြှင့်တင်ခြင်း၊ သစ်တောသယံဇာတစာရင်းများ ကောက်ယူပြုစုခြင်းနှင့် အများပြည်သူသို့ဖြန့်ဝေခြင်း၊

(ဆ) သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် အကူအညီပေးခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) သစ်တောနယ်မြေများအတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအခကြေးငွေ သတ်မှတ်ခြင်း၊

(ည) ဝန်ကြီးဌာနက သတ်မှတ်တာဝန်ပေးအပ်သော သစ်တောရေးရာနှင့်သက်ဆိုင်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အောက်ပါစီမံကိန်းများကို ရေးဆွဲ၍ ဝန်ကြီးဌာနထံ တင်ပြရမည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းများတွင် လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုရမည့် သစ်တောကဏ္ဍနှင့် စပ်လျဉ်းသည့် စီမံကိန်း၊

(ခ) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်းသည့် စီမံကိန်း။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၀ ပါ စီမံကိန်းများနှင့်စပ်လျဉ်း၍ -

(က) အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြအစီရင်ခံရမည်။

(ခ) အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်နိုင်ရန် ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြရမည်။

(ဂ) လိုအပ်သော သစ်တောသယံဇာတစာရင်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ၁၀ နှစ်တစ်ကြိမ် ကောက်ယူ၍ စာရင်းဇယားပြုစုရမည်။

၁၂။ မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း -

(က) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်။

(ခ) ပညာရေး သို့မဟုတ် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း သို့မဟုတ် လေ့လာရေးစခန်းချခြင်းပြုလိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

## အခန်း(၅)
## သစ်တောစိုက်ခင်း တည်ထောင်ခြင်း

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေ သို့မဟုတ် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် အောက်ပါ သစ်တောစိုက်ခင်းများကို တည်ထောင်နိုင်သည် -

(က) စီးပွားရေးစိုက်ခင်း၊

(ခ) စက်မှုကုန်ကြမ်းစိုက်ခင်း၊

(ဂ) ရေဝေရေလဲစိုက်ခင်း၊

(ဃ) ဒီရေတောစိုက်ခင်း၊

(င) ကျေးရွာထင်းစိုက်ခင်း၊

(စ) အခြားစိုက်ခင်း။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ပုဂ္ဂလိက သစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုနိုင်သည်-

(က) ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊

(ခ) ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်ခြင်း၊

(ဂ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်း၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း တည်ထောင်ခြင်း။

၁၅။ ပြည်ထောင်စုနယ်မြေအတွင်း ကျေးရွာအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတောတွင်ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ ကျေးရွာပိုင် ကျေးရွာထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည် -

(က) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်း သုံးစွဲရန် လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်း၊

(ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း။

၁၆။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်း သို့မဟုတ် သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ခြင်းကို စီးပွားဖြစ် လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်ပါ သတ်မှတ်ထားသည့် စည်းကမ်းချက်များအရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကိုဖြစ်စေ မိမိကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးရမည်။

## အခန်း(၆)
## သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်

၁၇။ သစ်တောထွက်ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ သို့ရာတွင် စီးပွားဖြစ်မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံးစသည့် မိမိသုံးဖြစ်လျှင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်။

၁၈။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရာတွင် စီးပွားဖြစ်ထုတ်ယူခြင်းဖြစ်ပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဈေးပြိုင်စနစ် ကျင့်သုံးခြင်းမပြုဘဲ ထုတ်ယူခွင့်ပြုနိုင်သည် -

(က) သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်းနှင့် ပြည်တွင်းပြည်ပ ရောင်းချခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၊

(ခ) သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က ဝန်ကြီးဌာနအား စီမံခန့်ခွဲပိုင်ခွင့် ပေးအပ်ထားသည့်ကိစ္စ၊

(ဂ) ပုဂ္ဂလိက သစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ပိုင်ဆိုင်ခွင့်ပြုထားသော ကျွန်းနှင့် တားမြစ်သစ်ပင်များမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(င) သစ်တောဦးစီးဌာနမှ သီးခြားကန့်သတ်ထားသော ကိစ္စမှအပ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ် ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(စ) စီးပွားဖြစ်မဟုတ်သည့် အောက်ပါလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ-

(၁) သုတေသနနှင့် ပညာပေးလုပ်ငန်း၊

(၂) ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်း။

၁၉။ (က) စီးပွားဖြစ် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍-

(၁) ဝန်ကြီးဌာနသည် သက်တမ်းသုံးနှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

(၂) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သက်တမ်းတစ်နှစ်အထက်မှ နှစ်နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် သက်တမ်းတစ်နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် လုံလောက်သော အကြောင်းရှိလျှင် ခွင့်ပြုမိန့်သက်တမ်းကို တစ်ကြိမ်လျှင် ခြောက်လထက်မကျော်စေဘဲ နှစ်ကြိမ်အထိ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အမျိုးအမည်၊

(ခ) ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ ထုတ်လုပ်ရန် သတ်မှတ်ကာလ ပြည့်မီသည့် ဧရိယာအတွင်း နှစ်စဉ်ထုတ်လုပ်ခွင့်ပြုမည့် သစ်မျိုးနှင့် ပမာဏ၊

(ဂ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊

(ဃ) သစ်တောထွက်ပစ္စည်း အမျိုးအစားအလိုက် ခွင့်ပြုပေးသင့်သည့် သက်တမ်း၊

(င) စီးပွားဖြစ်မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံးစသည့် မိမိသုံး၊ သုတေသနနှင့် ပညာပေးလုပ်ငန်းသုံး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းသုံး သို့မဟုတ် ဘာသာရေးလုပ်ငန်းသုံးအတွက် ထုတ်ယူခွင့်ပေးနိုင်သည့် သစ်တောထွက်ပစ္စည်း တစ်ခုချင်း၏ အရေအတွက်၊

(စ) ခွင့်ပြုမိန့်ပါ စည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့် ဒဏ်ကြေး၊

(ဆ) စည်းကမ်းချက်များ။

၂၁။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သစ်တောဦးစီးဌာနက ဤဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရမည်။

(ဂ) ပေးဆောင်ရန်ရှိသော အခွန်အခများ၊ အာမခံငွေများ၊ ကြိုတင်ငွေများကို ပေးဆောင်ရမည်။

(ဃ) သတ်မှတ်သည့် နည်းလမ်းများနှင့်အညီတိုင်းတာပြီး တံဆိပ်ရိုက်မှတ်ခြင်း၊ အမှတ်အသားပြုခြင်း၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်း ပြုရမည်။

(င) သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းအတွက် ဝန်ကြီးဌာနမှ သတ်မှတ်သည့်တန်ဖိုးကို ပေးလျော်ရမည်။

၂၂။ သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေမှ ထုတ်လုပ်သည့် အခွန်ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်နိုင်ရန် သတ်မှတ်သည့်စည်းကမ်းချက်များဖြင့် မီးသွေးဖို တည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ပြုနိုင်သည်။

## အခန်း(၇)
## သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း

၂၃။ (က) သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုသူသည် ညွှန်ကြားရေးမှူးချုပ်က ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သက်ဆိုင်ရာ သစ်တောအရာရှိထံမှ မျှောစာလျှောက်ထားရယူရမည်။ မိမိအိမ်သုံး ပရိဘောဂအသုံးအဆောင်များဖြစ်ပါက သက်ဆိုင်ရာ သစ်တောအရာရှိထံမှ ထောက်ခံချက်ရယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များနှင့် အကျုံးမဝင်စေရ -

(၁) သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုထားသည့် နေရာဒေသအတွင်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၂) သတ်မှတ်သည့်အရေအတွက်ထက်မပိုသော စီးပွားဖြစ်မဟုတ်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း၊

(၃) စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၂၄။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သော အခွန်အခများကို ကောက်ခံနိုင်ရန် လိုအပ်သော သစ်တောကင်းရုံးများကို တည်ထောင်ထားရှိနိုင်သည်။

၂၅။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် -

(က) မျှောစာကို မိမိနှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်။

(ခ) သက်ဆိုင်ရာ သစ်တောကင်းရုံးများ၏ စစ်ဆေးခြင်းနှင့် သတ်မှတ်ထားသော အခွန်အခစည်းကြပ်ခြင်းကို ခံယူရမည်။

၂၆။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်များကိုဖောင်ဖွဲ့၍ မျှောချရမည့် ဖောင်ဖွဲ့ဆိပ်များကို သတ်မှတ်ပေးရမည်။

(ခ) ဖောင်ဖွဲ့၍ မျှောချမည့် သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် ဖောင်ဖွဲ့ဆိပ်မှစ၍ သစ်ဖောင်များကို သတ်မှတ်ချက်များနှင့်အညီ မျှောချရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားသက်န်းတော်များနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းကပ်လှူပူဇော်ရေးစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒုတိယ ဖောင်းရစ် ၁၈၈၈ စတုရန်းပေအား ရွှေစင်ရွှေပြားသက်န်းတော်များနှင့် လုံးတော်ပြည့် ရွှေဆေးသက်န်းကပ်လှူပူဇော်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပပြုလုပ်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ဂေါပက အဖွဲ့ဝင်များပါဝင်သည့် ဆပ်ကော်မတီများဖြင့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် စီမံချက်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရွှေစင်သတ္တုနှင့် ကြေးသတ္တုဝယ်ယူရရှိရေး၊ အရည်အသွေးပြည့်မီသော ကြေးဖရိန်၊ ကြေးပြားများရရှိရေး၊ ရွှေစင်ရွှေပြားကပ်လှူခြင်း လုပ်ငန်းများအား တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရေး၊ ရွှေစင်ရွှေပြားများ၏ အရည်အသွေးနှင့် ဆောင်ရွက်မှုအဆင့်တိုင်းအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သုတေသနနှင့် ပြည်တွင်းတီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ စက်မှုဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းတို့မှ ကျွမ်းကျင်ပညာရှင်များနှင့် စနစ်တကျ စစ်ဆေးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဂေါပကအဖွဲ့အနေဖြင့် စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ရာတွင် အမှားအယွင်းမရှိစေရန် စနစ်တကျဆောင်ရွက်သွားရန်နှင့် ယခင်ဆောင်ရွက်ခဲ့သော ကောင်းမွန်သည့် အစဉ်အလာအတိုင်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးအောင်မြင့်ထွန်းနှင့် ဗိုလ်မှူးကြီးမင်းနောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ရေကြီးနစ်မြုပ်ခဲ့သော စိုက်ပျိုးသီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်

**ပဲခူး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက ၂၀၁၇ ခုနှစ် ရေကြီးနစ်မြုပ်ခဲ့သော စိုက်ပျိုးသီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် လူနေအိမ်၊ စိုက်ပျိုးဧက၊ တိရစ္ဆာန်နှင့် အခြားအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း ဖွဲ့စည်းပေးထားသည့် သဘာဝဘေးကော်မတီများမှ ဦးဆောင်ပြီး ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးဆုံးရှုံးသွားသည့် တောင်သူတစ်ဦးချင်းလက်ဝယ်သို့ အမြန်ဆုံးနှင့် အမှန်ကန်ဆုံးရောက်ရှိစေရန် ကြိုးကြပ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က ၂၀၁၇ ခုနှစ်တွင် ရေကြီးနစ်မြုပ်၍ သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် လယ်မြေများအတွက် ထောက်ပံ့ငွေပေးအပ်မှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူးများထံသို့ သီးနှံထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ အုတ်တွင်း၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပြည်၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ သာယာဝတီ၊ လက်ပံတန်း၊ အုတ်ဖို၊ ဇီးကုန်း၊ နတ်တလင်း၊ မိုးညို၊ ကြို့ပင်ကောက် စုစုပေါင်း ၁၈ မြို့နယ် ရေကြီးနပ်မြုပ်ဒဏ်ခံစားခဲ့ရပြီး စုစုပေါင်း မိုးစပါး ၆၁၆၁၃၄ ဧက၊ မိုးနှမ်း ၉၅၂၆ ဧက၊ မိုးမြေပဲဧက ၁၂၆၀၊ ပဲတီစိမ်းခြောက်ဧက၊ အစေ့ထုတ်ပြောင်း ၁၁၀၃ ဧက၊ ချဉ်ပေါင်လျှော် ၁၅၄ ဧကနှင့် အခြားရာသီသီးနှံ ၂၃၄ ဧကတို့ ပျက်စီးခဲ့သည်။ သီးနှံအမျိုးအစားအလိုက် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ချဉ်ပေါင်လျှော်၊ အခြားရာသီသီးနှံတို့အတွက် တစ်ဧကလျှင် တစ်သောင်းနှုန်း၊ မိုးမြေပဲ တစ်ဧကလျှင် သုံးသောင်းနှုန်း၊ မိုးနှမ်းနှင့် ပဲတီစိမ်း တစ်ဧကလျှင် ငါးထောင်နှုန်း ထောက်ပံ့ပေးရာ ပဲခူးခရိုင်အတွက် ၄၈ ဒသမ ၄၈ သန်း၊ တောင်ငူခရိုင်အတွက် ၇၈ ဒသမ ၆၂ သန်း၊ ပြည်ခရိုင်အတွက် ၁၃၄ ဒသမ ၇ သန်း၊ သာယာဝတီခရိုင်အတွက် ၄၅၄ ဒသမ ၉၁ သန်း စုစုပေါင်း ၇၁၆ ဒသမ ၇၁ သန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**တင်စိုး(ပဲခူး)**

# မြေငှားဂရန်လျှောက်ထားလိုသူများအား ဝန်ဆောင်မှုပေး

**မယ်စဲ့ စက်တင်ဘာ ၂၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် (OSS) ရုံးတွင်ပါဝင်သော ဌာနဆိုင်ရာများက ဌာနများအလိုက် ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ပေးခဲ့သည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်က ပြည်သူများ၏ လိုအပ်ချက်၊ ဌာနဆိုင်ရာများမှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မြို့မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောလင်းအောင်က အိမ်သုံးမီတာလျှောက်ထားခြင်းအတွက် လိုအပ်ချက်များနှင့် ဓာတ်အားသုံးစွဲသူများသိရှိလိုသော လျှပ်စစ်ဆိုင်ရာကိစ္စများ၊ မီတာဖတ်နည်း၊ ယူနစ်အလွှာအလိုက် ခွဲခြားနည်းတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေး၊ မြေဩဇာ၊ မျိုးကောင်းမျိုးသန့်တို့နှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ပုံစံ ၁၀၅ လျှောက်ထားရန် နည်းလမ်းများကိုလည်းကောင်း အသိပညာပေးဆွေးနွေးပြီး ပြည်သူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မကွေးတွင် ဥပဒေဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မကွေး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိ ဝန်ထမ်းများ အမှုလိုက်လုပ်ငန်းများ၊ ဥပဒေအကြံပေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်သွားနိုင်ရန်နှင့် တရားဥပဒေဆိုင်ရာကိစ္စရပ်များကို အဂတိကင်းစွာ ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပြုလုပ်သည့် ဥပဒေဆိုင်ရာလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းက တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများအနေဖြင့် အမှုလိုက်လုပ်ငန်းများနှင့် ဥပဒေအကြံပေးခြင်းလုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်ရန်နှင့် တရားဥပဒေဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာတွင် ဘက်လိုက်မှုကင်းစွာ၊ တရားမျှတမှုရှိစွာနှင့် အဂတိကင်းစွာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် လုပ်ငန်းများ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် တိုးတက်အောင်မြင်စွာ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းတင်ပြဆွေးနွေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်သီသီမာက ဥပဒေအရာရှိများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ၊ ရုံးလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များကို ကြိုးစားဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဥပဒေအရာရှိများက မိမိတာဝန်ယူဆောင်ရွက်ရသည့် ဥပဒေဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်သီသီမာက လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တို့မှ ဥပဒေအရာရှိ ၆၅ ဦးတို့က ဥပဒေအရာရှိဝန်ထမ်းများ တစ်ဦးချင်းအလိုက် ဥပဒေနှင့်ပတ်သက်သည့် အမှုလိုက်နည်းများ၊ ဥပဒေအကြံပေးခြင်းများ အရည်အသွေးပြည့်ဝလာစေရေး အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ဒက္ခိဏသီရိမြို့နယ်တွင် မြန်မာဆယ်မာအူးလ်အွန်ဒုံက အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ကျေးရွာသစ်စီမံကိန်း (မြန်မာဆယ်မာအူးလ်အွန်ဒုံ) က ကျေးရွာအတွင်းရှိ အခြေခံပညာနှင့် အဆင့်မြင့်ပညာ တက်ရောက်လျက်ရှိသော ကျောင်းသားကျောင်းသူများကို ဩဂုတ်လ ပထမပတ်မှ စတင်ကာ အင်္ဂလိပ်စာအခြေခံနှင့် အင်္ဂလိပ်စကားပြောသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျေးရွာသစ် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး (မြန်မာဆယ်မာအူးလ်အွန်ဒုံ)မှ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအနေဖြင့် ရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ဇွန်လက ပေ ၁၁၅၀ အရှည်ရှိ အုတ်စီရေမြောင်း ဖောက်လုပ်ခြင်း၊ ဩဂုတ်လက လေးလက်မ ပိုက်ရေတွင်း ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

ဆက်လက်၍ ဒေသခံများ ဝင်ငွေတိုးတက်ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင် ဆောင်ရွက်သူများအား အတိုးနှုန်း သက်သာစွာဖြင့် ကျပ်သိန်းပေါင်း ၅၁၀ ခန့် ထုတ်ချေးပေးလျက်ရှိခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသခံများအနေဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချစေနိုင်ပြီး အလုပ်အကိုင်အခွင့် အလမ်းများရရှိကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြု လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ရိုးရာယဉ်ကျေးမှုထိန်းသိမ်းနိုင်ရေးနှင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သောပစ္စည်းများထောက်ပံ့

**လွိုင်ကော် စက်တင်ဘာ ၂၁**

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများအားလုံး၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ပြသဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (လွိုင်ကော်ဌာနခွဲ) တွင် ယဉ်ကျေးမှုအမွေအနှစ်ပန်းချီကားများ ပြသနိုင်ရေးအတွက်လည်းကောင်း၊ မြို့နယ်အလိုက် အခြေခံပညာကျောင်း အနည်းဆုံးတစ်ကျောင်းတွင် ဘင်ခရာတပ်ဖွဲ့ တစ်ဖွဲ့ ဖော်ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း၊ အဆင့်မြင့်ပညာဖြစ်သော နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများတွင် ကယားပြည်နယ် ဂုဏ်ဆောင်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေရန် လိုအပ်သော အိုးစည်၊ ဒိုးပတ်၊ ပတ္တလားများ ထောက်ပံ့နိုင်ရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့်အတူ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်းတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တက်ရောက်လာသော တက္ကသိုလ်၊ အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်မှ တာဝန်ခံတို့က လိုအပ်သည်များ တင်ပြပြီး ထောက်ပံ့ပေးမှုနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပြသဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (လွိုင်ကော်ဌာနခွဲ) တွင် ယဉ်ကျေးမှုအမွေအနှစ်များ ပြသနိုင်ရေး၊ အသွင်သဏ္ဌာန်သာမက အနှစ်သာရပါပြည့်ဝလာစေရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် လိုအပ်သောပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ ထပ်မံ၍ (၈ × ၄) ပေ အရွယ်ရှိ ယဉ်ကျေးမှုအမွေအနှစ် ပန်းချီကား သုံးကားအတွက် ငွေကျပ် ၄၅ သိန်း၊ ပညာရေးကဏ္ဍလှုပ်ရှားဆောင်ရွက်မှုများ၊ သက်ဆိုင်ရာမြို့နယ်အလိုက် လိုအပ်သောနေရာများတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တတ်စွမ်းသောအားဖြင့် ပါဝင်လှုပ်ရှား ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်တစ်မြို့နယ်တွင် အခြေခံပညာကျောင်း အနည်းဆုံး တစ်ကျောင်း၊ ဘင်ခရာအဖွဲ့တစ်ဖွဲ့ ဖော်ဆောင်နိုင်ရေးအတွက် ဘင်ခရာပစ္စည်းမရှိသေးသည့် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်၊ ဘောလခဲခရိုင် ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းတို့အတွက် ဘင်ခရာပစ္စည်းဝယ်ယူရန် ငွေကျပ် ၆၆ သိန်းအား ထောက်ပံ့ခဲ့သည်။

ထို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ကယားပြည်နယ်ကိုယ်စားပြု ပြည်နယ်ဂုဏ်ဆောင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့တွင် ဖွဲ့စည်းထားသည့် တက္ကသိုလ် စာနယ်ဇင်းအသင်းများအတွက် အထောက်အပံ့ဖြစ်စေရေးတို့အတွက် လိုအပ်သော အိုးစည်၊ ဒိုးပတ်၊ ပတ္တလားအဆံနှင့် ပတ္တလားအိမ်တို့ ဝယ်ယူနိုင်ရေးအတွက် ငွေကျပ် ၁၇ သိန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**အောင်ထွန်းလေး**

တိုတိုထွာထွာ ဖတ်စရာ

## သုံးခွတွင် ဆိုင်ကယ်လိုင်စင် ကွင်းဆင်းသက်တမ်းတိုးပေး

**သန်လျင်**

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင် (ကညန) ရုံးမှ သုံးခွမြို့နယ် အမှတ် ၇ ရပ်ကွက် မြို့ဦးလေးကျွန်းမာရ်အောင်စေတီတော် ပရိဝုဏ်တွင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မော်တော်ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးပေးခြင်းနှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထို့ပြင်ယာဉ်မတော်တဆမှုများ မဖြစ်ပွားရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျလိုက်နာနိုင်ရန် တာဝန်ရှိသူများက အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## ဆေးဝါးများနှင့် မုန့်ဆိုင်များအား ပန်းတနော်၌ ရှောင်တခင်စစ်ဆေး

**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းမတိုက်နယ်ကျေးရွာအတွင်းရှိ အထက်တန်းကျောင်းနှင့် ဈေးအတွင်းအပြင်ရောင်းချသော ဆေးဆိုင်များ၊ မုန့်ဆိုင်များအား သက်တမ်းလွန်မုန့်များနှင့် စံမညီဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိကို စက်တင်ဘာ ၁၉ ရက်က ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

မြို့နယ်တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောင်းဈေးမုန့်ဆိုင်များနှင့် ဈေးအတွင်း ရောင်းချလျက်ရှိသော သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးပါသောမုန့်များနှင့် စားသုံးရန်မသင့်သောမုန့်များအား ရောင်းချခြင်းရှိ၊ မရှိနှင့် ဈေးအတွင်းအပြင်တွင် ရောင်းချလျက်ရှိသော မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ကြပြီး ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ချစ်ဦး(ပန်းတနော်)**

## စားသုံးသူပြည်သူများနှင့် လုပ်ငန်းရှင်များအား အသိပညာပေး

**ရန်ကုန်**

သုံးခွမြို့နယ် စားသုံးသူပြည်သူများနှင့် လုပ်ငန်းရှင်များအား အသိပညာပေးဟောပြောပွဲကို သုံးခွမြို့ ရှစ်မျက်နှာစေတီတော်ဝင်းအတွင်းရှိ မဟာဓမ္မရက္ခိတတန်ဆောင်း၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရွှေဖြူက ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်များကို ရွေးချယ်ဝယ်ယူသုံးစွဲနိုင်စေရေးနှင့် ခွင့်မပြုဓာတုဆိုးဆေးများ၊ ပိုးသတ်ဆေးပါဝင်နေမှုများ၊ စံမညီစားသုံးဆီများ၊ အရည်အသွေးမမီသောပစ္စည်းများ ထုတ်လုပ်မှုရှောင်ကြဉ်နိုင်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

## ဘိုကလေးမြို့တွင် မြေယာလျော်ကြေးပေးအပ်ပွဲကျင်းပ

**ဘိုကလေး**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁၅ မှ စက်ဆန်းချောင်းတံတားစီမံကိန်းတွင် တံတားနယ်မြေဧရိယာနှင့် မလွတ်ကင်းသည့် တောင်သူများ၏ လယ်ယာမြေများအား မြေယာလျော်ကြေးပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

စက်ဆန်းချောင်းကူးတံတားဆောက်လုပ်မှုစီမံကိန်းတွင် တံတားနယ်မြေဧရိယာများနှင့် မလွတ်ကင်းသည့် တောင်သူ ၄၆ ဦး၏ လယ်ယာမြေများကို ပြန်လည်မြေယာလျော်ကြေးပေးအပ်ခြင်းဖြစ်ပြီး ပထမအကြိမ်တွင် ငွေကျပ်သိန်းတစ်ထောင်၊ ယခုဒုတိယအကြိမ်တွင် ငွေကျပ် ၅၉၈ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မသန္တာ (ဘိုကလေး)**

## စိုက်ပျိုးရေး နည်းပညာသင်တန်း သီပေါ၌ဖွင့်လှစ်

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းပညာသင်တန်းပို့ချခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နည်းပညာသင်တန်းသို့ တက်ရောက်လာကြသော တောင်သူ ၁၀၀ ကျော်တို့သည် ပေါ်ကြိုကျေးရွာအုပ်စု ဘက်စုံစံပြစိုက်ခင်းတွင် ခေါင်နှံစိုက်ခင်းနှင့် SRI စိုက်ကွင်းတို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်းနှင့် ဝန်ထမ်းများက လက်တွေ့ကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ကျောက်တန်းမြို့နယ်တွင် မူလတန်းထက်ဆင့် ပုံပြောပြိုင်ပွဲကျင်းပ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက မူလတန်းထက်ဆင့် (တတိယတန်း) ပုံပြောပြိုင်ပွဲ ကျင်းပသည်။

ကျောင်းသား ကျောင်းသူများ စာဖတ်အားကောင်းမွန်၍ အသိပညာကြွယ်ဝတိုးတက်စေရန်နှင့် ရဲရင့်၍ စင်မကြောက်သောကလေးငယ်များဖြစ်လာစေရန် ရည်ရွယ်၍ တံတားအ-ထ-ကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမေအောင်နှင့် တံတားပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ တံတားမြို့ အ-ထ-က မဟောသဓာစာကြည့်တိုက်တွင် ကျောက်တန်းမြို့နယ် နယ်မြေ (၆) ကျောင်းမိသားစုများ၏ မူလတန်းထက်ဆင့် (တတိယတန်း) ပုံပြောပြိုင်ပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အောင်ဆွေ (ရွှေတံတား)**

# အာမခံထားရှိသည့် အလုပ်သမားအား နာမကျန်းဆေးကုသစရိတ် ထောက်ပံ့

**မြစ်ကြီးနား စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားရှိသည့် အလုပ်သမားတစ်ဦးအား နာမကျန်းမှုတွင် အသုံးပြုသည့် ကျန်းမာရေးဆေးကုသစရိတ်အား ပြန်လည်ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် Hotel MADIRA ရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က လူမှုဖူလုံရေးအဖွဲ့မှာ အလုပ်ရှင်နှင့် အလုပ်သမားများအတွက်ပါ အကျိုးကျေးဇူးရရှိစေတဲ့ အဖွဲ့တစ်ခုဖြစ်ပါကြောင်း၊ ဆေးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှုများပါ ခံစားခွင့်ရရှိစေတာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားရှိသည့် Hotel MADIRA မှ ဝန်ထမ်း ဒေါ်ဂျာနူးမိုင်အား မကျန်းမာမှုအတွက် နှလုံးခွဲစိတ်ကုသမှု ဆေးဖိုးကုန်ကျငွေကျပ် ၁၇၁၃၃၀၀ အား ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနားမြို့ပေါ်ရှိ လုပ်ငန်းရှင်များနှင့် အလုပ်သမားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ အင်အား ၄၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# လမ်းများပေါ် အကြောင်းမဲ့ အချိန်ကြာမြင့်စွာရပ်ထားသည့် တွဲကားများ ဆွဲယာဉ်ဖြင့်ဆွဲယူကာ ဒဏ်တပ်အရေးယူ

**မန္တလေး စက်တင်ဘာ ၂၁**



မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် အကြောင်းမဲ့ အချိန်ကြာမြင့်စွာရပ်တန့်ထားသော တွဲကားများကို သော့ခတ်ဆွဲယူဖယ်ရှားအရေးယူခြင်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဆောက်ရွက်ခဲ့ရာ စည်းကမ်းမဲ့တွဲကား ၄၈ စီး အရေးယူခဲ့ကြောင်း အခွန်ဌာနမှ သိရသည်။

မြို့တော်စည်ပင် အခွန်ဌာနမှ ကြီးကြပ်လျက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် လမ်းများပေါ်တွင် အချိန်ကြာမြင့်စွာရပ်ထားသည့် တွဲကားများ၊ နောက်တွဲယာဉ်များအား ရှင်းလင်းခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာလမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာမှအပ ယာဉ်များ အကြောင်းမဲ့ အချိန်ကြာမြင့်စွာရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ယာဉ်ပြုပြင်ခြင်း၊ ယာဉ်ထားရှိခြင်းတို့ကြောင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများဖြစ်ပေါ်စေသည့်အတွက် စီမံချက်ဖြင့် အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့သည်။

လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ယာဉ်ကို ဆွဲယူဖယ်ရှားကာ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေအရ ဒဏ်တပ်အရေးယူပြီး ယာဉ်ဆွဲယူရွှေ့ပြောင်းစရိတ်ငွေကျပ် တစ်သိန်းပေးဆောင်ရမည်ဖြစ်ပြီး ၂၄ နာရီအတွင်း လာရောက်ယူဆောင်ခြင်းမရှိပါက ရက်လွန်ဒဏ်ကြေး တစ်ရက်ကျပ်တစ်သောင်း ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သီဟကိုကို (မန္တလေး)**

# မန္တလေး-လားရှိုး-မူဆယ်ဂုတ်တွင်းလမ်းပိုင်း၌ တွဲယာဉ်တစ်စီးမှောက် ခေတ္တလမ်းပိတ်ဆို့မှုဖြစ်



**သီပေါ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး- လားရှိုး- မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချို ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် ၁၃/၄ ကုလားမကွေ့၌ ယနေ့နံနက် ၁၁ နာရီက ကော်ဖြတ်စများ တင်ဆောင်၍ မန္တလေးမှ မူဆယ်သို့သွားမည့် ယာဉ်မောင်း ဝဏ္ဏထွန်းမောင်းနှင်သော တွဲယာဉ်အမှတ် 11M /. . . . သည် နောက်တွဲမှောက်သွားပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်ကြောင့် အတက်၊ အဆင်းယာဉ်များ လမ်းပိတ်ဆို့မှုဖြစ်ပွားရာ ကျောက်မဲခရိုင်အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုကြောင့် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပုံမှန်အတိုင်း သွားလာနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကဝမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်

**ကဝ စက်တင်ဘာ ၂၀ ။** ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာသုံးရွာအနက် မိုးကရင်၊ မိုးမြန်မာကျေးရွာ နှစ်ရွာအား စက်တင်ဘာ ၂၀ ရက်က ကဝမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်နှင့် တာဝန်ရှိသူများ စီမံကိန်းကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**





ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့မီလန်ဖက်ရှင်သီတင်းပတ်မှာ ပါဝင်လျှောက်လှမ်းခဲ့ကြတဲ့ နာမည်ကျော်မော်ဒယ်လ်တွေဖြစ်ကြသည့် ကိုင်ယာဂါဘာ(ဝဲ)နှင့် ဘယ်လာဟာဒစ်(ယာ) တို့ကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က တွေ့ရစဉ်။

## ချစ်သူနဲ့ လမ်းခွဲပြီးနောက် မျက်ရည်တွေကို ရောင်းခဲ့တဲ့ နော့ဆိုင်းရပ်စ်




နာမည်ကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ နော့ဆိုင်းရပ်စ်ဟာ မကြာသေးမီက သူ့ရဲ့ချစ်သူတေးသံရှင် လီဇနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုလမ်းခွဲပြီးနောက် လတ်တလောမှာတော့ နော့ဆိုင်းရပ်စ်ရဲ့ မျက်ရည်ကို အွန်လိုင်းကနေတစ်ဆင့် ရောင်းချခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အွန်လိုင်းအရောင်းအဝယ်ဝက်ဘ်ဆိုက်တစ်ခုပေါ်မှာ နော့ဆိုင်းရပ်စ်ရဲ့ မျက်ရည်ပုလင်းကို အမေရိကန်ဒေါ်လာ ၁၂၀၀၀ နဲ့ ရောင်းချပေးနေတာဖြစ်ပါတယ်။ အဆိုပါဝက်ဘ်ဆိုက်မှ ဖော်ပြချက်အရ ဒီပုလင်းထဲမှာ မျက်ရည် ၁၂ စက်ခန့် ပါဝင်နေတာဖြစ်ပြီး အကန့်အသတ်နဲ့သာ ရနိုင်တာဖြစ်ကြောင်း၊ စတင်ရောင်းချချိန်မှ ၄၈ နာရီအတွင်းမှာသာ ဝယ်ယူရရှိနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဒီမျက်ရည်တွေဟာ နော့ဆိုင်းရပ်စ်ရဲ့ ဝမ်းနည်းမှုကြောင့် ပေါ်ထွက်လာတဲ့မျက်ရည်တွေ ဖြစ်ကြောင်းလည်း ပြောကြားထားပါတယ်။

နော့ဆိုင်းရပ်စ်ကလည်း ဒီလိုမျက်ရည်ကို ရောင်းချခဲ့တာနဲ့ပတ်သက်ပြီး သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တစ်စုံတစ်ယောက်ရဲ့ စွန့်ပစ်ပစ္စည်းဟာ အခြားသူအတွက် ရတနာဖြစ်နိုင်ကြောင်းလည်း ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

## ဂူထဲမှ ကယ်ထုတ်ခဲ့ရတဲ့အကြောင်းတွေကို ရုပ်ရှင်အဖြစ် အသက်သွင်း

ဂူအတွင်း ပိတ်မိနေခဲ့တဲ့ ထိုင်းလူငယ် ၁၂ ဦးနဲ့ သူတို့ရဲ့ နည်းပြကို ပြန်လည်ကယ်ထုတ်ခဲ့တဲ့ ဖြစ်စဉ်ကို ထိုင်းရုပ်ရှင်ကုမ္ပဏီတစ်ခုက ပြန်လည်ပုံဖော်ကာ အများရှေ့ချပြသွားမှာဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားကာ အေးရှားဝမ်းဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ နှစ်လခန့်က ထိုင်းနိုင်ငံမြောက်ပိုင်းက ဂူအတွင်း ပိတ်မိနေခဲ့ကြတဲ့ လူငယ်လေးတွေကို စတင်ဝင်ရောက်ခဲ့သည့်မှ ၁၁ ရက်အကြာမှာ ပြန်လည်ကယ်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီအကြောင်းအရာဟာ ကမ္ဘာတစ်ဝန်းက မီဒီယာတွေကို ဖမ်းစားနိုင်ခဲ့ပြီး ဒီအကြောင်းအရာနဲ့ပတ်သက်လို့ ရုပ်ရှင်အဖြစ် ဖန်တီးသွားဖို့ရာလည်း ဒေသတွင်း မီဒီယာတွေသာမက ဟောလိဝုဒ်မီဒီယာတွေကပါ စိတ်ဝင်စားခဲ့ကြပါတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ ထိုင်းရုပ်ရှင်ကုမ္ပဏီတစ်ခုက ဒီအကြောင်းအရာတွေကို ရုပ်ရှင်ရိုက်ကူးသွားမှာဖြစ်ပါတယ်။ လာမယ့် နိုဝင်ဘာလအတွင်းမှာတော့ ရိုက်ကူးရေးလုပ်ငန်းတွေကို စတင်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဗန်ကောက်မှာရှိတဲ့ ဒီဝါရန်ရုပ်ရှင်ထုတ်လုပ်ရေးက အဆိုပါရုပ်ရှင်ကို ထုတ်လုပ်သွားမှာဖြစ်ပြီး ဒါရိုက်တာအဖြစ် တွမ်ဝေါလာကတာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ပါတယ်။ ရုပ်ရှင်ရိုက်ကူးသွားမယ့် အစီအစဉ်ကို လက်ရှိမှာ အတည်ပြုခဲ့ပြီးဖြစ်ကာ အမည်ကိုတော့ "The Cave" လို့ ပေးထားကြောင်းလည်း သိရပါတယ်။

## ခရစ်စတယ်ရဲ့ အရယ်အပြုံးမဲ့တဲ့ မျက်နှာထားနဲ့ပတ်သက်ပြီး "The Player" အဖွဲ့သားများ ဝေဖန်

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၀ ရက်မှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဟွန်းနဲ့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် မင်းသမီးတစ်ဦးဖြစ်လာခဲ့တဲ့ ခရစ်စတယ်တို့ တွဲဖက်ပါဝင်ထားတဲ့ ရုပ်ရှင်သစ်အတွက် စာနယ်ဇင်းမိတ်ဆက်ပွဲကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲမှာတော့ "The Player" ရုပ်ရှင်မှာ ပါဝင်ထားကြတဲ့ ဇာတ်ဆောင်တွေက ဒီရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီး ခရစ်စတယ် ရဲ့ အရယ်အပြုံးမရှိဘဲ နေလေ့ရှိတဲ့ မျက်နှာထားနဲ့ပတ်သက်ပြီး ထုတ်ဖော်ဝေဖန်ခဲ့ကြကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဒီအခမ်းအနားမှာ မင်းသား ဆောင်းဆန်ဟွန်းက စတင်ပြီး ခရစ်စတယ်နဲ့ပတ်သက်ပြီး ပြောကြားလာတာဖြစ်ပါတယ်။ သူက "ခရစ်စတယ်ဟာ အေးစက်တဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် သူပြုံးတတ်ပါတယ်။ ပြုံးလိုက်ရင်လည်း တကယ့်ကိုငယ်ရွယ်တဲ့ မိန်းမငယ်လေးနဲ့တူပါတယ်။ ဒါကလည်း သူ့ရဲ့မျက်နှာထားပေါ့။ ကျွန်တော်တို့ကတော့ သူ့ကို ကျွန်တော်တို့ကို မျက်စောင်းထိုးမကြည့်ဖို့ ပြောရတယ်"လို့ ထုတ်ဖော်ပြောကြားလာပါတယ်။

အတူတွဲဖက်ပါဝင်ထားကြတဲ့ ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား လီဆီအန်းနဲ့ တေးဝန်ဆပ်တို့က ခရစ်စတယ်ဟာ ပြုံးနေလေ့ရှိသူမဟုတ်ပေမယ့် လူကောင်းတစ်ဦးဖြစ်ကြောင်း၊ အစပိုင်းမှာ အေးစက်တယ်လို့ ထင်ခဲ့ရပေမယ့် နောက်ပိုင်းမှာတော့ ပျော်ပျော်နေတတ်သူတစ်ဦးဖြစ်တာကို တွေ့ခဲ့ရကြောင်း ပြောကြားခဲ့ကြပါတယ်။

ခရစ်စတယ်ကတော့ ဒီရုပ်ရှင်နဲ့ပတ်သက်ပြီး သူ့ရဲ့ အတွေ့အကြုံကို ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ သူက ရုပ်ရှင်မှာပါဝင်တဲ့ ဇာတ်ဆောင်လေးဦးအနက် သုံးဦးဟာ အမျိုးသားများဖြစ်ကာ သူတစ်ဦးတည်း အမျိုးသမီးဖြစ်တာကြောင့် အစပိုင်းမှာ စိုးရိမ်စိတ်တွေရှိခဲ့ကြောင်း၊ နောက်ပိုင်းမှာတော့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကူညီဖေးမမှုတွေကြောင့် အဆင်ပြေခဲ့ကြောင်း၊ ဒါရိုက်တာကလည်း သူ့အပေါ် ဂရုတစိုက်ရှိကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဆောင်းဆန်ဟွန်းရဲ့ ထွက်ရှိခဲ့သမျှသော ရုပ်ရှင်တွေဟာ အောင်မြင်ခဲ့ပြီး သူ့ရဲ့ပရိသတ်တွေအနေနဲ့လည်း လတ်တလောမှာတော့ ရင်ခုန်စရာဖြစ်ခဲ့ရပါပြီ။ ဒါကတော့ ဆောင်းဆန်ဟွန်းဟာ ထိတ်လန့်ဖွယ်သည်းထိတ် ရင်ဖိုရုပ်ရှင်မျိုးဖြစ်တဲ့ "The Player" မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတာကြောင့် ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာတော့ ဆောင်းဆန်ဟွန်းနဲ့ တွဲဖက်ကာ အမျိုးသမီး ကေပေ့ါပ်တေးဂီတအဖွဲ့ "f(x)"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခရစ်စတယ်က ပါဝင်ထားတာ ဖြစ်ပါတယ်။

ဆောင်းဆန်ဟွန်းဟာ ဒီရုပ်ရှင်မှာ ရာဇဝတ်မှုတွေကနေ ရရှိထားတဲ့ ငွေကြေးတွေကို ပြန်လည်ရယူသိမ်းဆည်းရတဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ သူ့ရဲ့အဖွဲ့မှာတော့ ဟက်ကာတစ်ဦးအဖြစ် ပါဝင်ထားတဲ့ လီဆီအန်း၊ တိုက်ခိုက်ရေးသမားကောင်းတစ်ဦးဖြစ်တဲ့ တေးဝန်ဆပ်နဲ့ ကားမောင်း အလွန်ကျွမ်းကျင်သူအဖြစ် ပါဝင်ထားတဲ့ ခရစ်စတယ်တို့ သုံးဦး ပါဝင်ပါတယ်။

ဒီရုပ်ရှင်နဲ့ပတ်သက်ပြီး ဆောင်းဆန်ဟွန်းက သူ့အနေနဲ့ အနုပညာခရီးတစ်လျှောက် ပါဝင်သရုပ်ဆောင်ခဲ့ဖူးခြင်း မရှိသေးတဲ့ ဇာတ်ကောင်နေရာကို သရုပ်ဆောင်ကြည့်ဖို့ရာ ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ မင်းသားက "ကင်ဟာရီ (ဆောင်းဆန်ဟွန်း ပါဝင်ထားတဲ့ ဇာတ်ကောင်)ရဲ့ ဇာတ်ကောင်စရိုက်ဟာ ကျွန်တော်အရင်က ကြိုက်နှစ်သက်ခဲ့ရတဲ့ အရာတွေနဲ့ လုံးဝကို ခြားနားတဲ့ ခံစားချက်မျိုးပေးပါတယ်။ ဒါကြောင့် ဒီရုပ်ရှင်မှာ အရာရာတိုင်းဟာ အသစ်ဖြစ်ပြီး စိတ်လှုပ်ရှားမှုတွေလည်း ပေးပါတယ်။ ကျွန်တော့်မှာ တစ်လျှောက်လုံးရှိလာတဲ့ သရုပ်ဆောင်တဲ့ ပုံစံကနေ ကွဲထွက်နေတဲ့ မတူညီတဲ့ပုံစံဖြစ်အောင်လည်း ကြိုးစားထားပါတယ်။ ဟာရီမှာ အတိတ်က ဖြစ်ရပ်ဆိုးတွေ ရှိပါတယ်။ ဒါပေမယ့် သူဟာ ထက်မြက်ပြီး ဟာသဉာဏ်ရွှင်တဲ့သူတစ်ဦး ပုံပေါ်အောင် နေထိုင်နေသူလည်း ဖြစ်ပါတယ်။ သူဟာ အရာရာအဆင်ပြေနေပြီး သန်မာချင်ယောင်ဆောင်ထားပေမယ့် တစ်ဖက်မှာတော့ သူ့ရဲ့ အတွင်းစိတ်မှာ အလွန်ကို နာကျင်နေပါတယ်။ ဒီခံစားမှုတွေဟာ ကျွန်တော့်ရဲ့ တကယ့်ဘဝနဲ့ ဆင်တူပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

"The Player" အတွက် အစမ်းဓာတ်ပုံတွေနဲ့ ဗီဒီယိုကိုလည်း ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တာ တွေ့ရပါတယ်။ တိုက်ခိုက်ရေးရုပ်ရှင်ဖြစ်တာကြောင့် စိတ်လှုပ်ရှားစရာ ရုပ်ရှင်တစ်ကား ဖြစ်မှာပါ။ ဒီရုပ်ရှင်မှာတော့ ဇာတ်လမ်းအပိုင်းပေါင်း ၁၄ ပိုင်း ပါဝင်နေတာဖြစ်ပါတယ်။

## အိမ်ထောင်ရေးကို အဆုံးသတ်လိုက်ဖွယ်ရှိနေတဲ့ လီယောင်အေး

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ လီယောင်အေးကို မြန်မာပရိသတ်တွေအနေနဲ့ ချန်ဂင်အဖြစ် အစွဲပြုခေါ်ဝေါ်ခဲ့ကြတာဖြစ်ပါတယ်။ လတ်တလောမှာတော့ လီယောင်အေးဟာ အိမ်ထောင်ရေးအဆင်မပြေကြောင်းနဲ့ သူ့ရဲ့ အိမ်ထောင်ရေးကိုတောင် အဆုံးသတ်လိုက်ဖွယ်ရှိနေကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီယောင်အေးဟာ ၂၀၀၉ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ အိမ်ထောင်ရှင်ဘဝမှာတော့ သူ့ရဲ့ ပုဂ္ဂိုလ်ရေးနဲ့ပတ်သက်ပြီး လျှို့ဝှက်ထားကာ အနုပညာလှုပ်ရှားမှုတွေကိုလည်း ရပ်နားထားခဲ့ပါတယ်။ သူ့ရဲ့ အိမ်ထောင်သက်အတွင်း အမွှာရင်သွေးလေးနှစ်ဦး ရရှိခဲ့ပြီးဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်းမှာတော့ အနုပညာလောကမှ ဆယ်စုနှစ်တစ်ခုနီးပါး ကွဲကွာနေခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ရုပ်သံဇာတ်လမ်းတွဲကို ပြန်လည်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲဟာလည်း နန်းတွင်းကားဖြစ်ပြီး ဒီရုပ်ရှင်မှာတော့ လီယောင်အေးဟာ ကလေးတွေရဲ့ မိခင်တစ်ဦးအဖြစ် ပါဝင်ထားတာပါ။ ဒီဇာတ်လမ်းတွဲမှာတော့ လီယောင်အေးဟာ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်းဆန်ဟွန်းနဲ့ တွဲဖက်ရိုက်ကူးထားတာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၄၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီယောင်အေးဟာ ခင်ပွန်းဖြစ်သူနဲ့ လမ်းခွဲခဲ့ရတာ သူတို့နှစ်ဦးရဲ့ သဘောထားနဲ့ စရိုက်တွေ မတူညီကြတာကြောင့် ဖြစ်တယ်လို့ ပြောကြားခဲ့ဖူးတယ်လို့လည်း သိရပါတယ်။



အေးပြည့် - ရေးသားသည်

## (၅၄) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ရထားရဲတပ်ဖွဲ့**

ရထားရဲတပ်ဖွဲ့ အမှတ် ၃ ရထားရဲတပ်ခွဲမှူးရုံး(ရန်ကုန်)နှင့် ကွက်ကဲမှုအောက်ရှိ အမှတ်(၁၂/၁၃/၁၄)တပ်ခွဲတို့မှ တပ်ဖွဲ့ဝင် ၂၆ ဦးတို့သည် စက်တင်ဘာ ၂၀ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် စုပေါင်းသွေးလှူဒါန်းခဲ့ရာ ထိုသွေးလှူဒါန်းပွဲသို့ ရထားရဲတပ်ဖွဲ့ အမှတ် ၃ ရထားရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး စိုးနိုင်အောင်နှင့် တပ်ခွဲမှူးများ၊ အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်တို့က လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး ကြက်ဥ၊ အချိုရည်နှင့် မုန့်များပေးဝေခဲ့ကြောင်း သိရသည်။ **ကိုရဲ**



**ပြည်**

အမှတ် ၁၀ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူးဒုရဲမှူးကြီးသန့်စင်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၅၀ တို့သည် စက်တင်ဘာ ၁၅ ရက်နံနက် ၇ နာရီက ပြည်မြို့ ဘိုးဘွားရိပ်သာအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**နေပြည်တော်**

ကချင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့စုဝင်များ စုစုပေါင်း ၆၆ ဦးတို့ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထက်လွင်တို့ တက်ရောက်အားပေးခဲ့ပြီး သွေးလှူရှင် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

## ပုပ္ပားတောင်ဝန်းကျင်ကျေးရွာမှ ဒေသခံများ ရာသီပေါ် မှိုရှာဖွေရောင်းချခြင်းဖြင့် စီးပွားရေးတွက်ခြေကိုက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၁**

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးပတ်လည်ရှိကျေးရွာများ ရာသီပေါ် မှိုများရှာဖွေရောင်းချခြင်းဖြင့် မိသားစုစီးပွားရေး တွက်ခြေကိုက်နေကြကြောင်း မှိုရောင်းချသူများထံမှ သိရသည်။

ပုပ္ပားတောင်ပတ်ဝန်းကျင် ကျေးရွာအများစုသည် ဝါဆို၊ ဝါခေါင်လများတွင် ပေါက်လေ့ရှိသည့် အင်မှို၊ ကြက်တောင်မှို၊ ထီးတိုင်းမှို၊ ဖိုးသူတော်မှို၊ ဘီးကြိမှို၊ ဘီးစိတ်မှို၊ ငှက်စွတ်မှို၊ မှိုနီစပ်၊ ဝါဆိုတောင်ဘို့မှို၊ ကျင်းမှို၊ ဝါးရင်းမှို၊ အင်ဥ၊ မြေဥတို့အား ရှာဖွေတူးဖော် ကောက်ယူရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ တွက်ခြေကိုက်နေကြကြောင်းနှင့် အင်တိုင်းတောရှိသည့်နေရာတိုင်း အင်မှိုများအလွယ်တကူရှာဖွေကောက်ယူရောင်းချနိုင်ပြီးအင်မှိုတစ်ပိဿာလျှင် ကျပ် ၄၀၀၀ ရောင်းချရပြီး ကျင်းမှို၊ ဝါဆိုတောင်ဘို့မှို တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ရောင်းရကြောင်း၊ ကျင်းမှို၊ ဝါဆိုတောင်ဘို့မှို ရှာဖွေရောင်းချနေသည့် လဲဂွကျေးရွာနေ ဦးကျော်ရွှေက ပြောပြသည်။

ဝါဆိုတောင်ဘို့မှိုသည် အများအားဖြင့် ဝါဆိုလတွင်သာ ပေါက်လေ့ရှိပြီး ကျင်းမှိုသည် တော်သလင်း၊ သီတင်းကျွတ်လတို့တွင် ပေါက်လေ့ရှိသည်။ ကျင်းမှိုပေါက်သည့်နေရာ တွေ့သည့်ရက်တို့အား မှတ်သားထားကာ လာမည့်နှစ် မှိုပေါက်ချိန်တွင် ပြန်လည်ပေါက်လေ့ရှိကြောင်းနှင့် အချို့ကျင်းမှိုကျင်းများမှာ တစ်နှစ်ကျော်မှ (နှစ်ချို့) ပေါက်လေ့ရှိပြီး များသောအားဖြင့် နှစ်တိုင်းပေါက်လေ့ရှိသည်။ မှိုတူးယူသည့်အခါ မှိုစာအိုးများအား ကြေမွမသွားအောင် ဂရုစိုက်တူးမှသာ နောက်နှစ်ပြန်ပေါက်ပြီး မှိုစာအိုးထိခိုက်သွားပါက နေရာရွှေ့ ပေါက်သွားတတ်ကြောင်း၊ မှိုရာသီချိန်တိုင်း ရှာဖွေရောင်းချနေသည့် လက်ပံ့အိုင့်ကျေးရွာ ဦးစံသိန်းက ပြောပြသည်။

မှိုရှာဖွေရောင်းချသူများသည် မိမိတို့တွေ့ရှိသည့် မှိုကျင်းများအား တွေ့ရှိသည့် နေရာတစ်ဝိုက်အား အမှတ်အသား ပြုလုပ်ထားခြင်းဖြင့် ပိုင်ရှင်ရှိသည်ဟု သတ်မှတ်လေ့ရှိကာ အခြားယာထဲတွင် တွေ့ရှိပါကလည်း တွေ့ရှိသူသာ မှိုကျင်းပိုင်ရှင်အဖြစ် စည်းကမ်းထားကြကြောင်းသိရသည်။ ကျင်းမှိုတစ်ကျင်းတွေ့လျှင် ၅၀ ကျပ်သားမှ ၁၀ ပိဿာထိရရှိကြောင်း၊ မှိုရာသီချိန်ရောက်လျှင် ရှာဖွေရောင်းချသူများဝင်ငွေ တွက်ခြေကိုက်နေကြကြောင်း ငွေးကုန်းကျေးရွာ မှိုရှာဖွေရောင်းချသူ ဦးသန်းနိုင်က ပြောပြသည်။

**ကိုထိန်(ငါ့သရောက်)**

## ကျုံးအတွင်း ငါးများရှင်သန်စေရေးဂေဟစနစ်ကောင်းမွန်ရန်ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ကျုံးအတွင်း ငါးများရှင်သန်ပေါက်ပွားရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးအတွက် စက်တင်ဘာလ ဒုတိယပတ်မှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။

ကျုံးရေ၏ Ph ပါဝင်နှုန်း ငါးများရှင်သန်နိုင်မှု အခြေအနေများကို ကျုံးမျက်နှာ လေးရပ် နေရာရှစ်နေရာမှ ရေနမူနာများရယူ၍ ရေအရည်အသွေး ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးခဲ့သည်။ ကျုံးရေသန့်ရှင်းရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများ၊ ဌာနမှ ခေတ်မီမှော်ဆယ်စက်ကြီးဖြင့် ရေမှော်များ၊ သစ်ရွက်ခြောက်၊ အမှိုက်များ၊ လမ်းသွားလမ်းလာများ ကျုံးအတွင်း စည်းကမ်းမဲ့ စွန့်ပစ်သည့် အမှိုက်များအား တစ်ပတ် ခြောက်ရက် ဆယ်ယူပေးလျက်ရှိသည်။ မန္တလေးကျုံးအတွင်းတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အပါအဝင် အခါကြီးရက်ကြီးများတွင် ငါးသားပေါက်များ ဇီဝိတဒါနဘေးမဲ့လွှတ်ကြရာ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ တီလားပီယား၊ ငါးခူ၊ ငါးရံ့မျိုးစိတ်များရှိကြောင်း ငါးများပေါက်ပွားရှင်သန်စေရေး အသားစားငါးများ ကျုံးအတွင်း မလွှတ်သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အကြံပြုထားသည်။

ယခင်က ကျုံးဘေးတွင် ငါးစာ၊ ခိုစာ ရောင်းချခြင်းများရှိပြီး ငါးများအား ပေါင်မုန့်၊ ထမင်းကျန်များ ကျွေးမွေးမှုများကြောင့် ရေထုညစ်ညမ်းပြီး ငါးများ အစာအဆိပ်သင့်မှုများ ဖြစ်ပေါ်စေသဖြင့် စက်တင်ဘာလဆန်းမှစတင်ကာ ကျုံးရေသန့်ရှင်းရေး၊ ဂေဟစနစ်ကောင်းမွန်စေရေး ကျုံးပတ်လည် ငါးစာ၊ ခိုစာများ ရောင်းချခြင်း၊ ကျွေးမွေးခြင်းများကို တားမြစ်ထားပြီး မလိုက်နာပါက စည်ပင်သာယာရေးကော်မတီဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ (မန္တလေး)**



## မူခင်းဆိုင်ရာများ အသိပညာပေးဟောပြော

**နေပြည်တော်**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် Htet Media Group တို့ပူးပေါင်း၍ စက်တင်ဘာလ တတိယပတ်က တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၇၀၀ တို့အား မူခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောခဲ့ပြီး နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဝင်းနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင့်ဇော်ထွန်း**

**ရန်ကုန်**

ရွှေပေါက်ကံနယ်မြေ ခေတ္တရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းဦးသည် စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ရွှေပေါက်ကံမြို့သစ် ၁၄ ရပ်ကွက် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး ဟောပြောခဲ့ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**

## ချင်းရိုးရာရက်ကန်းလုပ်ကိုင်သူများ အလုပ်သမားရှားပါးမှုများကြောင့် ရပ်နားထားရ

**ကလေး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ချင်းရိုးရာရက်ကန်းလုပ်ကိုင်သူများအနေဖြင့် ယခုနှစ် မိုးရာသီကာလ ချည်ထည်စျေးများ ကြီးမြင့်မှုများနှင့် အလုပ်သမားရှားပါးမှုများကြောင့် ရက်ကန်းလုပ်ငန်းများ ရပ်နားထားရကြောင်း ရွှေထိပ်တန်း ချင်းရိုးရာရက်ကန်းအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နိုင်၏ ပြောပြချက်အရ သိရသည်။

"ကျွန်တော်တို့ ရိုးရာရက်ကန်းလုပ်ငန်းရှင်တွေအနေနဲ့ ချည်စျေးတွေကလည်း စျေးကြီးလာတယ်၊ ယခင်တုန်းကဆို ချည်ထည်တစ်ပိဿာကို ကျပ် ၂၉၅၀၀ ကနေ ယခု ကျပ် ၃၁၀၀၀ ဖြစ်လာတယ်၊ ပိုးထည်ဆိုရင် ကျပ် ၉၅၀၀ ကနေ ယခု ကျပ် ၁၅၀၀၀အထိ စျေးတွေမြင့်လာတယ်၊ ထက်ဝက်ကျော်ကို စျေးတွေကမြင့်သွားတယ် ချည်ထည်တွေကို ကုန်သည်ကြီးတွေကနေတစ်ဆင့် ဝယ်ရတယ်၊ သူတို့ဆီကနေ ချည်တွေယူထားပြီး အချောထည်တွေကိုပြန်သွင်းရပါတယ်၊ အချောထည်တွေ ပြန်သွင်းတဲ့အခါကျတော့ စျေးနှုန်းက ယခင်စျေးအတိုင်းပဲ တိုးမရဘူး နောက်ပြီး ပြင်ပပေါက်စျေးထက် စျေးကနှိမ်ပြီးဝယ်တယ်၊ ဒါကြောင့် အလုပ်သမားတွေကိုလည်း လုပ်အားခ တိုးမပေးနိုင်ဘူး၊ အလုပ်သမားတွေကလည်း သူတို့အတွက် နေ့တွက်မကိုက်တော့ မလုပ်ကြတော့ဘူးပေါ့" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ရက်ကန်းအလုပ်သမားများကို ရက်လုပ်သည့်ချည်ထည်၏တန်ဖိုး ကျပ် ၃၀၀၀၀ တွင် လုပ်အားခအတွက် ကျပ် ၁၀၀၀၀ ပေးရကာ ကျပ် ၁၅၀၀၀ တန်ဆိုပါက ကျပ် ၄၀၀၀ ခန့်ပေးကြောင်းသိရပြီး တစ်ရက်လျှင် တစ်ကွင်းရက်လုပ်ပြီးသည့် ကျွမ်းကျင်အလုပ်သမားများလည်းရှိကြောင်း သိရသည်။

ရက်ကန်းလုပ်ငန်း ရက်လုပ်သူများသည် သူတို့အတွက် နေ့တွက်ခ ပိုမိုရသည့် ပန်းရန်လုပ်ငန်း၊ လမ်းလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများက ရက်ကန်းရက်သည့်လုပ်ငန်းထက် နေ့တွက်ခ ပိုမိုသေချာကြောင်း၊ နေ့တွက်ခလည်း ပိုမိုရကြောင်း၊ ဒါကြောင့် ရက်ကန်းလုပ်ငန်းကို မလုပ်တော့ဘဲ လမ်းလုပ်ငန်းမှာသာ လုပ်ကိုင်တော့ကြောင်း ယခင်ရက်ကန်းလုပ်ငန်းလုပ်ကိုင်ခဲ့ဖူးသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကလေးမြို့ အသေးစား ချင်းရိုးရာထည်လုပ်ကိုင်သူများအနေဖြင့် အမြတ်အစွန်းအကျိုးခံစားမှုနည်းပြီး ကုန်သည်ကြီးများကသာ အကျိုးခံစားမှုများပြားနေသည့်အတွက် ရိုးရာလုပ်ငန်းလုပ်ကိုင်သူများ အခက်တွေ့နေရကြောင်း သိရသည်။

**သျှင်နေမင်း (ဂန့်ဂေါ)**



## မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**မြိတ်**

မြိတ်မြို့မရဲစခန်းနယ်ထိန်းအဖွဲ့မှ ဒုရဲအုပ် ထွန်းထွန်းနိုင်ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က မြိတ်မြို့ အလယ်ကျွန်းနယ်မြေ ဝန်ထမ်းရပ်ကွက် မြက်ခြံလမ်းနေ မဖြူသွယ်လတ်၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ သုံးစွဲရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။ အဆိုပါအိမ်တွင် မဖြူသွယ်လတ် (ခ) ဟာဘီဆွာနှင့် စောမိုးစက် (ခ) မိုဆေးတို့နှစ်ဦးအား တွေ့ရှိပြီး ၎င်းတို့၏ ခန္ဓာကိုယ်နှင့် နေအိမ်အားသက်သေများနှင့်အတူရှာဖွေ့ရာ နေအိမ်အနောက် မီးဖိုချောင်ခန်းရှိ မီးဖိုပေါ်တွင်တင်ထားသည့် မိန်းမကိုင်လက်ကိုင်အိတ်အတွင်းမှ အဝါရောင်အအေးစုပ်ပိုက်ဖြင့်ထည့်လျက် WY စိတ်ကြွရူးသွပ်ဆေးပြား ၄၉၆ ပြား ရှာဖွေ့တွေ့ရှိဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

**ပိုင်ကျုံ**

ကရင်ပြည်နယ် ပိုင်ကျုံနယ်မြေစခန်းမှူး ရဲအုပ်ဟန်နိုင်ဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၀ ရက်က လှိုင်းဘွဲ့-ပိုင်ကျုံကားလမ်းဘေး မိုင်တိုင် ၁၃/၈ နှင့် ၁၃/၆ ကြားတွင် သတင်းအရစောင့်ဆိုင်းနေစဉ် အောင်ထွန်း (ခ) ပြောင်ကြီးမောင်းနှင်ပြီး စောတာပေါ (ခ) စောခရိန် (ခ) ဖူးပေါလိုက်ပါလာသည့်ဆိုင်ကယ်အား ရှာဖွေစစ်ဆေးရာ WY စာတန်းပါ မူးယစ်ဆေးဝါး ၅၅ ပြားနှင့်မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် အရှည်လေးလက်မခွဲခန့် လုံးပတ် တစ်စင်တီမီတာခန့် အခေါင်းပါဝါးပြောင်းတစ်ချောင်းတို့အား ရှာဖွေတွေ့ရှိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစော**

**ကျိုက်မရော**

မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲ မူခင်းအကူဌာနစုမှ ရဲအုပ်ကျော်ဆန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးသတင်းအရ မုဒုံ-ကြာအင်းဆိပ်ကြီးလမ်းဘေးရှိ ရွှေစင်အလှုပြင်ဆိုင်သို့ ဝင်ရောက်ရှာဖွေရာ မရွှေစင်(ခ) ဇင်ယော်မနှင့် မိခင်ဖြစ်သူ ဒေါ်ခင်ထားတို့အား တွေ့ရှိပြီး WY စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၄၂ ပြား၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများကို တွေ့ရှိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ကျောက်ကြီးမြို့၌ ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ကျောက်ကြီး စက်တင်ဘာ ၂၁**

အကြိမ် (၁၃၀) မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအရှေ့ တောင်ငူခရိုင် ကျောက်ကြီးမြို့ အနော်ရထာလမ်း မြို့လယ်တံတားထိပ်ရှိ အဆိုပါပွဲတော်မုခ်ဦး၌ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီ က ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အ-ထ-က ကျောင်းမှ ဘင်ခရာအဖွဲ့များ၊ တိုင်းရင်းသားရိုးရာဝတ်စုံအဖွဲ့များ၊ မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ကျောက်ကြီးမြို့လယ်ချောင်းအတွင်း တက်ခုတ်ယိမ်းအကဖြင့် ကပြဖျော်ဖြေခြင်း၊ ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ချောတိုင်တက်ပွဲများ ပြုလုပ်ကြပြီး ည ၇ နာရီတွင် ရှင်ဥပဂုတ္တရဟန္တာမြတ်အား တော်သလင်းလဆန်း ၁၂ ရက်ညမှ တော်သလင်းလပြည့်ကျော် ၁ ရက်ထိ ညစဉ်ညတိုင်း မီးကြာခွက်များမီးမျှောပူဇော်ကြမည်ဖြစ်သည်။

ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲအား နှစ်စဉ်ကျင်းပလာခဲ့သည်မှာ အကြိမ် (၁၃၀) မြောက်ရှိပြီဖြစ်ပြီး အစဉ်လာကြီးမားမွန်မြတ်သည့် ဘာသာရေးပွဲတော်နှင့် တစ်မြို့နယ်လုံး၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သည်နှင့်အညီ စက်တင်ဘာ ၁၇ ရက်မှ ၂၅ ရက်ထိ ကုန်းပွဲနှင့် ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်လျက်ရှိသောကြောင့် အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာ ဧည့်ပရိသတ်များဖြင့် အလွန်စည်ကားသော ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး



**သထုံ စက်တင်ဘာ ၂၁**

သထုံမြို့နယ် သုဓမ္မဝတီနယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ချို ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲမှစတင်၍ သထုံမြို့ ဒူးရင်းဆိပ်ကျေးရွာအုပ်စု ကြာပန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြော ပြသခဲ့ပြီး တက်ရောက်လာသူများအား မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **လှိုင်ထွန်းအောင်**

## ဆွာချောင်းရေကြီး ရေလျှံမှုကြောင့် စပါးအထွက်နှုန်းကောင်းမွန်နိုင်

**ရေတာရှည် စက်တင်ဘာ ၂၁**

ဆွာချောင်းရေကြီးရေလျှံမှုကြောင့် စပါးခင်းများအတွင်း တင်ကျန်ရစ်ခဲ့သည့် နုန်းများကြောင့် ပင်စည်အာဟာရပြည့်ဝကာ စပါးခင်းများအနေဖြင့် မြေသြဇာကြဲပက်သည်ထက်ပင် ပိုမိုကောင်းမွန်လာသည့်အတွက် အထွက်နှုန်းပိုမိုကောင်းမွန်နိုင်မည်ဖြစ်ကြောင်း တောင်သူများက ခန့်မှန်းသုံးသပ်ထားကြသည်။

"ရေပြန်ကျပြီး နောက်တစ်ရက်ကျော်မှ စပါးခင်းတွေ အကုန်ပြန်ပေါ်လာတယ်၊ ချက်ချင်းကို သိသိသာသာ မြေသြဇာကြဲတာထက်တောင် ကောင်းသေးတယ်၊ စပါးခင်းတွေ မှိုင်းပြာပြီး စိမ်းတက်လာတာ နုန်းအနှစ်တွေကတော့ မြေဆီသြဇာအတွက် သုံးနှစ်သုံးမိုးလောက် ကောင်းနေဦးမှာပါ။ နောက်ထပ်လည်း မြေသြဇာကျွေးစရာမလိုတော့ အကုန်အကျအများကြီးသက်သာသွားတယ်"ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

လက်ရှိတွင် ရက်ကိုးဆယ်စပါးမျိုးများ အနှံများထွက်နေပြီး သက်လတ်နှင့် သက်ကြီးစပါးခင်းများအနေဖြင့် နောက်ထပ် မြေသြဇာကြဲပက်ရန် မလိုအပ်တော့သည့်အတွက် တောင်သူများအနေဖြင့် တစ်ဧကလျှင် ကျပ်သုံးသောင်းနှင့်အထက် သက်သာသွားနိုင်ကြမည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ အသက် ၉၃ နှစ် အရွယ် အဘိုးဦးဘခန့်အား ၂၀၁၈ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွက် တစ်လလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာ ကျပ် ၃၀၀၀၀ လူမှုရေး ပင်စင်ကို ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူးက စက်တင်ဘာ ၂၀ ရက် နံနက်တွင် အိမ်တိုင်ရာရောက် ပေးအပ်ခဲ့စဉ်။

ကိုပေါက် (ဥတ္တရာမြေ)

## တိုတိုထွာထွာ ဖတ်စရာ

### ဂန့်ဂေါမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေး

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက တောင်ပြင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်နွယ်က ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာများနှင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်းများကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက သီးနှံစိုက်ပျိုးမြေများတွင် ကြုံတွေ့ရတတ်သော မြေဆီလွှာပြဿနာများနှင့် ဖြေရှင်းနည်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်ဇော်က စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးရေးတို့ကိုလည်းကောင်း ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **၄၆၅**

### ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အမှတ် ၁ ရပ်ကွက် အမှတ် ၅ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် သွားရောက်ပြီး နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ဇမိမြေ)**

### အသိပညာပေးဟောပြောပွဲ၊ နံရံကပ်ပိုစတာနှင့် ဓာတ်ပုံများပြသ

**ရန်ကုန်**

ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲ၊ နံရံကပ်ပိုစတာနှင့် ဓာတ်ပုံများပြသပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ခရမ်းမြို့ အ-ထ-က ၂ (မြို့မ)ကျောင်းခန်းမတွင် ကျင်းပသည်။

မြို့မကျန်းမာရေးမှူးနှင့် ဆရာမများက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကူးစက်ရောဂါများအကြောင်း၊ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ သစ်သီးသစ်ရွက်နှင့် ဆေးဖက်ဝင်အပင်များအကြောင်းနှင့် မြို့ နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပြီး လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် နံရံကပ်ပိုစတာ၊ စာစောင်များ၊ ဓာတ်ပုံများ ပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများ စလင်း၌ ကွင်းဆင်းဆောင်ရွက်ပေး

**စလင်း**

မကွေးတိုင်းဒေသကြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို စလင်းမြို့နယ် သရက်ချဉ် အ-ထ-က(ခွဲ) ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဦးစီးမှူးဦးအောင်ကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်၊ မြို့နယ်လ-ဝ-ကမှူး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူ ၂၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### ကျောင်းကုန်းမြို့တွင် စံမညီဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် ဆေးဆိုင်များအား စံမညီဆေးဝါးရောင်းချခြင်း ရှိ၊ မရှိကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က လှည့်လည်စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

### မြစ်သားမြို့နယ်တွင် မွေးမြူရေးပညာပေးသင်တန်းဖွင့်

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခြေခံတိရစ္ဆာန်မွေးမြူရေး ပညာပေးသင်တန်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမျိုးတင့်က မွေးမြူရေးပညာတွေကို ကိုယ့်ဒေသမှာ လက်တွေ့အသုံးချကာ အခြားသူများကိုလည်း ဖြန့်ဖြူးပေးစေလိုကြောင်း ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

### လှိုင်ကော်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား ထောက်ပံ့ကြေး ပေးအပ်

**လှိုင်ကော်**

လှိုင်ကော်မြို့နယ်၊ ရှားတောမြို့နယ်နှင့် ဖားဆောင်းမြို့နယ်အတွင်းရှိ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ထောက်ပံ့ကြေးပေးအပ်သည့်အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ပြီး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွဋ်**

# အလင်းရောင်ဖြာဝေ တကောင်းမြေ

**မြင့်လွင်ပါကြီး**

**– အဆင်းလှပ၊ ကြည့်ချင်က၊**
**လျှပ်စစ်ရှိမှရ။ (မျက်စိ)**
**– သာယာသံချို၊ နားဆင်လို၊**
**လျှပ်စစ် စွမ်းအင်လို။ (နား)**
**– သင်းရနံ့အေး၊ ကြိုင်လှိုင်မွှေး၊**
**လျှပ်စစ်နဲ့ပေး။ (နှာခေါင်း)**
**– အရသာရှိရှိ၊ စားလိုဘိ၊**
**လျှပ်စစ်လိုပါ၏။ (လျှာ)**
**– ထိတွေ့ခံစား၊ ရုပ်ဝတ္ထုများ၊**
**လျှပ်စစ်နဲ့သွား။ (ကိုယ်)**
**– စိတ်၏ဖြစ်ပျက်၊ မြန်ဆန်ချက်၊**
**လျှပ်စစ်ကြိမ်နှုန်းထက်။ (စိတ်)**
**– လူ၏လိုရာ၊ လျှပ်စစ်ပါ၍၊**
**မြန်မာ့ဤမြေ၊ တို့ဌာနေကို၊**
**လှစေဝင့်ထည်၊ ချမ်းသာကြွယ်စို၊**
**လျှပ်စစ်လို။**

ကျွန်တော်နှင့် ကိုမောင်တူးတို့နှစ်ယောက် စီးလာသော ကားလေးမှာ မန္တလေး-ဗန်းမော်-မြစ်ကြီးနားသွား ပြည်ထောင်စုကားလမ်းမကြီးပေါ် တရိပ်ရိပ်ပြေးလျက်။ ခရီးစဉ်၏ ရည်ရွယ်ချက်ကား သပိတ်ကျင်း-တကောင်းဒေသ လျှပ်စစ်မီးပေးနိုင်မှုကို မှတ်တမ်းတင်နိုင်ရန် အတွက်ပင်။

## တွင်းငယ်ဓာတ်အားခွဲရုံ

ကျွန်တော်တို့ကားလေးမှာ မန္တလေး-မတ္တရာ-စဉ့်ကိုင် မြို့နဲ့ သပိတ်ကျင်းလမ်းဆုံတွေကို ဖြတ်ကျော်ခဲ့ပြီး တွင်းငယ်ကျေးရွာလမ်းဆုံကို ရောက်ရှိခဲ့ပါတယ်။ လမ်းဆုံကိုကျော်ပြီး ရှေ့တည့်တည့်ကို ဆက်မောင်းခဲ့ရာမှာ ၉၈ မိုင်၄ ဖာလုံ ခန့်အရောက်မှာတော့ လမ်းရဲ့လက်ဝဲဘက်မှာ တွေ့လိုက်ရတာက ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ တွင်းငယ်ဓာတ်အားခွဲရုံ။

အပြာရောင်ဆေးသားတောက်တောက်နဲ့ အသစ်စက်စက်ခွဲရုံလေးက အဖြူရောင်မိုးကုပ်စက်ဝိုင်းရဲ့အောက်မှာ တည်ငြိမ်စွာရှိနေပါတယ်။ ဒီတွင်းငယ်ဓာတ်အားခွဲရုံကနေပြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်တဲ့ တွင်းငယ်၊ ရှားတော၊ ဒေါင်ဖုန်းနဲ့ ပေါက်တပင်ရွာတို့မှ အိမ်ထောင်စု ၁၇၄၆ စု၊ လူဦးရေ ၁၁၀၉၄ ဦးတို့အတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ညနေ ၃ နာရီကစပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်း ရှားတောနှင့် ဒေါင်ဖုန်းရွာများအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ပြီးစီးခြင်းမရှိသေး၍ လျှပ်စစ်ဓာတ်အား မသုံးစွဲနိုင်သေးကြောင်း သိရပါတယ်။

## ကြာညှပ်(ကြံညှပ်)ဓာတ်အားခွဲရုံ

စာရေးသူတို့ဟာ တွင်းငယ်ဓာတ်အားခွဲရုံကို ဝင်ရောက်ကြည့်ရှုခဲ့ပြီးနောက် ဆက်လက်ထွက်ခွာခဲ့ပါတယ်။ ကားလမ်းရဲ့ ဝဲ၊ ယာနှစ်ဖက်စလုံးမှာတော့ စိုက်ပျိုးထားတဲ့ ကျွန်းပင်ငယ်များဟာ သုံးလေးပင်တန်း ကားလမ်းတစ်လျှောက် အပြိုင်ရှိနေတာကို တွေ့ရပါတယ်။ ကျွန်းပင်ငယ်တွေရဲ့ အနောက်ဘက်ကို ချောင်းကြည့်မိပြန်တော့ ကြံခင်းများ၊ ပြောင်းခင်းများ၊ လယ်ကွက်များ၊ ဥယျာဉ်ခြံခင်းများကို တွေ့ရှိရပါတယ်။ ဟိုးခပ်ဝေးဝေးမှာတော့ တောင်ကုန်းများက မိုးရာသီကာလဖြစ်တာမို့ မှိုင်းမှိုင်းညို့ညို့ ရီရီဝေဝေ။ ပတ်ဝန်းကျင်ကို ငေးမောနေတုန်း ကားအရှိန်က သိသိသာသာ နှေးသွားတာကြောင့် လမ်းမပေါ်ကို အကြည့်က ပြန်ရောက်လာပါတယ်။ ကားလမ်းနှစ်ဖက် ဘေးအစပ်ပေါ်မှာ ပျိုးပင်ထုပ်တွေ စီတန်းချ၊ နွယ်ပင် နွယ်ကြိုးနဲ့ အကျီအဝတ်တွေကို ကြိုးပမာ ချိတ်ဆက်ပြီး ကားလမ်းတစ်ဖက်တစ်ချက်ကနေဆွဲလို့ ကြိုးတားနေတဲ့ ကောက်စိုက်သမတစ်သုတ်ကို တွေ့ရပါတယ်။ အနားရောက်လို့ မေးကြည့်တဲ့အခါမှာတော့ အပျော်သဘောနဲ့ အလှူခံနေတာဖြစ်ကြောင်း သိရပါတယ်။ ကားလေးဟာ မိုင်တိုင်အမှတ် (၁၀၈/၀) ကိုအရောက် လမ်းရဲ့ဝဲဘက်မှာတော့ ကြာညှပ်ခွဲရုံကို တွေ့ရပါတယ်။ ဒီခွဲရုံဟာ ၆၆/၃၃ ကေဗွီ ၁၅ အမ်ဗွီအေနဲ့ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ တပ်ဆင်ဝန်အားရှိပါတယ်။ သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာတွေဖြစ်တဲ့ ကြာညှပ်၊ မြင်သာ၊ ရွှေစကား၊ ကိုးပင်၊ ပုတီးဖြူ၊ လက်ပံကုန်း၊ ဝါးရုံကုန်း၊ သီးကုန်း၊ ဆယ်ဇင်းကုန်း၊ မင်းကုန်းစတဲ့ စုစုပေါင်း ကျေးရွာ ၁၀ ရွာ၊ အိမ်ထောင်စု ၃၃၆၃ စု၊ လူဦးရေ ၂၀၈၂၆ ဦးတို့ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ ညနေ ၄ နာရီ ၂၅ မိနစ်ကစပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေခဲ့ပြီဖြစ်ပါတယ်။ ကြာညှပ်ခွဲရုံအသစ်ကလည်း ဓာတ်အားဖြန့်ဖြူးပေးနေရတာကို ဂုဏ်ယူနေဟန်ဖြင့် ဝင့်ကြွားလျက်။

## တကောင်းခွဲရုံ

စာရေးသူတို့ဟာ ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် ၁၂၄ မိုင် ၃ ဖာလုံ အရောက်မှာတော့ တကောင်းသို့ ၂ မိုင် ၄ ဖာလုံဆိုပြီး ဘယ်ဘက်မြားပြထားတာမို့ ကားကို ဘယ်ဘက်ချိုးကွေ့လိုက်ပါတယ်။ မကြာမီအချိန်အတွင်း ကျွန်တော်တို့ရဲ့ ကားလေးဟာ တကောင်းမြို့ရဲ့ တောင်ဘက်အထွက်မှာရှိတဲ့ တကောင်းခွဲရုံရှေ့ကို ဆိုက်ရောက်ခဲ့ပါတယ်။ တကောင်းခွဲရုံဟာ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဖြစ်ပြီး တကောင်းမြို့ပေါ်ရှိ ရပ်ကွက်အမှတ် ၁၊ ၂ ၃ နှင့် ကျေးရွာများဖြစ်သည့် ကျောက်အိုက်၊

> **လျှပ်စစ်မီးကြောင့် ကျေးလက်တောရွာများသည် မြို့ကဲ့သို့ဖြစ်...**
>
> **ထင်း၊ မီးသွေး မသုံးရ၍ အချိန်ကုန်သက်သာသကဲ့သို့ သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်...**
>
> **လျှပ်စစ်ဆိုသည်မှာ လူနေမှုအဆင့်အတန်း တစ်ခုအဖြစ် မရှိမဖြစ် အရေးပါ...**
>
> **ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး တိုးတက်အောင် အထောက်အကူပြု...**

ဖုန်ကုန်း၊ ညောင်လေးပင်၊ မန်ကျည်းကုန်း၊ ဆင်ညှပ်ကုန်း၊ ရေယာဉ် စတဲ့ကျေးရွာခြောက်ရွာတွင် နေထိုင်သည့် အိမ်ထောင်စု ၆၉၆၇ စု၊ လူဦးရေ ၃၆၂၅၃ ဦးတို့ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ ညနေ ၆ နာရီကစပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။ ရာဇဝင်ထဲက တကောင်းကို ပိုမိုသိရှိနိုင်ရန်အတွက် တကောင်းမြို့နှင့် လိုက်ဖက်ညီစွာ ခွဲရုံသစ်ကလည်း ဟိတ်ဟန် ထည်ထည်ဝါဝါ။

## ဂျိုက်ကာ (JICA) ချေးငွေဖြင့် ဆောင်ရွက်ခဲ့သည့်စီမံကိန်း

သပိတ်ကျင်းနှင့် တကောင်းဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) ချေးငွေ စီမံကိန်း အပိုင်း (၁) Japan ODA Loan (MYV1) ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ စတင်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့တာဖြစ်ပြီး စီမံကိန်းမှာပါဝင်တဲ့ လုပ်ငန်းများအနေနဲ့ကတော့ -

ကြာညှပ် ၆၆/၃၃ ကေဗွီ ၁၅ အမ်ဗွီအေနှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ တကောင်း ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံ၊ တွင်းငယ် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံ၊ ဇရပ်ကွင်း-ကြာညှပ် ၆၆ ကေဗွီဓာတ်အားလိုင်း ၄၂ မိုင်၊ ကြာညှပ်-တကောင်း ၃၃ ကေဗွီဓာတ်အားလိုင်း ၁၇ × ၄ မိုင်၊ ကြာညှပ်-တွင်းငယ် ၃၃ ကေဗွီဓာတ်အားလိုင်း ၁၀ မိုင်၊ ကြာညှပ်-တကောင်း-တွင်းငယ်တို့ရှိ ကျေးရွာ ၂၀ တို့တွင် ၁၁ ကေဗွီလိုင်း ၄၀ မိုင်၊ ၄၀၀ ဗို့လိုင်း ၂၉ မိုင်၊ ၁၁/၀ × ၄ ကေဗွီခွဲရုံ ၂၉ ရုံတို့ဖြစ်ပါတယ် ။

ကုန်ကျစရိတ်အနေဖြင့် ပစ္စည်းတန်ဖိုးနှင့် တည်ဆောက်စရိတ် စုစုပေါင်းငွေကျပ် ၉၅၂၉,၅၂၅,၃၅၆ ကျပ် (၉ ဒသမ ၅၂၉ ဘီလီယံကျော်) ရှိပြီး တင်ဒါအောင်မြင်ခဲ့သည့် ပြည်တွင်းကုမ္ပဏီသုံးခုက တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိခဲ့ရပါတယ်။ စီမံကိန်း၏ အကျိုးသက်ရောက်မှုအနေဖြင့် တကောင်းမြို့ပေါ် ရပ်ကွက်သုံးခုအပါအဝင် သပိတ်ကျင်းမြို့နယ်နှင့် တကောင်းမြို့အတွင်းက ကျေးရွာစုစုပေါင်း ၂၀ တွင်ရှိသော အိမ်ထောင်စု ၁၂၀၇၆ စုနှင့် လူဦးရေ ၆၈၀၇၃ ဦးတို့ဟာ လျှပ်စစ်ဓာတ်အား ရရှိခံစားနေကြပြီ ဖြစ်ပါတယ်။

## လျော်ကြေး နစ်နာကြေးပေးချေခဲ့ရမှု

ဓာတ်အားလိုင်းတည်ဆောက်ရေးမှာ လိုင်းနှင့်မလွတ်ကင်းသော ကျွန်းနှင့် သစ်မာပင် ၂၂၉ ပင်အတွက် လျော်ကြေးငွေကျပ် ၃ ဒသမ ၃၃၈ သန်းကို သစ်တောရေးရာဝန်ကြီးဌာနသို့ ၂၈-၃-၂၀၁၈ ရက်နေ့တွင် ပေးသွင်းပြီး ဖြစ်ပါတယ်။ ပုဂ္ဂလိကခြံပိုင်ရှင်များသို့ တစ်ဦးချင်းပေးလျော်မှုများရှိသကဲ့သို့ ပေးချေရန် ကျန်ရှိနေသူများကိုလည်း ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

## ယခင်က လျှပ်စစ်ဓာတ်အားပေးခဲ့မှု အခြေအနေ

၂၉-၁၁-၁၉၉၇ ရက်နေ့တွင် ၁၈ ကေဗွီအေ (hAMA) အမျိုးအစား ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင် တည်ဆောက်ပြီး တကောင်းမြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အား စတင်ဖြန့်ဖြူးပေးခဲ့ပါတယ်။ ယင်းအချိန်မှ ၁၄-၅-၂၀၀၁ ရက်နေ့အထိ သပိတ်ကျင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပူးတွဲတာဝန်ယူခဲ့ပြီး ၁၅-၅-၂၀၀၁ ရက်နေ့မှစတင်၍ တကောင်းမြို့ လျှပ်စစ်မှူးရုံးကို သီးခြားဖွင့်လှစ် ဆောင်ရွက်ခဲ့ပါတယ်။ ယင်းအချိန်က တစ်ညလျှင် ၂ နာရီခွဲ အကြာသာ ဓာတ်အားပေးနိုင်ခဲ့သော်လည်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအဖြစ် ပြောင်းလဲပြီးချိန်တွင် ၂၀၀ ကေဗွီအေ (DAEoOO) အမျိုးအစား မီးစက်တစ်လုံး၊ ၇၅ ကေဗွီအေ (HO7) အမျိုးအစား ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးတို့ဖြင့် တကောင်းမြို့ပေါ်ရပ်ကွက်နှင့် ဌာနဆိုင်ရာများသို့ တစ်ညလျှင် သုံးနာရီကျော် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရပါတယ်။

မီးစက်ဖြင့် ဓာတ်အားပေးခဲ့ရာတွင် (၇/၂၀၁၈) လ၏ စာရင်းအရ မီးသုံးသူဦးရေမှာ အစိုးရဌာနဆိုင်ရာ ၂၅ ဦး၊ ပြည်သူ ၃၀၉ ဦး၊ လမ်းမီးတစ်ဦး စုစုပေါင်း ၃၃၅ ဦးသာရှိခဲ့၍ ရောင်းချယူနစ် ၁၆၈၀၀ ယူနစ်၊ ဓာတ်အားခငွေကျပ် ၇၃၁၀၀၀ သာ ရရှိကြောင်း သိရပါတယ်။

## တကောင်းဆိုသည်မှာ

တကောင်းသည် ပုဂံခေတ်နှင့်အပြိုင် ယဉ်ကျေးမှုထွန်းကားခဲ့သည့်နေရာဟု ဆိုကြသကဲ့သို့ အချို့သော အထောက်အထားများအရ အေဒီ ၁၁ ရာစု ပုဂံခေတ်ထက်ပင် စောခဲ့သည်ဟု ဖော်ပြခဲ့ကြပါသည်။ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ပြီး မဇ္ဈိမဒေသ ကပိလဝတ်ပြည်မှ ထွက်ခွာလာခဲ့သော သကျသာကီဝင် အဘိရာဇာမင်းတည်ထားခဲ့သည့် တကောင်းဖြစ်သည်ဟုလည်း ဆိုကြပါသေးသည်။ တကောင်းနှင့်ပတ်သက်၍ ငယ်စဉ်အခါက အိပ်ရာဝင်ပုံပြင်များကို ရင်ထဲစွဲအောင်ကြားဖူးခဲ့ရာ နဂါးနိုင်မင်းခေါ် မောင်ပေါက်ကျိုင်း၏အကြောင်း၊ ဝက်ကြီးကိုနှိမ်နင်းဖို့ ထွက်ခွာသွားပြီးနောက် ရသေ့ပြုသည့် ခေပဒူတ အိမ်ရှေ့မင်း၏အကြောင်း၊ ဖောင်နှင့်အမျှောခံရသည့် မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝ မျက်မမြင်ညီနောင်အကြောင်း၊ ပန်းပဲမောင်တင့်တယ်နှင့် နှမငယ်၏အကြောင်း၊ တကောင်းမင်းမျိုးဖြစ်သည့် မဟာသမ္ဘဝမင်းမှ ဆင်းသက်လာသော သရေခေတ္တရာပြည်ကြီးကို ကနဦးတည်ထောင်ခဲ့သည့် ဒွတ္တဘောင်မင်းကြီး၏ အကြောင်းတို့ကား ဘယ်သောအခါမှ မရိုးနိုင်သော ဇာတ်လမ်းပမာများသာ။

ယင်းအပြင် တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ တကောင်းမြို့ရိုးဟောင်းနေရာ၊ ရွှေစည်းခုံဘုရားအုတ်ခုံ၊ လေးမျက်နှာဘုရား၊ ယဉ်စွန်းတန်းဖြတ်သွားသည့်နေရာ၊ ပေါက်ကျိုင်းဘုရား၊ ဦးတိုက်ဘုရားတို့မှာလည်း သမိုင်းနှင့်ဆက်စပ်၍ လေ့လာနိုင်သောအရာများ ဖြစ်ပါသည်။ ဘုရားလေးဆိပ်ခေါ် (မြစ်ဆိပ်နေရာ) ရှိ စေတီငယ်ပေါ်မှနေ၍ ဧရာဝတီမြစ်ကြီးနှင့် အနောက်ဘက် မင်းဝံတောင်တန်းကြီးတို့၏ မြင်ကွင်းကား သဘာဝအလှတရားများဖြစ်၍ ခရီးသွားများကို ဆွဲဆောင်မည့်နေရာများသာ ဖြစ်ပါသည်။

## လျှပ်စစ်မီး ဖန်တီးရှင်တို့၏အသံ

ကျွန်တော်နဲ့ ကိုမောင်တူးတို့ဟာ သပိတ်ကျင်း-တကောင်းဒေသ မီးလင်းရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်နေသော ပြင်ဦးလွင်ခရိုင် ဒုတိယလျှပ်စစ်မန်နေဂျာ ဦးငြိမ်းချမ်းကျော်နှင့် တကောင်းမြို့ လျှပ်စစ်မန်နေဂျာ ဦးစိုင်းကျော်သူရအောင်တို့နှင့်လည်း တွေ့ဆုံခဲ့ပါသေးတယ်။ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းဆိုင်းဘုတ်များ ထောင်ခြင်း၊ ကျေးရွာများသို့ လှည့်လည်ဟောပြောပညာပေးရန် စီစဉ်ထားခြင်းများလည်း ရှိနေကြောင်း သိရ၍ လျှပ်စစ်ဝန်ထမ်းများ၏ စေတနာနှင့် တာဝန်သိမှုအပေါ် အားရကျေနပ်မှု ဖြစ်ခဲ့ရပါတယ်။

## ပြည်သူတို့၏စကားသံ

စာရေးသူတို့ဟာ လျှပ်စစ်ဝန်ထမ်းများ၏ ကူညီမှုဖြင့် လျှပ်စစ်မီးရရှိသွားပြီဖြစ်တဲ့ ရဟန်းရှင်လူ ပြည်သူလူထု၏ စကားသံများကိုလည်း စစ်တမ်းကောက်ယူခဲ့ပါသေးတယ်။ အားလုံး၏ တူညီသောစကားသံတွေကတော့ မီးရရှိအောင်ဆောင်ရွက်ပေးခဲ့၍ တာဝန်ရှိသူများကို ကျေးဇူးတင်ပါကြောင်း၊ လျှပ်စစ်မီးကြောင့် ၎င်းတို့၏ ကျေးလက်တောရွာများသည် မြို့ကဲ့သို့ဖြစ်သွားကြောင်း၊ ထင်း၊ မီးသွေး မသုံးရ၍ အချိန်ကုန်သက်သာသကဲ့သို့ သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်ရာရောက်ကြောင်း၊ လျှပ်စစ်ဆိုသည်မှာ လူနေမှုအဆင့်အတန်း တစ်ခုအဖြစ် မရှိမဖြစ် အရေးပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး တိုးတက်အောင် အထောက်အကူပြုပါကြောင်း၊ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ နိုင်ငံတော်ကြီးလည်း ဒီထက်မက အောင်မြင်တိုးတက်ပါစေကြောင်း စသည့်စသည့် ရင်တွင်းစကားများပင် ဖြစ်ပါတော့သတည်း။ ။

ကြော်ငြာ


ဦးရဲမင်းပိုင် (သချႋာ) ၉ လပြတ်
၁၀-တန်းဘာသာစုံ 09 73161140
■ ဝိုင်း- ၁၀၀၀၀၀ ■ ရိုးရိုး-၅၀၀၀၀(ညနေပိုင်း)
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။

Asia Dragon (အာရှနဂါး)
ချောင်းဆိုး 12,000/- ငွေဆောင် 12,000/-
တောင်ကြီး၊ နောင်ချိုလေး၊ မုံရွာ၊ ပုခုက္ကူ၊ မြဝတီ၊ မဲဆောက်
09 300 300 70, 09 300 300 90

ဝင်းရတီဖူး
(၆၆)ကြိမ် အာမခံ ...
အဘွဲ့ပုဂံ-ပုပ္ပါးခွယ်တော်လေးဆူ ...
အဘွဲ့တောင်ကြီး၊ အင်းလေး၊ ပင်းတယ
(၅)ဦးဝယ်လျှင်(၁)ဦး Free ...
09-250147247, 09-774438366



# လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသင်တန်း
## Human Resource Management Training

HR Enroll NOW

HR ပညာကို စိတ်ဝင်စားသည့် အောင်မြင်ချင်သည့် လူငယ်များ၊ ကုမ္ပဏီများမှ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ HR ဝန်ထမ်းများ၊ အစိုးရဌာနများမှ မန်နေဂျာများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မိသားစုလုပ်ငန်းကို တိုးချဲ့လိုသည့် ကိုယ်ပိုင်လုပ်ငန်းရှင်များ တက်ရောက်သင့်ပါသည်။ မိမိတို့၏လုပ်ငန်းကို HR ပညာအသုံးချပြီး တိုးတက်အောင်မြင်ခဲ့တွင်နိုင်ဖို့အတွက် SHRM ဘာသာရပ်တွင် ကမ္ဘာ့အမှတ်အများဆုံး (World First) ရရှိထားသည့် ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) (Doctor of Business Administration, Candidate), CEO (Myanmar's Land Institute), Academic Advisor (London Business Academy)ကိုယ်တိုင် HR သဘောတရား (Concept) ကို ပိုင်နိုင် သဘောပေါက်သွားအောင် သင်ကြားပို့ချပေးပါမည်။

ကုမ္ပဏီအဖွဲ့အစည်းများအတွက်လည်း သင်တန်းများ စီစဉ်ပေးသည်။

MYANMAR'S LAND
Success, Motivation and Management Institute

အပတ်စဉ် - တနင်္ဂနွေနေ့ (2 pm to 5 pm)
၂-လသင်တန်း ( ၃၀ - ၉ - ၂၀၁၈ )နေ့ စမည်။

Campus - Taw Win Centre (3rd Floor). website : www.lynnthaiknyunt.com
Contact - 01 503172, 09 259 290 274, 09 254 114537, 0950 100 14




အစားအစာမှ ထုတ်လုပ်သော သဘာဝအာဟာရများဖြစ်၍ ရောဂါကုသဆေးမဟုတ်ပါ။

TNC The Nutrition Centre
GNC BRANDED အရည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို အောက်ပါ TNC Showroom များတွင် ရရှိနိုင်ပြီး
- Order များမှာယူလိုလျှင် ... ဆက်သွယ်မှာယူနိုင်ပါသည်။
အမြို့မြို့ အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီ။

Home
ပါကေးအတးထိုး ကြမ်းခင်း
16~30.9.2018
Grade အလိုက် ရွေးချယ်လိုက်

| Grade A | Grade B | Grade C | Grade D | Grade E |
|---|---|---|---|---|
| ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် |
| Shoe rack | Side Table | Glass Mirror | Book Shelf | Wall Covering (1) လိပ် |

အောင်ဆန်းကွင်းဆိုင်ခွဲ - အမှတ် F(2-8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း) မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
သထုံကျွန်းဆိုင်ခွဲ - အမှတ်(E-11A) လေးဒေါင့်ကန်လမ်း ဘီအိုစီမှတ်တိုင်၊ သထုံကျွန်း၊ ရန်ကုန်မြို့။
အင်းစိန်ဆိုင်ခွဲ - အမှတ်(၁၁) မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ ဆေးရုံ မှတ်တိုင် အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
☎ 09-950 950 950
☎ 09-79 700 70 70

(၅)ထပ်တိုက်ခန်းငှားမည်
ယုဇနပလာဇာအနီး
အလျား ၁၆'× အနံ ၆၅'၊
တိုက်(၁၆)၊ အခန်း(၃)။
ဖုန်း ၀၉-၇၆၅၀၄၄၃၅၃

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေဝနှစ်၊ ပွဲခပေးရန်မလို
ဖုန်း 01-2339310, 01-2339355, 01-578044




Yangon – No.96, Kabaraye Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
SKYACTIV TECHNOLOGY

CALIFORNIA UNITEC
Institute of Engineering

Edinburgh Napier
UNIVERSITY

**2018 October Intake အတွက် Civil Engineering ကို တက်ရောက်မည့် ကျောင်းသူ/ကျောင်းသားများအား စတင်လက်ခံနေပါပြီ။**

- မြန်မာပြည်တွင် Napier University (UK) မှ ဘွဲ့လက်မှတ်အတိုင်း ထပ်တူရရှိနိုင်မည့် Civil Engineering တက္ကသိုလ်
- Napier University (UK) မှ Professor များ ကိုယ်တိုင် လာရောက်သင်ကြားပေးနေပါသည်။
- ပြည်တွင်းပြည်ပ Site များသို့ ပါ သွားရောက်လေ့လာနိုင်ပါသည်။
- Napier University(UK) သို့ သွားရောက်ပြီး ဘွဲ့အခမ်းအနားကို တက်ရောက် ယူနိုင်ပါသည်။
- တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများ၊ Foundation မှ စတင်၍ Napier University(UK) မှ ပေးအပ်သော BEng(Hons),MSc, MEng ဘွဲ့များကို မြန်မာပြည်ရှိ California Unitec တွင် တက်ရောက်နိုင်ပါသည်၊
- အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက California Unitec (Institute of Engineering), Block C နှင့် Block D ကြား၊ 3F (တတိယထပ်) ပုလဲကွန်ဒို၊ ကမ္ဘာ့အေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၀၉၂၅၀ ၅၅၅ ၅၅၈၊ ၀၉ ၂၅၀ ၅၅၅ ၅၅၉၊ ၀၉ ၂၅ ၈၀၀၀ ၃၀၀။
www.facebook.com/californiaunitec









## စက်မှုဇုန် မြေနှင့်အဆောက်အဦ ရောင်းမည်

၁။ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန်(၂)ရှိ မြေ (၃. ၂၄၈) ဧကနှင့် အဆောက်အဦ(၂)လုံးအပါ ရောင်းရန်ရှိသည်။ အုတ်ခြံစည်းရိုး ကာရန်ပြီး၊ ထောင့်မြေကွက်၊ ခြံအဝင်အဝမှ ဂိုဒေါင်အထိ ပေ(၂၀) အကျယ်ကွန်ကရစ်လမ်းခင်းပြီး။

၂။ အဆောက်အဦ(၁) ပေ(၈၀× ၂၀၀) Steel Structure (၁)ထပ်ဂိုဒေါင်၊
အဆောက်အဦ(၂) ပေ(၃၀× ၄၅) RC(၁)ထပ်ရုံး။

**စုံစမ်းရန်ဖုန်း-၀၉-၄၂၁၁၄၉၉၀၂၊ ၀၉-၈၅၁၀၅၈၉**

**ဖခင်အမည်မှန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၊ အ. ထ. က (ရေလဲကျေးရွာ)၊ နဝမတန်း (က)မှ မအိရွှေကိုကို ၏ ဖခင် အမည်မှန်မှာ ဦးအောင်ကိုကိုဝင်း ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကိုကိုဝင်း
၁၄/ဇလန(နိုင်)၁၁၆၀၄၆

**ဖခင်အမည်မှန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၊ အ. ထ. က (သပြုကွင်းကျေးရွာ)၊ ဒသမတန်း (ခ)မှ မအိဇာလွင်၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၊ အ. လ. က (၂) သောင်ပင်သာကျေးရွာ ပဥ္စမတန်းမှ မခွန်းဆင့်နေခြည် တို့၏ ဖခင် အမည်မှန်မှာ ဦးခင်မောင်ဆွေ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မောင်ဆွေ

**ဖခင်အမည်မှန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၊ အ. ထ. က (သပြုကွင်းကျေးရွာ)၊ နဝမတန်း (က)မှ မောင်အေးဇော်မှိုင်း ၏ ဖခင် အမည်မှန်မှာ စောဟဲဂေ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စောဟဲဂေ
၁၄/ပသန(နိုင်)၁၈၈၇၁၂

**အမည်မှန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၊ အ. ထ. က (သပြုကွင်းကျေးရွာ)၊ ဒသမတန်း (က)မှ မောင်နိုင်လျှန်းပိုင် ၏ အမည်မှန်မှာ မောင်နိုင်လျှန်းပိုင် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်နိုင်လျှန်းပိုင်





သီတင်းကျွတ်ရာသီ ရောက်လာပြီ
ပရီမီယာနှင့်နွှဲပျော်မည် ။
PREMIER®
COFFEE
INSTANT
COFFEEMIX


ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်
MAB
MOBILE BANK
Available on the App Store
GET IT ON Google Play
MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ
Finger Print
Peek Balance
QR Pay
Instant Opening of wallet Account
Bill Payment
Prepaid Topup
P2P QR transfer
Welcome, Kyaw Kyaw
Enter 6 digit PIN
or use Touch ID to Login
Change User?
Slide to Peek Balance
Call Centre
+95 (1) 861 0612

## တစ်လပြည့် လွမ်းဆွတ်သတိရခြင်း

၂၁-၉-၂၀၁၈ နေ့တွင် တစ်လပြည့်ခဲ့သော ကျေးဇူးရှင်ခင်ပွန်း သည်စာရေးဆရာခင်မောင်အေး (မန္တလေး)အားရည်စူး၍ နေအိမ်၌ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းကြောက် လှူဖွယ် ပစ္စည်း နှင့် ဝတ္ထုငွေလှူဒါန်းခြင်း ကုသိုလ်များကိုမြင့်မြတ်ရာဘုံဘဝ မှ သာဓု ခေါ်ဆိုနိုင်ပါစေ။

**နေ့စဉ် သတိရလွမ်းဆွတ်လျက်**
**ချစ်ဇနီး သူဇာတင် (တောင်ကြီး)**

## ဝမ်းနည်းကြေကွဲရပါကြောင်း
### ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်ခင်စောငြိမ်း
**အသက်(၇၄)နှစ်**

ဒေါက်တာမိုးမိုးခိုင် (ကထိက၊ ဌာနမှူး၊ ကျောင်းကျန်းမာရေးနှင့် ကာယပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၏မိခင် ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်ခင်စောငြိမ်းသည် ၁၆-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးရဲမြင့်၊ ဦးမဲအောင်၊ ဦးသန်းအောင်၊ ဒေါ်ခင်သန်းနွယ်၊**
**ဒေါက်တာဒေါ်ဌေးခင်၊ ဒေါ်နွယ်နွယ်မြင့်**

## ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်-မန္တလေး ၁၁/၈၃ ခုနှစ် အဖွဲ့မှ သူငယ်ချင်းဖြစ်သူ ဒေါက်တာ ဘီဒေါင်ဟောင်း အသက်(၅၂)နှစ်သည် ၁၇-၉-၂၀၁၈ ရက်(တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**၁၁/၁၉၈၃ ဆေးတက္ကသိုလ်၊ မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာကြည်ဆန်းထက်
**အသက်(၅၀)**
**မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ အုတ်တွင်းမြို့နယ်**

ဆရာကြီးဒေါက်တာဦးမြင့်ကြည်(ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်)-ဒေါ်တင်တင်မြင့်တို့၏သားကြီး၊ ဒေါ်မိုးသီတာ၏ခင်ပွန်း ဒေါက်တာကြည်ဆန်းထက်သည် ၁၈-၉-၂၀၁၈ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးသန်းဦး၊ ဒေါက်တာဦးထွန်းတင့်၊ ဒေါက်တာဦးခင်အေး၊ ဦးတင်ခါ၊ ဒေါက်တာဒေါ်ခင်သိန်း၊ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ဦးမင်းနိုင်၊ ဦးအောင်သောင်း၊ ဒေါ်ရှိန်းပိုင်၊ ဒေါက်တာသိန်းနိုင်၊ ဦးမျိုးသန့်၊ ဦးသိမ်းလှိုင်၊ ဒေါက်တာမြင့်အောင်၊**
**မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝဏ္ဏသိန်း
**အသက်(၄၈)နှစ်**
**Marketing Manager (Mectronic GEP)**

ဦးဝဏ္ဏသိန်းသည် ၁၆-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MD ဦးဝင်းနိုင်-ဒေါ်တင်ထွေးရီ မိသားစုနှင့်**
**Mectronic G.E.P ဝန်ထမ်းများ၊**
**Modern Food World Industry ဝန်ထမ်းများ**

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်၊
09-442076599
09-400448695
09-33100721

## မသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ (၂၆)လမ်းနှင့် မြို့ပတ်လမ်းထောင့်နေ အဖ ဦးတင်ထွန်း(ခ) ဦးဝင်းဦး၊ အမိ ဒေါ်မိုးမိုးခိုင်တို့၏သား ဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/မသန(နိုင်)၁၆၀၈၃၀]ကိုင်ဆောင်သူ မောင်ဖြိုးသုတသည် မိဘ၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ အစ်မတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ တိတ်တဆိတ်ထွက်သွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝ မှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်း(ခ)ဦးဝင်းဦး-ဒေါ်မိုးမိုးခိုင်**

## ဒေါ်တင်တင်(မန္တလေး)
### (၁)နှစ်ပြည့်မြောက် အထိမ်းအမှတ် ဆွမ်းကျွေးဆုတောင်းပွဲ ကျင်းပပြီးစီးခြင်း

မန္တလေးမြို့၊ စက်မှုလက်မှုသိပ္ပံကျောင်း (GTI)၊ လျှပ်စစ်အင်ဂျင်နီယာဌာနမှူး၊ ကထိဟောင်း (၁၉၅၈-၆၉) ဦးထွန်းတင်၏ ချစ်လှစွာသောဇနီး ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်သွားရာ တစ်နှစ်ပြည့်မြောက်အထိမ်းအမှတ် ဆုတောင်းကုသိုလ်ပြု ဆွမ်းကျွေးပွဲကို ၁၆-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အမေရိကန်ပြည်ထောင်စု LOSANGELES COUNTY LAPAENTE မြို့၊ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကပ်လှူဒါန်းမှုကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား ပြုသမျှကုသိုလ်အစုစုအတွက် အမျှ အမျှ အမျှ ပေးဝေအပ်ပါသည်။ အခမ်းအနား၌ စားသောက်ဖွယ်ရာများ ပြင်ဆင် ချက်ပြုတ်ညှော့ခံကျွေးမွေးရာတွင် ကူညီဆောင်ရွက်ပေးကြသော မိတ်ဆွေအပေါင်းတို့အား အထူးအားရ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ယဉ်ကြည်
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၈၁၅)နေ ဦးထွန်းမင်း-ဒေါက်တာဒေါ်လဲ့လဲ့မော် (တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်)၏ မိခင် ဒေါ်ယဉ်ကြည်သည် ၁၉-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြင့်မြတ်ကျော်ဂရုအော့ဖ်ကုမ္ပဏီလီမိတက်**
**M.D, Director နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ယဉ်ကြည်
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၈၁၅)နေ ဦးထွန်းမင်း-ဒေါက်တာဒေါ်လဲ့လဲ့မော်(တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်)၏မိခင် ဒေါ်ယဉ်ကြည်သည် ၁၉-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်**
**(TDDPC), Board of Director နှင့်အဖွဲ့ဝင်များ**

## အထူးကြေကွဲဝမ်းနည်းခြင်း

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်မာဆွေ၏ မိခင်ကြီးဖြစ်သူ ဒေါ်ခင်ကြည် အသက် (၈၁)နှစ်သည် ၁၅-၉-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ မြန်မာစာမိသားစု**

## အထူးကြေကွဲဝမ်းနည်းခြင်း

မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီး ဒေါက်တာဦးမြင့်ကြည်၏ သားကြီးဖြစ်သူ ဒေါက်တာ ကြည်ဆန်းထက် (အုတ်တွင်းမြို့နယ်ဆရာဝန်ကြီး) အသက် (၅၀)သည် ၁၉-၉-၂၀၁၈(အင်္ဂါနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးကြေကွဲ ဝမ်းနည်းရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ မြန်မာစာမိသားစု**

## တစ်ဦးတည်းဖြစ်ကြောင်း

အမှတ်(၁)၊ ရဲလေ့ကျင့်ရေးကျောင်း၊ ရမည်းသင်းမြို့နယ်နေ အဖ ဦးခင်မောင်ဝင်း၏သား ဖြစ်သူ မောင်သန့်စင်ထွန်းနှင့် မောင်သန့်ဇင်ထွန်း[၉/အမဇ(နိုင်)၀၅၀၈၃၈]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သန့်စင်ထွန်း(ခ)မောင်သန့်ဇင်ထွန်း**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ထခွဲ၊ လ(၂)၊ ဗိုလ်တထောင် ဒသမတန်းမှ မစုမြတ်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်း [၁၂/စခန(နိုင်)၀၅၄၈၅၃] ဖြစ်ပါသည်။

**ဦးထွန်းလင်း**

## (၆)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယကာကြီး
### ပါမောက္ခ ဒေါက်တာစောနောင်
### (၂၂-၉-၂၀၁၂ မှ ၂၂-၉-၂၀၁၈ ထိ)

မြတ်နိုးတွယ်တာရပါသောသားကြီး ပါမောက္ခ Dr. စောနောင် ကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၆)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ နေ့စဉ်နှင့်အမျှ လွမ်းဆွတ်တမ်းတနေဆဲပါ။ ပြုလုပ်ပြီး၊ ပြုလုပ်ဆဲ ကုသိုလ်အပေါင်းနှင့် ယနေ့(၈)မိုင်ခွဲ၊ ရွှေနှင်းဆီလမ်း၊ ကန်ဦးဇေတဝန်စာသင်တိုက်၌ ပြုလုပ်ခဲ့သော အလှူဒါန၊ ကုသိုလ်အစုစုတို့ကို ပါမောက္ခ၊ ဒေါက်တာစောနောင်အား အမျှ၊ အမျှ၊ အမျှ ပေးဝေပါသည်။ သာဓု အနုမောဒနာခေါ်ဆိုနိုင်ပြီးလျှင် မြင့်မြတ်သော ဘုံဘဝ၌ ခံစား စံစားနိုင်ပါစေ။

**မိဘ- ဦးသန်းရွှေ- ဒေါ်ညွန့်ညွန့်**
**ဇနီး-ပါမောက္ခ Dr.ရည်ရည်နိုင်**
**ဦးလေး- ဦးမောင်မောင်- Dr.ဒေါ်ခင်ဝင်းကြည်**
**အဒေါ်-ဒေါ်ထွေးထွေး**
**ညီ-ဦးမင်းရွှေ-ဒေါ်ဝင်းမြတ်ဖိုး(ခေတ္တ-စင်ကာပူ)**
**တူမ-မင်းအိန္ဒြေခင် (ခေတ္တ-စင်ကာပူ)**
**တူ-မင်းစိုးသန့် (ခေတ္တ-စင်ကာပူ)**

## အထူးကျေးဇူးတင်ရှိခြင်း
### ခရစ်တော်၌ အိပ်ပျော်ခြင်း
### စောဒက်စမန်ဒီဂေါလ် (၁၅)နှစ်

အိန္ဒိယနိုင်ငံ၊ Bangalore မြို့ရှိ NH Mazumdar Shaw Medical Centre ဆေးရုံ၌ ဆေးကုသနေစဉ် ၁၄-၉-၂၀၁၈ရက်(သောကြာနေ့)၊ အိန္ဒိယစံတော်ချိန် နံနက် ၃း၅၂ နာရီ၊ မြန်မာစံတော်ချိန် နံနက် ၄း၅၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီး ၁၈-၉-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ သမိုင်း(၂)ရပ်ကွက်၊ ဦးရွှေနုလမ်းရှိ သမိုင်းကရင်နှစ်ခြင်း ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးခဲ့သော အမှတ်(၆၂၀-စီ)၊ ခဝဲခြံ(၁)လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ စောပြည်စိုးမိုးနှင့် နော်ဂျူးစဖင်း(န်)လှထွေးတို့၏သားကြီး စောဒက်စမန်ဒီဂေါလ်၊ ဆေးရုံတက်ရောက်စဉ် ဆေးကုသစောင့်ရှောက်ပေးပါသော ခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ စောမားလ်ဒိုသိန်းနှင့် KBC ဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ ရွှေလမင်းဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ (သွေးအထူးကု) ဌာနမှ သွေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဦးစိန်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလုံး၊ NH Mazumdar Shaw Medical Centre မှ ဆရာဝန်ကြီး၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မေတ္တာဖြင့်ကူညီသော သွေးအလှူရှင်များအားလုံး၊ အိန္ဒိယနိုင်ငံသို့ ဆေးကုသရန် ခရီးစဉ်အစမှအဆုံးတိုင်အောင်နှင့် ဆေးကုသမှုခံယူရန် လိုအပ်သော ပံ့ပိုးကူညီမှုအားလုံးတို့ကို ကူညီပေးခဲ့သော EMERALD LOTUS Co.,Ltd မှ Dr. Marlar Sein နှင့် ဝန်ထမ်းများ၊ ရောဂါဝေဒနာခံစားရချိန်မှစ၍ ခရစ်တော်၌ အိပ်ပျော်ချိန်တွင် ဆုတောင်းခြင်းဖြင့် အစဉ်သတိရနေသော အသင်းတော်များ၊ ဆုတောင်းအဖွဲ့များ၊ ဆရာသမား၊ မိဘဆွေမျိုးများ၊ ချစ်သူငယ်ချင်းများအားလုံး၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုး လှူဒါန်းပေးခဲ့သော Smart Technical Service Co., Ltd မှ MD နှင့် ဝန်ထမ်းများအားလုံး၊ ENT Co., Ltd မှ MD နှင့် ဝန်ထမ်းများအားလုံး၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပံ့ပိုး လှူဒါန်းလုပ်ကိုင်ပေးကြသူများအားလုံး၊ လွမ်းသူ့ပန်းခြင်းပေးပို့ခဲ့ကြသူများအားလုံးနှင့် နောက်ဆုံးပြုအပ်သော ဈာပနကိစ္စအဝဝတွင် မေတ္တာပြကြကုန်သော သိက္ခာတော်ရ ဆရာကြီးများ၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ ဧည့်ပရိသတ်များအားလုံးကို ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

## ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 9K/4394 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဟန်စိန် (ခ) ဦးကိုလေး
**အသက်(၇၉)နှစ်**
**(ပေါက်ခေါင်း)**

ပေါက်ခေါင်းမြို့၊ အမှတ်(၂)ရပ်ကွက်နေ ပေါက်ခေါင်းမြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဒေါ်လေးတင်၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင် ဦးဟန်စိန်(ခ)ဦးကိုလေးသည် ၁၈-၉-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ပေါက်ခေါင်းမြို့နယ်အသင်း (ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဇေယျသုခလမ်း၊ အမှတ် (၃၄)၏ (၆)လွှာ (အေ) ခေါင်းရင်းခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ မောင်ဆမ်းလရောင်[၁၂/ဗဟန(နိုင်)၁၀၇၇၂၃]က ကျွန်ုပ် ဦးအောင်မျိုးသူ[၅/ခဥတ(နိုင်)၀၆၀၁၄၃]နှင့် မဖြူးမွန်နောင်[၅/အရတ(နိုင်) ၁၁၇၂၄၉]တို့က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ရောင်းဝယ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသူ[၅/ခဥတ(နိုင်)၀၆၀၁၄၃]**
**မဖြူးမွန်နောင်[၅/အရတ(နိုင်) ၁၁၇၂၄၉]**
**ဖုန်း-၀၉- ၂၅၀၉၀၃၀၈၈**
**ဖုန်း-၀၉- ၂၅၀၁၄၉၄၆၅**
**အမှတ်(၉)၊ ဝေဠုဝန် (၂)လမ်း ဝေတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

# ဓနုလူမျိုးအကြောင်း သိကောင်းစရာ

**မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)**



ဓနုလူမျိုးတို့သည် တိဗက်-မြန်မာအစုဝင်၊ မြန်မာအုပ်စုတွင်ပါဝင်သော လူမျိုးတစ်မျိုးဖြစ်သည်။ ဓနုတို့သည် မိမိတို့ကိုယ်ကို ဓနုဟုပင်ပြောဆိုကြလေ့ရှိသည်။ ပရက်ဆိုသော အမျိုးအနွယ်မှ ဆင်းသက်လာပြီး မွန်တို့နှင့် နီးစပ်သည်ဟု ဓနုအမျိုးသားတို့က ပြောကြလေ့ရှိသည်။ ဓနုတို့သည် ရှမ်းပြည်နယ်သို့ မြေပြန့်မှ တက်လာကြသည်ဟုဆိုသည်။

ဓနုတို့၏ ပါးစပ်ရာဇဝင်အရ အလောင်းဘုရားစစ်ချီလာ၍ ယိုးဒယားသို့ သွားရောက်တိုက်ခိုက်ပြီး နေပြည်တော်သို့ အပြန် ယခုဓနုတို့ နေထိုင်ရာအရပ်တွင် ခရီးပန်းသဖြင့် တပ်စခန်းချနေခဲ့သည်။ တပ်မတော်တွင် ဒူးလေးတပ်လည်းပါလာခဲ့ရာ တပ်မတော်အပြန်တွင် ဒူးလေးတပ်ကို လုံခြုံရေးအတွက် ထိုနေရာတွင်ပင် တပ်ချနေထိုင်စေခဲ့သည်။ ဒူးလေး၊ လင်းလေးကို ဆွဲကိုင်သူလူမျိုးကို ဓနုဂ္ဂဟဟု ခေါ်သည်။ ထိုမှ ဓနုလူမျိုးဖြစ်ပေါ်လာခဲ့သည်ဟု ဆိုသည်။ ဓနုအမျိုးသားတို့က မိမိတို့မှာ ရှေးမြန်မာရှင်ဘုရင်များလက်အောက်၌ အမှုထမ်းခဲ့သော စစ်မှုထမ်းမျိုးဟု ယုံကြည်ကြသည်။

ဓနုလူမျိုးတို့၏ ဇာစ်မြစ်မှာ ဝိဝါဒကွဲပြားလျက်ရှိပေသည်။ မစ္စတာအက်(ဖ)၊ အိပ်ချ်၊ ဂျိုင်းဆိုသူက ဓနုတို့သည် ဟံသာဝတီတောင်ဘက်မှ လာရောက်နေထိုင်ကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာကြသူများဟု ယူဆကြသည်။ မစ္စတာ စီ အီး ဗရောင်းကမူ ဓနုတို့သည် ကရင်တောင်သူလူမျိုးများမှ ဆင်းသက်လာသည်ဟု ယူဆလေသည်။ အချို့နေရာများ၌ ရှမ်းမျိုး ၃၀ တွင် ဓနုလူမျိုးသည်လည်း အပါအဝင်ဖြစ်၏ဟု ဆိုကြသည်။ သို့သော် ဓနုလူမျိုးအများစုသည် ရှမ်းစကားကို မပြောကြသဖြင့် ယင်းယူဆချက်မှာ မမှန်နိုင်ဟု မစ္စတာ ဂျေ ဂျီ စကော့က ဆိုခဲ့သည်။

ဓနုလူမျိုးအများဆုံးနေထိုင်ရာ ဒေသများသည် ရှေးအခါက ရှမ်းနှင့်မြန်မာတို့တွေ့ဆုံ၍ ကုန်ရောင်းကုန်ဝယ်ပြုကြရာ နေရာများဖြစ်သည်။ ထို့ကြောင့် ဓနုတို့သည် ရှမ်းနှင့်မြန်မာ နှစ်ဦးတို့မှ နွယ်၍ဆင်းသက်လာသူများဖြစ်သည်ဟု ယူဆရပေသည်။

ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသအကြားတွင် နေထိုင်ကြသည်။ ယခုအခါတွင်တော့ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင်လည်း နေထိုင်ကြပေသည်။ မန္တလေးခရိုင်၊ ပြင်ဦးလွင်မြို့တွင်လည်းကောင်း၊ ကျောက်နီတွင်းဒေသတွင်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ မိုင်းလုံ၊ လောက်ဆောက်အနောက်ပိုင်းတို့တွင် လည်းကောင်း၊ မြေလတ်ဒေသတွင်လည်းကောင်း ဓနုလူမျိုးများ အနှံ့အပြား နေထိုင်ကြသည်။ အထူးသဖြင့် ပင်းတယ၊ ပွေးလှ၊ ရွာငံ၊ မောတို့တွင် အများဆုံးဖြစ်သည်။ ဓနုလူမျိုးများကို ယင်းတို့ပြောဆိုသော စကားအလိုက် ရှမ်းစကားကို ပြောသူများအား ရှမ်းဓနုဟူ၍လည်းကောင်း၊ မြန်မာစကားကို ပြောသူများအား မြန်မာဓနုဟူ၍ လည်းကောင်း ခွဲခြားခေါ်ဝေါ်ကြသည်။ ယင်းတို့ပြောသော မြန်မာစကားမှာမူ အသံဝဲသည်။ အဝတ်အစားဝတ်ဆင်ရာတွင်လည်း ရှမ်းတို့နှင့်နီးစပ်သူများက ရှမ်းအဝတ်အစားကိုဝတ်ဆင်၍ မြန်မာတို့နှင့် နီးစပ်သူများမှာ မြန်မာကဲ့သို့ပင် ဝတ်ဆင်ကြသည်။ ဓနုအမျိုးသမီးများ၏

အထူးကဏ္ဍ [ ခ ] သို့ »»

# ချင်းတိုင်းရင်းသားတို့၏ ရိုးရာကျားအောင်ပွဲအက



**မင်းလပြည့်(ဟားခါး)**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်တွင် ဒေါ်ဇိန်တလိုင်းတို့မိသားစု နေထိုင်ကြသည်။ သူက ထန်တလန်မြို့နယ် လေတပ်ရွာသူဖြစ်သည်။ သူငယ်စဉ်က ကျားအောင်ပွဲအကများ ကြည့်ဖူးကြောင်း ပြောပြသည်။ လေတပ်ရွာဟောင်း၌ အံ့ဩဖွယ်ကောင်းသော ရှာပန်းလိုင်အမည်ရှိ ရေတွင်းတစ်တွင်းရှိသည်။ လူသတ်သောသူတစ်ဦးက ရေတွင်း၌လက်ဆေးလျှင် အပြစ်ကင်းသည်ဟု အယူအဆရှိသည်။ ထူးဆန်းသော ရာဇဝင်ရှိသည့် ထိုရေတွင်းအကြောင်းအား နောက်ထပ်ဆောင်းပါးအဖြစ် ရေးသားဖော်ပြပါမည်။ ကျားအောင်ပွဲအကမှာ ထန်တလန်မြို့နယ် လေတပ်ရွာအနီးနှင့် အချို့ရွာများ၌သာ ကပြလေ့ရှိကြောင်း ၎င်းက ပြောပြသည်။ စိတ်ဝင်စားဖွယ်ကောင်းသော ကျားအောင်ပွဲအကအား ဖော်ပြလိုပါသည်။ ယခုဟားခါး-ဂန့်ဂေါ လမ်းပေါ်တွင်ရှိ ဇိုခွားရွာသည် ယခင်က မရှိသေးပေ။ လမ်း၏အောက် အင်မွှန်းအရပ်၌ နေခဲ့စဉ်က လုံပီး(Lungpi) မျိုးရိုးစုထဲမှ လူတစ်ဦး၌ သမီးတစ်ဦးရှိခဲ့သည်။ သူသည် ဝက်စားရန်အတွက် တီလ်ထို့ (Tial thi) (ဝက်စာအသီး)များကို ကောက်ရန်ရွာပြင်သို့ ထွက်ခဲ့သည်။ ရွာနီးနား၌ ထိုအပင်များသည် များပြားသောကြောင့် အဝေးသို့ပင် မသွားဘဲ ကောက်နေစဉ် ကျားကြီးတစ်ကောင်ရောက်ရှိလာပြီး လုံမလေးကို ကိုက်သတ်ပြီး ကျောပေါ်တင်၍ ယူသွားသည်။

ကျားကိုက်သတ်ခံရကြောင်း ဖခင်သိသောအခါ လေးနှင့်သံချွန်တပ်သည့် မြား၊ လှံကိုယူသွား၍ နောက်မှလိုက်၏။ ကျားကြီးကို မီသဖြင့် တိတ်တဆိတ် နောက်မှလိုက်သွား၏။ ကျားကြီးသည် မြေပြန့်တစ်နေရာသို့ ရောက်သောအခါ လုံမလေးအလောင်းကို ထိုင်စေ၍ အောက်ပါအတိုင်း အလောင်း ပတ်ပတ်လည်တွင်-

"နှမြောလိုက်တာ၊ နှမြောလိုက်တာ
ချင်းလုံမလေးကို နှမြောလိုက်တာ

အထူးကဏ္ဍ [ ခ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»

အဝတ်အစားမှာ မြန်မာအမျိုးသမီးများ၏ ဝတ်စားပုံနှင့် မခြားနားဘဲ ယောကျ်ားများမှာမူ များသောအားဖြင့် ရှမ်းတို့ကဲ့သို့ ခေါင်းတွင် ခေါင်းပေါင်းအဝတ် ပတ်လေ့ရှိကြသည်။ တိုက်ပုံအင်္ကျီနှင့်ဘောင်းဘီပွများကို ဝတ်ဆင်ကြသည်။ ရှေးအခါက ယောကျ်ားများသည် ပွဲလမ်းသဘင်နှင့် ဈေးနေ့များတွင် ဓားမြှောင်၊ ဓားတိုများချိတ်ခြင်း၊ ဓားလွယ်ခြင်းအလေ့ရှိသည်။ ဗုဒ္ဓဘာသာအယူဝါဒကို သက်ဝင်ယုံကြည်စွာ ကိုးကွယ်ကြသည်။ လိမ္မော်၊ ကော်ဖီနှင့်တကွ တခြားသမပိုင်းဒေသပေါက်နိုင်သော သစ်သီးမျိုးစုံ အပင်များကို စမ်းသပ်စိုက်ပျိုးလျက်ရှိကြသည်။

ခနုတို့၏ ဘာသာစကားနှင့် ဝေါဟာရသည်လည်း စိတ်ဝင်စားစရာ ကောင်းလှပေသည်။ ကျွန်ုပ်တို့က မိဘနှစ်ပါးအား အဖေ၊ အမေ၊ အဘ ဟူ၍ သုံးနှုန်းခေါ်တွင်ကြသော်လည်း ခနုတို့က တို့ဖ၊ တို့မ ဟူ၍ခေါ်တွင်ကြသည်။ တို့ဆိုသည်မှာ အများအတွက်ပါ ရည်ရွယ်၍ခေါ်ခြင်းဖြစ်ကြောင်း၊ ခနုတို့၏ မိသားစုအနေအထား၊ မိသားစုစိတ်ရှိနေသည်ဆိုခြင်းကို ပေါ်လွင်စေသည့် အဓိပ္ပာယ်ယူဆနိုင်ကြောင်း သိရှိရပေသည်။ ခနုအသံဖြင့် တို့သည် မြန်မာအသံထွက်ဖြင့် ဒို့ရပေသည်။ ထို့ကြောင့် ခနုစကားဖြင့် ဒို့ဖ၊ ဒို့မေ အခေါ်အဝေါ်သည် အသံကွဲမြန်မာစကားကိုပင် ခနုအသုံးအနှုန်း အခေါ်အဝေါ်ဖြင့် ပြောနေကြခြင်းဖြစ်သည်။ ထို့ပြင် ခနုစကားဖြင့် အဖေကြီးကို ဖအို၊ အမေကြီးကို မို့အို၊ အချို့နေရာတွင် တို့ ပေါင်၊ မိခင်ဖခင်ဖြစ်သူ၏ အစ်ကိုဖြစ်သူကို ဖကြီး၊ အစ်မဖြစ်သူကို မယ်ကြီး ဟူ၍လည်းကောင်း၊ မိခင်၏အစ်ကိုဖြစ်သူကို ဦးမင်း၊ ညီမဖြစ်သူကို အပဲ့ သို့မဟုတ် မွေ့ပဲ ဟူ၍လည်းကောင်း၊ အစ်မ၏ ယောကျ်ားခဲအိုကို၊ အစ်ကိုဖြစ်သူကို အနောင်၊ ဖခင်၏ညီဖြစ်သူကို ဖပဲ့၊ လူငယ်ယောကျ်ားလေးကို လူပဲ့၊ လူပဲ့ဆငယ် ဟူ၍လည်းကောင်း ခနုတိုင်းရင်းသားတို့၏ ဆွေမျိုးစပ်အခေါ်အဝေါ် ဝေါဟာရအချို့ကို လေ့လာသိရှိရပေသည်။

မြန်မာဝေါဟာရ လိုရမယ်ရကို ခနုဘာသာဖြင့် စလိုစလာဟု သုံးနှုန်းသည်။ ခနုလူမျိုးတို့ နေ့စဉ်သုံး စလိုစလာ ဝေါဟာရသည် မြန်မာစကားတွင် အသုံးနည်းသော်လည်း ရှေးက မြန်မာတို့ တွင်ကျယ်စွာ သုံးစွဲခဲ့သော ဝေါဟာရ အဖြစ် ဝေဿန္တရာပျို့တွင် “တောကျီးညိုတို့၊ စလိုစလာ၊ ဘာသာတောလိုက်” ဟူ၍လည်းကောင်း၊ ဆုတောင်းခန်းပျို့တွင် “နှိုင်းသွေးထိုထို၊ သွင်းပြီးဆိုသော်၊ စလိုစလာ” ဟူ၍လည်းကောင်း၊ ရာမရကန် ပထမတွဲတွင် “သွားသည်ကိုလည်း၊ စလိုစလာ၊ ဟုတ်ပေရှာဘူး” ဟူ၍လည်းကောင်း သုံးနှုန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပြန်ပေသည်။ ဘာသာစကားတိုင်းတွင် စကားပုံနှင့် ဥပမာစကားများ၊ စကားထာများကို တွေ့ရှိနိုင်ပေသည်။ စကားပုံများ ဥပမာစကားတို့ အခြေခံရာအစသည် ပုံပြင်များမှ ဆက်နွှယ်လာဟန်ရှိပေသည်။ စကားပုံများနှင့်အတူ စကားထာများသည်လည်း တစ်ဦးနှင့်တစ်ဦး ဇဝနဉာဏ် မည်မျှထက်သန်ခြင်း ရှိ မရှိ၊ လူမှုဗဟုသုတ၊ လုပ်ငန်းအတွေ့အကြုံဗဟုသုတ မည်မျှရှိ မရှိ သွေးတိုးစမ်းလို၍ အချင်းချင်းအိမ်လည်ရင်း၊ လူပျိုလှည့်ရင်း၊ လုပ်ငန်းလုပ်ရင်း၊ ယာလုပ်ရင်း၊ ပေါင်းရှင်းရင်း၊ လယ်ထွန်ရင်း၊ အပျော်မေးအပျင်းပြေ စကားဝှက်များ မေးစမ်းကြည့်ရာမှ ပေါ်ပေါက်လာသည်ဟု ယူဆရပေသည်။

ခနုလူမျိုးတို့၏ ဘိုးစဉ်ဘောင်ဆက်က အစဉ်အလာ ဓလေ့ထုံးစံအရ ခနုလူပျိုလှည့်ချိန်ကား အကာလ ညအခါ ဖြစ်ပေသည်။ နေ့ခင်းနေ့လယ်ပိုင်းတွင် မိမိတို့ရိုးရာ သက်မွေးဝမ်းကျောင်းဖြစ်သော တောင်ယာစိုက်ခင်းများတွင် တစ်နေကုန်တစ်နေခန်း အလုပ်လုပ်ကိုင်ရသည့်အချိန်က ပိုများကြသည်။ တစ်ခါတစ်ရံ ခနုအပျိုအိမ်သို့ ခနုကာလသားကိုလူပျိုသုံးလေးဦး ဆုံရောက်လာတတ်လေ့ရှိသည်။ ထိုအခါ ကိုလူပျိုကာလသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုယူပြီး အချိန်အကန့်အသတ်ဖြင့် အပျိုအား တစ်ဦးတစ်လှည့်စီ ချစ်ရေးဆို ချစ်စကားပြောလေ့ရှိသည်။ တစ်ဦးချစ်ရေးဆိုနေစဉ် အခြားတစ်ဦးက အလိုက်သိစွာ ထိုအိမ်မှရှောင်ပေးတတ်ကြသည်။ ချစ်ရေးဆိုရာတွင်လည်း စကားထာ၊ စကားပုံများဖြင့် ချစ်ရေးဆိုစကားပြောဆိုကြပေသည်။



ရှင်းလောင်းလှည့်လည်ပွဲတစ်ခုတွင် တွေ့မြင်ရသည့် ခနုအမျိုးသမီးများ။

ခနုလူမျိုးတို့ လူပျိုအပျိုဘဝ စကားထာ၊ စကားပုံများဖြင့် ချစ်ရေးဆို ချစ်စကားပြောဆိုကြပြီးနောက် နှစ်ဦးသဘောတူ ကြည်ဖြူစွာ လက်ထပ်ကြတော့မည်ဆိုပါက လက်မထပ်မီ ‘စရန်’ (ခနုစကားသံဖြင့် ‘ဇယံ’ ) ဝင်ရသည့် ထုံးစံရှိလေသည်။ စရန်ဝင်သည်ဆိုခြင်းမှာ စေ့စပ်ကြောင်းလမ်းခြင်းသဘောပင် ဖြစ်ပေလိမ့်မည်။ လူပျိုဘက်မှ မိဘများသည် လက်ဖက်တစ်ထုပ်ထုပ်၍ ရပ်ရွာလူကြီးများဦးဆောင်စေလျက် အပျိုမိန်းကလေးဘက်မှ မိဘရှင်များရှိရာသို့သွား၍ မည်သူမည်ဝါသမီးနှင့် မည်သူမည်ဝါသားတို့ လူငယ်တို့ဘဝ မေတ္တာသက်ဝင်ချစ်ခင်နေကြသဖြင့် လက်ထပ်ခွင့်လာတောင်းပါကြောင်း ရွာလူကြီးက ဦးဆောင်ပြောရလေသည်။ အချို့သော ခနုကျေးလက်တောရွာများတွင် လက်ဖက်ဖောက်သည်ခေါ်၍ လူပျိုဘက်မှ လက်ဖက်အုပ်တစ်အုပ်မှ သုံးအုပ်၊ အချို့နေရာတွင် ငါးအုပ်အထိယူဆောင်၍ လူပျိုမိဘများမပါဘဲ ရွာလူကြီးတစ်ယောက်က ဦးဆောင်လျက် အပျိုအိမ်သို့ သွားရောက်နားဖောက်ရသည်ဟု သိရှိရလေသည်။

ထိုအခါ သမီးရှင်မိဘများဘက်မှ “လူငယ်ချင်း ပြေလည် မိဘချင်းကကော ကျေလည်ကြရဲ့လား”ဟု ပြန်လှန်မေးမြန်းကြသည်။ သားရှင်ဘက်မှ ရွာလူကြီးက “အားလုံးပြေလည်ကြပါကြောင်း” ဖြေကြားပြီးသည်နှင့် စရန်ကိစ္စအတွက် နှစ်ဖက်ညှိနှိုင်းကြပြီး သင့်မြတ်သဘောတူသော စရန်ငွေ စိန်၊ ရွှေ ငွေ၊ လက်ကောက်၊ လက်စွပ်စသည့် ရတနာပစ္စည်းများကို သမီးရှင်မိဘများလက်ဝယ်သို့ ပေးလိုက်ရလေသည်။ ထိုစရန်ပေးချိန်မှာပင် သားရှင်ဘက်မှ ယူဆောင်လာသော လက်ဖက်ထုပ်ကိုလည်း သမီးရှင်မိဘများဘက်သို့ ပေးထားခဲ့ရသည်။ ခနုလူပျိုနှင့်အပျိုတို့သည် ဇယံဝင်အခမ်းအနား ကျင်းပပြီးနောက်မှ အပျိုဘက်မှ အကြောင်းမညီညွတ်သဖြင့် လက်ထပ်ရန်ပျက်ကွက်ခဲ့လျှင် အပျိုကလူပျိုအား စရန်ဝင်ထားသော ပစ္စည်းတန်ဖိုး၏ နှစ်ဆပြန်လျော်ရသည်။ အကယ်၍ လူပျိုဘက်မှ အပျိုကို မယူနိုင်လျှင် လက်မထပ်နိုင်ခဲ့သော် ဝင်ထားသော စရန်ငွေပစ္စည်းအားလုံး အဆုံးခံရန် သတ်မှတ်ထားကြလေသည်။ ထို့နောက် နှစ်ဖက်သောလူကြီးများသည် လက်ထပ်မင်္ဂလာပြုလုပ်မည့် မင်္ဂလာအခါရက်ကို ရွေးချယ်သတ်မှတ်ကြ၍ မင်္ဂလာလက်ထပ်ပွဲကိုလည်း စီစဉ်ကျင်းပကြသည်။

ခနုကျေးလက်တောရွာများတွင် ဗုဒ္ဓဘာသာကိုးကွယ်မှုအပြင် ရိုးရာအစဉ်အလာ ယုံကြည်မှုသဘောဖြင့် သာသနာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ ကျောင်းစောင့်နတ်နှင့် အချို့ရွာများတွင် အိမ်စောင့်နတ်များ ကိုးကွယ်ထားလေ့ရှိကြသည်။ ထိုနတ်များကို ဥပုသ်သီတင်းနေ့များနှင့် အခါကြီးရက်ကြီးများတွင် ပူဇော်တင်မြှောက်လေ့ရှိကြသည်။ ထို့ပြင် ကလေးသူငယ်များ နေမကောင်းဖြစ်၍ ထိတ်လန့်သည့်အခါတွင် လိပ်ပြာ ‘ဝိညာဉ်’ ခေါ်ပေးခြင်း၊ လူကြီးများ နေမကောင်းထိုင်မသာဖြစ်သည့်အခါတွင် ခေါစာခွက်ပစ်ခြင်း၊ ဝါးနှီးတို့ဖြင့် စတိရက်လုပ်ထားသောခွက်တွင် ဖက်များခံ၍ သားစိမ်း ငါးစိမ်းများထည့်ကာ ကျွေးမွေးလေ့ရှိခြင်း၊ လက်နက်တစ်ခုခုဖြင့် ထိခိုက်အနာတရဖြစ်ကာ ရုတ်တရက် သေသူများ၊ သားသမီးမမွေးနိုင်၍ သေဆုံးသူများအတွက် အစိမ်းခွင်းပေးသည်ဟုခေါ်သော ကုထုံးနည်းဖြင့် ပြုလုပ်ပေးခြင်းစသည်ဖြင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာမျိုးကို ခနုကျေးလက်တောရွာအချို့တွင် ရှိနေသေးကြောင်း တွေ့ရှိရပေသည်။

ခနုတိုင်းရင်းသားလူမျိုးများ၏ ရှင်ပြုမင်္ဂလာပွဲကျင်းပပုံ ဓလေ့ထုံးစံ အစဉ်အလာတစ်ခုကို လေ့လာရမည်ဆိုပါကလည်း သားယောကျ်ားလေးတစ်ယောက် ရှင်ပြုတော့မည်ဆိုလျှင် ပထမရှင်သာမဏေလောင်း၏ မိဘများက ရပ်ရွာအတွင်းရှိသော အကြီးအကဲ ရွာသူကြီးများအား မိမိတို့အိမ်သို့ ဖိတ်ကြားပြီး ငွေမည်မျှရှိ၍ မည်မျှ အကုန်အကျခံကာ အလှူပွဲလုပ်လိုသဖြင့် ကြီးကြပ်စီမံပေးစေလိုသည့်အကြောင်း ရွာလူကြီးကို ပြောဆိုတင်ပြကြသည်။ ထိုသို့ပြုလုပ်ခြင်းကို ဒေသစကားဖြင့် ‘ပွဲအပ်’သည်ဟု ခေါ်ပေသည်။ ထို့နောက် ရှင်ပြုမင်္ဂလာပွဲများအတွက် ရွာကျောင်းမှ ဘုန်းတော်ကြီးအား နေ့ရက်ရွေးချယ် သတ်မှတ်ပေးရန် သွားရောက်လျှောက်ထားကြသည်။ နေ့ရက်ရွေးချယ်ပြီးသည့် ကိစ္စပြီးသည်နှင့် အလှူပွဲမပြုလုပ်မီ တစ်ပတ်၊ ဆယ်ရက်လောက်မှကြို၍ အလှူမဏ္ဍပ်ဆောက်လုပ်သည်ကအစ အလှူအတွက် ဝယ်စရာရှိသည်များဝယ်ယူ၍ အလှူရှင်အိမ်သို့ ရွာအတွင်းရှိ အိမ်တိုင်းမှ လူကြီးလူငယ်များက တစ်အိမ်လျှင်တစ်ယောက်ကျ နေ့စဉ်သွားရောက်ကူညီ လုပ်ကိုင်ပေးလေ့ရှိကြသည်။ အလှူမဝင်ခင် ရှင်သာမဏေလောင်းကို ပိုးဖဲကတ္တီပါနှင့်ရွှေချည်၊ ငွေချည်ထိုး ဦးသျှောင်၊ စလွယ်၊ လက်စည်း ၊ လယ်ဂျာ၊ ခြေနင်းများဝတ်ဆင်စေပြီး ကျောင်းမှာ တစ်ညထားကြသည်။ ယင်းသို့ပြုလုပ်ခြင်းကို ဒေသစကားဖြင့် ‘ရှင်လောင်းစံသည်’ဟု ခေါ်သည်။ ရှင်သာမဏေလောင်းကို အလှူဝင်သည့်နေ့ရောက်မှ အလှူမဏ္ဍပ်သို့ ခေါ်ဆောင်လာကြသည်။

အလှူမဝင်ခင် အကြိုညတွင် အလှူမဏ္ဍပ်အတွင်း၌ အရပ်ဓလေ့အရပ်ကပွဲများ သို့မဟုတ် ခေတ်ပေါ်အငြိမ့်မျိုး ကပြကြသည်။ အချို့ဓလေ့ကျေးရွာများတွင် ရွာခံခနုလူငယ်လူရွယ်များသည် ခနုအိုးစည်ဝိုင်းနှင့် သိုင်းအကကကြပြီး အချို့အရပ်တွင် ခနုအမျိုးသမီးကလေးများသည် ကိုလူပျို၏ ဦးထုပ်ကိုဆောင်းကာ တပျော်တပါး ကခုန်ဆင်နွှဲကာ ညဉ့်နက်သန်းခေါင်အထိ ဧည့်ခံဖျော်ဖြေလေ့ရှိကြသည်။ ခနုတိုင်းရင်းသားတို့၏ ရှင်လောင်းလှည့်ပွဲ ကျင်းပပုံမှာ စိတ်ဝင်စားဖွယ် ကောင်းပေသည်။ ရှင်လောင်းလှည့်ရာတွင် မင်းဝတ်မင်းစားအဆောင်အယောင်မျိုး ဝတ်စားဆင်ယင်ထားသောရှင်လောင်းအား ရွှေထီးများမိုးဆောင်း၍ ယင်းနောက်မှ ရှေးမြန်မာခေတ် ဝင်းခင်းကြွချီလာပုံမျိုး သိုင်းကိုင်သူ၊ ယပ်ကိုင်သူ၊ လေးကိုင်သူ၊ သေနတ်ကိုင်သူ၊ လှံကိုင်သူ၊ ရွှေဓား သို့မဟုတ် ငွေဓားကိုင်သူ၊ စစ်သူကြီး၊ ပုဏ္ဏား၊ မှူးကြီးမတ်ရာ ဝန်ကြီးများဖြင့်လည်းကောင်း၊ ယင်းတို့နောက်မှ ကွမ်းအစ်ကိုင်၊ သောက်တော်ရေကိုင်သူများ၊ ဆန်ပန်းပေါက်ပေါက် ကိုင်ဆောင်ကြသူ အမျိုးသမီးတစ်စုနှင့် ရတုဆိုသျှိုးလိုက်သမားတစ်စုနှင့် လူငယ်လူကြီးများ လိုက်လာကြပြီး ဘုရားဟောဇာတ်တော်များထဲမှ ဇာတ်တော်ဖြစ်စဉ် တစ်ခုခုကို ရတုတိုင်ပေးလိုက်သည်။ မောင်ရှင်လောင်းကို ဆွေမျိုးများက တစ်လှည့်စီ ပခုံးဖြင့် ထမ်း၍ ရွာပတ်လေ့ရှိကြသည်။ ယင်းကို ခနုစကားဖြင့် ‘လူစံသည်’ ခေါ်၍ မြင်းနှင့်တင်၍ ရွာလှည့်ပတ်လျှင် ‘မြင်းစံသည်’ဟု ပြောလေ့ရှိကြသည်။ မြေလတ်ပိုင်း ခနုတိုင်းရင်းသားလူမျိုးတို့၏ ကျေးလက်တောရွာများနှင့် မြို့ပေါ်တွင် ယခုတိုင် ရိုးရာအစဉ်အလာမပျက် ရှင်သန်နေဆဲဖြစ်သော ရှင်လောင်းလှည့်ပွဲပင် ဖြစ်ပေတော့သည်။

ဤကဲ့သို့ ပြည်ထောင်စုဖွားတိုင်းရင်းသား မျိုးနွယ်များဖြစ်ကြသော ခနုလူမျိုးတို့၏ ချစ်စဖွယ်ယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်းစဉ်လာများကို အတုယူဂုဏ်ယူစွာ ရေးသားဖော်ပြရင်း ဘိုးဘွားအစဉ်အဆက် ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေရန် စိတ်ရည်သန်၍ ရေးသားဖော်ပြလိုက်ရပါတော့ပေသည်။

***ကိုးကား***
***မြန်မာစွယ်စုံကျမ်းအတွဲ(၅)***
***ဒါရိုက်တာမြင့်မောင်- ခနုတောင်ရိုး***

အထူးကဏ္ဍ [ က ] မှ »»

ဘာလုပ်ဖို့ အသွားမှာ
တီလ်ထို့ကောက်ရန် အသွားမှာ
ကျွန်တော်လက်ကတော့ မထိခဲ့ပါ
ချည်ဒလက်ကသာထိခဲ့

ဖော်ပိအေး၊ ဖော်ပိအေး (ကျားအော်သံ)” သီချင်းကိုဆိုခဲ့သည်။ လက်နှစ်ဖက် ဆန့်တန်းကာကရင်း အလောင်းကိုကိုးပတ်ပတ်၏။ ယခင်ပတ်သည့်အတိုင်း ကိုးကြိမ် (၉×၉=၈၁ ပတ်၊ ကိုးကြိမ် ကိုးကြိမ်) ပြန်ပတ်၏။ ထို ၈၁ ပတ် ပြည့်ပြီးသောအခါ အလောင်းကို ကျောပေါ်တင်၍ ထမ်းပိုးကာ ကောက်ထား ရပ်ကွက်၊ ဆပဲ့ ခေါ် ကျောက်တုံးကြီးနားတွင် လျှန်ဒါအို့ ဂူရှိ၏။ ထိုဂူထဲသို့ အလောင်းကို ယူသွား၏။

ထိုလုံပီး အမျိုးသားသည်လည်း ဂူရှိရာ ကျောက်ပေါ်သို့ ရောက်ရှိလာသည်။ ကျောက်တုံးပေါ်တွင်ထိုင်၍ လှံ၏အဖျားတွင် သစ်ရွက်ကိုင်းငယ်တစ်ခုကို ကြိုးနှင့်ချည်ကာ ဂူဝတွင် လှုပ်စေ၏။

ထိုအခါ ကျားကြီးသည်မြင်၍ မည်သည့်အရာဖြစ်ကြောင်း သိလိုသောကြောင့် ဂူဝသို့ ခေါင်းပြူထွက်လာ၏။ အပေါ်သို့ ခေါင်းမော့၍ ကြည့်စဉ် လုံပီးအမျိုးသားက ကျားကြီး၏ ပါးစပ်အတွင်း လှံဖြင့် တအားထိုးစိုက်ချသောကြောင့် ကျားကြီးသေဆုံးသွားသည်။ ကျားကြီးသေဆုံးဖြစ်သဖြင့် သမီးလေး၏ အလောင်းကို ကျောပေါ်တင်၍ အိမ်သို့ယူသွား၏။

ထို့နောက် ကျားကြီး၏အလောင်းကို ဂူမှ သယ်ဆောင်၍ ကလဲ့စားချေသည့်အနေဖြင့် ကျားအောင်ပွဲကို ကျင်းပခဲ့သည်။ ကျားကြီး ကသကဲ့သို့ လက်ကိုဆန့်တန်းကာ စင်ပေါ်တင်သည့် ကျားအလောင်းကို (၈၁)ကြိမ်ဖြင့် ပတ်၍ မိန်းမနှင့်အဖွဲ့များ ခြံရံလျက် ကကြ၏။

ထို့နောက် ကျားကြီး၏အလောင်းကို လည်ပင်းမှဖြတ်၍ ယနေ့အခေါ် ဟမ်လန်းချောင်း၌ သွားရောက်မြှုပ်နှံ၏။ ဤသို့ဖြင့် ဘိုးဘွားစကားနှင့် သီချင်းများစာအုပ် (စီအေစီစီထုတ်စာအုပ်)တွင် ကျားအောင်ပွဲကျင်းပခြင်း ဗိုခွားရွာမှ စတင်သည်ဟု အဆိုရှိသည်။

> **ကျားကြီး၏အလောင်းကို ဂူမှ သယ်ဆောင်၍ ကလဲ့စားချေသည့်အနေဖြင့် ကျားအောင်ပွဲကို ကျင်းပခဲ့သည်။ ကျားကြီး ကသကဲ့သို့ လက်ကိုဆန့်တန်းကာ စင်ပေါ်တင်သည့် ကျားအလောင်းကို (၈၁)ကြိမ်ဖြင့် ပတ်၍ မိန်းမနှင့်အဖွဲ့များ ခြံရံလျက် ကကြ၏။**

ကျားအောင်ပွဲစတင်ခြင်းနှင့် ပတ်သက်၍ သိက္ခာတော်ရဒေါက်တာမန်ဟုပ်က အောက်ပါအတိုင်း ပြောကြားပြန်သည်။ ရွာတစ်ရွာ၌ သမန်းကျားနှင့် လူသားရောနှော၍ နေထိုင်၏။ လူသားများက သမန်းကျားဖြစ်ကြောင်း မသိရှိကြပါ။ ထိုရွာ၌ သမန်းကျား မန်ဟာအိုးနှင့် လှပ၍ အလုပ်တွင် ကြိုးစားလုပ်ကိုင်သော အပျိုလေး သွမ်ဆုံ တို့ရှိကြ၏။ သူ မန်ဟာအိုးကို သဘောကျသောကြောင့် အစ်ကိုမောင်များက နှမကလေး သွမ်ဆုံကို ပေးစား၏။

သွမ်ဆုံသည် မိမိယောကျ်ားသည် သမန်းကျားဖြစ်ကြောင်း ရိပ်မိလာသောအခါ မိမိ၏ မောင်တို့အား အကျိုးအကြောင်းကို ပြောပြ၏။ မောင်တို့ကလည်း နှမပြောသော စကားကို မယုံကြ၏။ ထိုအခါ သွမ်ဆုံက မောင်တို့အား စကားဆိုကြသည်။

ဆက်လက်ဖော်ပြပါမည်။

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်စရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ဃ ] မှ »»

အသက်မွေးဝမ်းကျောင်းလုပ်ငန်း အနေဖြင့် မြေပြန့်ခမီလူမျိုးတို့က လယ်ယာလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး တောင်ပေါ်နေ ခမီလူမျိုးများမှာမူ တောတောင်များကို အမှီပြုလျက် တောင်ယာစိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အချို့သော တောင်ပေါ်ခမီလူမျိုးတို့သည် သစ်ခုတ်ခြင်း၊ အမဲလိုက်ခြင်းလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။



ရိုးရာဝတ်စုံများ ဝတ်ဆင်ထားသည့် ခမီအမျိုးသမီးများကို တွေ့ရစဉ်။

### ရုပ်အသွင်အပြင်

ခမီလူမျိုးတို့၏ အသားအရောင်မှာ အသားဝါအုပ်စုဝင်ဖြစ်ပြီး မဖြူ မညိုသော အသားအရေရှိပြီးလျှင် နက်သောဆံပင်များရှိသည်။ နဖူးကျယ်၍ မတိုမရှည်အနည်းငယ်ပိပြားသော နှာခေါင်း၊ မည်းနက်သော မျက်ခုံး၊ တောက်ပြောင်သောမျက်လုံး၊ မထူမပါးသော နှုတ်ခမ်း၊ မျက်နှာဝိုင်း ပါးရိုးမြင့်ပြီး မေးရိုးကားသည်။ အရိုးအဆစ် တောင့်တင်းခိုင်မာသည်။ ယောကျ်ား၊ မိန်းမပါကျစ်လျစ်သော ခန္ဓာကိုယ်ရှိကြသည်။ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေး ထူခြင်းမရှိပေ။ အရပ်အမောင်းမှာ နိမ့်သည်သို့သော်လည်း ပုလွန်းသည်ကား မဟုတ်ပေ။

### ကိုးကွယ်ယုံကြည်မှု

ခမီလူမျိုးအများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ရှေးကမူ နတ်ကိုးကွယ်သည့် ဓလေ့ရှိသည်။ နေနှင့်လကို တိုင်တည်ခြင်း၊ နတ်ကောင်းနတ်မြတ်(ကနီခေါ့မာ့)ကို တိုင်တည်ခြင်းများရှိ၏။ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းကိုးကွယ်သည့် ခမီလူမျိုး အနည်းငယ်လည်း ရှိသည်။

### စိတ်နေသဘောထား

ခမီလူမျိုးတို့သည် စိတ်သဘောထားဖြူစင်ပြီး နူးညံ့သိမ်မွေ့ကြသည်။ သူတစ်ပါးအား ရန်လိုစိတ်မရှိဘဲ သီးခြားအေးဆေးစွာ နေလိုသော စိတ်သဘောထားရှိသည်။ ဖော်ရွေစွာဆက်ဆံခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း၊ ကျိုးနွံ့ရိုသေခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်းတို့ကို တန်ဖိုးထားသည်။ မိဘ ဘိုးဘွားတို့က မိမိ၏သားသမီးမြေးမြစ်များ လိမ္မာယဉ်ကျေးလာစေရန် ၎င်းတို့၏ ဘဝဖြတ်သန်းမှုအတွေ့အကြုံကို အခြေခံ၍ အမျိုးမျိုးပြောဆို ဆုံးမသွန်သင် ပေးတတ်ကြသည်။ ထို့ကြောင့် ရိုးသားဖြောင့်မတ်ပြီး သစ္စာတရားစောင့်သိကာ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော စိတ်သဘောထားရှိကြသည်။

### နာမည်မှည့်ခေါ်ပုံ

ခမီလူမျိုးတို့တွင် စိတ်ဝင်စားဖွယ်ကောင်းသော နာမည် မှည့်ခေါ်ဓလေ့ရှိသည်။ ကမ္ဘာဦးကာလက ခမီလူမျိုးများယုံကြည် ကိုးကွယ်ခဲ့ကြသည့် နေ၊ လ တို့၏ အမည်နှင့် ဆက်စပ်သော နီးဆေ၊ ခြအောင်ဟုလည်းကောင်း၊ အချိန်ကို စွဲ၍ အာ့ခေါင်(အရုဏ်တက်ချိန်)၊ ခဝင်း(မိုးလင်းချိန်)ဟု လည်းကောင်း၊ နေ့ရက်ကိုစွဲ၍ နီးဆေ(တနင်္ဂနွေ)၊ မခိ(အင်္ဂါ)ဟု လည်းကောင်း၊ လရာသီကိုစွဲ၍ ခုက်ကီ(နတ်တော်)၊ စခွတ် (ပြာသို)၊ ဆပင် (တပို့တွဲ) ဟုလည်းကောင်း၊ နေရာဒေသကိုစွဲ၍ အတောန် (မင်းကြီးတောင်)၊ ကေမာ (ကျောက်ပန်းတောင်)၊ နိကေ(နီလာပန်းတောင်) ဟုလည်းကောင်း၊ သားသမီးများ အဖက်မတင်သည့်အခါ ယတြာချေသည့် အနေဖြင့် ကေပေါ (ငါးထည့်သည့်ပလိုင်း)၊ ယွေဟွေ (ငါးဖမ်းယက်သဲ့)ဟု လည်းကောင်း၊ ရိုးရာတူရိယာများကို စွဲ၍ ကလက်(လင်းကွင်း)၊ တဲတိန် (ဝါးစောင်း)ဟု လည်းကောင်း၊ အသုံးအဆောင်ကိုစွဲ၍ ကဆေး(ခမောက်ရှည်)၊ အော့ကွတ်(ရေအိုး)ဟု လည်းကောင်း၊ ဆန်စပါးကိုစွဲ၍ စနီ(ဆန်)၊ စကုန်(စပါးပင်)၊ စအောင် (စပါးသီးနှံအောင်မြင်)ဟု လည်းကောင်း၊ ဝါးပင်ကိုစွဲ၍ ဒတ်ထပ်(ဝါးသီး)၊ ဒတ်ပက်(ဝါးပွင့်) စသည်ဖြင့် မိမိတို့ကြိုက်နှစ်သက်သလို မှည့်တတ်ကြသည်။ ထို့ပြင် ကွယ်လွန်သွားကြသည့် မိဘ၊ ဘိုးဘွားများ၏ အမည်များကိုလည်း ထပ်မံ၍မှည့်ခေါ်တတ်ကြသေးသည်။

### ဆင်ယင်ထုံးဖွဲ့မှု

ရှေးယခင်က ခမီလူမျိုးများသည် ကျား၊ မ ဆံပင်ရှည်ထား၍ ဆံထုံး ထုံးလေ့ရှိကြသည်။ ခမီအမျိုးသားများသည် ဦးခေါင်း၏ ဘယ်ဘက်စောင်းစောင်းတွင် သျှောင်ထုံးကို သေသပ်ကျနစွာ ထုံးထားကြသည်။ အနံခြောက် လက်မ၊ အလျား လေးပေခန့်ရှိသော ဂျပ်ခုတ် ရက်ထည်(သို့မဟုတ်) အဝတ်ဖြူပိတ်စကို ခေါင်းပေါင်းအဖြစ် ရစ်ပတ်ပေါင်းထားကြသည်။ခမီအမျိုးသမီးများသည် ဆံပင်ကို နောက်ဘက်တွင်သာ သေသပ်ကျနစွာ ထုံးဖွဲ့ပြီး ငွေဆံထိုး၊ ဆံညှပ်များဖြင့်သာ တန်ဆာဆင်ကြသည်။ခမီလူမျိုး အမျိုးသမီးများ၏ဆင်ယင်ထုံးဖွဲ့မှုတွင် ဦးထုပ်ဆောင်းလေ့မရှိပေ။

### အဆင်တန်ဆာ လက်ဝတ်လက်စား

ခမီအမျိုးသားများက နဗက်(ခေါ်) အလယ်တွင် အပေါက်ပါပြီး လဝန်းသဏ္ဍာန်ရှိသော အချင်းနှစ်လက်မခန့်ရှိ နားကွင်းကျယ်ကြီး ငွေဖြင့် ပြုလုပ်၍ ဝတ်ဆင်ကြသည်။ ငွေလက်ကောက်လည်း ဝတ်ဆင်လေ့ရှိသည်။ ခမီအမျိုးသမီးများမှာမူ နားတွင် ငွေနားတောင်းကြီး(နားကပ်)၊ လည်ပင်းတွင် ငွေဒင်္ဂါးပြားကို သန္တာစေ့ (သို့မဟုတ်)ပုလဲပုတီးလုံးများဖြင့် သီကာ လည်ဆွဲကြိုးအဖြစ် ဆင်ယင်ကြသည်။ အမျိုးသမီးများ ခါးပိုင်းတွင် ငွေသားဖြင့် ပြုလုပ်ထားသော ခါးပတ်ကြိုး၊ ငွေသား ဒင်္ဂါးပြားများကို ကြွေစေ့၊ သန္တာစေ့၊ ပုလဲစေ့များဖြင့် သီထားသည့်ခါးပတ်ကြိုး(အကြီး)နှင့် "မှန်ကြိုး"ဟုခေါ်သည်။ ငွေသားခါးပတ်ကြိုး (အသေး) ၎င်းသုံးမျိုးကို ခါးတွင် အစီအရီ လှပသပ်ရပ်မြဲမြံစွာပတ်၍ ချည်နှောင်ဆင်ယင်ကြသည်။

အချို့နေရာများတွင် သန္တာစေ့များဖြင့် သီကုံးထားသည့် အပင်ရေများစွာပါသော ဝါ၊ စိမ်း၊ နီ၊ ပြာ သန္တာစေ့ ခါးပတ်ကြိုးကို ဝတ်ဆင်လေ့ရှိကြသည်။ လက်နှင့်ခြေတို့တွင် ငွေလက်ကောက်နှင့် ငွေခြေချင်းများ ဝတ်ဆင်ကြသည်။ ခမီပျိုမယ်များက လက်ကောက် တစ်ကွင်းမှ တံတောင်ဆစ်ထိရောက်အောင် ဝတ်ဆင်တတ်ကြပြီး မိန်းမအိုကြီးများမှာ ငွေလက်ကောက်ကြီးကြီး တစ်ကွင်းတည်းသာ ဝတ်ဆင်ကြသည်။ ခမီလူမျိုးတို့သည် လက်ဝတ်ရတနာ ဆင်ယင်ရာတွင် အဆောင်သဘော၊ အကာအကွယ်သဘော မဟုတ်ဘဲ မိမိတို့ရိုးရာယဉ်ကျေးမှုအရ အလှအပသဘောဖြင့်သာ ဝတ်ဆင်ကြခြင်းဖြစ်သည်။ ယနေ့အချိန်အခါတွင် ရိုးရာပွဲလမ်းသဘင်များတွင်သာ ဝတ်ဆင်လေ့ရှိကြသည်။

### ဝတ်ဆင်သော အဝတ်များ

ခမီအမျိုးသားတို့သည် ကိုယ်ခန္ဓာအောက်ပိုင်းကို လုံချည်အဖြစ် အနံ ကိုးလက်မ၊ အလျား ၁၃ ပေခွဲရှိသော "ဗတရီ" (ခေါ်) ဂျပ်ခုတ်ရက်ထည် အနံငယ်ပင်ရှည်ပုဆိုးကို ခါးတွင် သုံးပတ်ရစ်ပတ်ပြီး ခါးတောင်းကျိုက်ကာ ရှေ့၊ နောက်အစွန်း ထုတ်လျက် ဝတ်ဆင်ကြသည်။ ၎င်းကို ရခိုင်လူမျိုးတို့က "ဗတရီ"ကျိုက်သည်ဟုခေါ်ကြပြီး ခမီအမျိုးသားများက ကိုးတောင်ဝတ် ယောကျ်ားဟု ဂုဏ်ယူဝင့်ကြွားစွာပြောလေ့ရှိကြသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းကို ပခုံးတစ်ဆက်တည်း ဂျပ်ခုတ်ရက်ထည် လက်ပြတ်အင်္ကျီကို ဝတ်ဆင်စေသည်။

ခမီအမျိုးသမီးများမှာမူ အနံ ၁၈ လက်မခန့်၊ အလျား ၃၆ လက်မခန့်ရှိသည့် အဝ့်လဉ်(ခေါ်) ဂျပ်ခုတ်ရက်ထည်ကို အပေါ်ပိုင်းအင်္ကျီအဖြစ် ဘယ်ဘက်ချိုင်းကြားမှ ညာဘက်ပခုံးပေါ် အစနှစ်စွန်းကို ချည်နှောင်ကာ ခါးအောက်တွင် ရောက်နေသည့် အစွန်းနှစ်စကိုလည်း ချည်နှောင်လျက် ဝတ်ဆင်သည်။ခမီအမျိုးသမီး ခါးဝတ်ထဘီမှာ အလျား လေးပေခွဲ၊ အနံ နှစ်ပေခွဲရှိပြီး ဂျပ်ခုတ်ထဘီထူထူကို ဒူးခေါင်းအောက်ချ၍ ဝတ်ဆင်ကြသည်။ အမျိုးသမီးဝတ် အင်္ကျီ၊ ထဘီ အနားစတွင် သန္တာစေ့များဖြင့် ယနေ့အခေါ် စီးကွင့်ထိုးပြီး အလှဆင်ကြသည်။ ထို့နောက် အလျား ငါးပေခွဲ၊ အနံ တစ်ပေခန့်ရှိသောကိုယ်ခြုံထည် ထီပင်(ခေါ်) ခြုံထည်တဘက်ကို ပခုံးနှစ်ဖက် လည်ကုပ်ပေါ်မှသိုင်းပြီး ရှေ့သို့ ချကာဝတ်ဆင်ကြသည်။

ခမီလူမျိုးတို့၏ အဝတ်အထည်အရောင်မှာ အများအားဖြင့် ဝါ၊ စိမ်း၊ နီ၊ ပြာ၊ နက် အရောင်ရင့်ရင့်ဖြင့် မိမိတို့ဘာသာ ရက်လုပ်ဝတ်ဆင်လေ့ရှိကြသည်။ ရိုးရာအထည်ဂျပ်ခုတ်ရက်လုပ်ခြင်းပညာကို ခမီမိခင်များက ခမီသမီးပျိုများသို့ လက်ဆင့်ကမ်းသင်ပေးကြလေသည်။

### မျိုးနွယ်ဆက်ခံမှုနှင့် ခမီမျိုးနွယ်စုများ (ခမီလူမျိုးတို့က အစဉ်/အမျိုးဟုခေါ်သည်)

ခမီလူမျိုးများတွင် သားသမီးများသည် ဖခင်၏ မျိုးနွယ်ကိုသာ ဆက်ခံရသော ဓလေ့ရှိ၏။ ခမီလူမျိုးတို့သည် အများအားဖြင့် မျိုးနွယ်တူစု(Clan)အလိုက် သို့မဟုတ် မျိုးတူမိသားစုအလိုက် စုစည်း၍ နေထိုင်ကြသလို မျိုးနွယ်တူစု သုံးလေးမျိုးစုစည်း၍ စုပေါင်းရွာတည်နေထိုင်ကြသည်။ ခမီလူမျိုးတို့သည် မျိုးနွယ်(အစဉ်)များပြားသော လူမျိုးလည်းဖြစ်သည်။ ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီ၏ လေ့လာရေး အစီရင်ခံစာအရ ခမီလူမျိုးတို့၏ ဆွေမျိုးစုတွင် မျိုးပွားသည့် ပင်မမျိုးနွယ်နှင့် မျိုးမပွားသည့် ပင်မမျိုးနွယ်ဟူ၍ နှစ်မျိုးရှိပြီး ပင်မမျိုးနွယ်စု ၅၈ စုနှင့် မျိုးပွားမျိုးနွယ်စု စုစုပေါင်း ၁၄၉ မျိုးရှိကြောင်း မှတ်တမ်းပြုထားသည်။

### ဆွေမျိုးစပ် မဟာမိတ်ဖွဲ့ပုံ

လူမှုဆက်ဆံရေးနယ်ပယ်၌ အဆင်ပြေချောမွေ့စေရန် တစ်မျိုးနွယ်နှင့်တစ်မျိုးနွယ် ဆွေမျိုးစပ်မဟာမိတ်ဖွဲ့ပုံ သုံးမျိုးရှိသည်။ (၁) ညီအစ်ကိုမျိုး၊ (၂)ယောက္ခမမျိုးနှင့် (၃)သမက်မျိုးဖြစ်သည်။ တစ်ဖန် ညီအစ်ကိုမျိုးတွင် အဖေနှင့်မျိုးနွယ်တူ ညီအစ်ကိုမျိုး၊ အမေ၏ အစ်မ၊ ညီမအရင်းမှ မွေးဖွားသော ညီအစ်ကိုမျိုးနှင့်ရှေးယခင်က သစ္စာပြုညီအစ်ကို ဟူ၍ သုံးမျိုးရှိပြန်သည်။ ဤသို့လျှင် ခမီလူမျိုးတို့သည် တစ်မျိုးနွယ်နှင့် တစ်မျိုးနွယ် ညီအစ်ကိုသုံးမျိုး၊ ယောက္ခမမျိုး၊ သမက်မျိုးဟူ၍ 'ဝိုင်းကြီးပတ်ပတ်လည်ကာ' ဆွေမျိုးစပ်မဟာမိတ်ဖွဲ့ထားကြောင့် ခမီလူမျိုးတို့တွင် မျိုးနွယ်ကွဲများသော်လည်း သူစိမ်းတစ်ရံဆံဟူ၍ မရှိတော့ဘဲ အားလုံးက ဆွေမျိုးချည်းသာ ဖြစ်နေတော့သည်။ ထို့ကြောင့် မသိမကျွမ်းကြသော်လည်း တစ်ဦးနှင့်တစ်ဦး ဆွေစပ်၊ မျိုးစပ် မျိုးနွယ်(အစဉ်)များ မေးမြန်းကာ ညီအစ်ကိုတော်လျှင် ညီအစ်ကို၊ မောင်နှမ အရင်းရှာလိုဖြစ်သွားကြပြီး ယောက္ခမမျိုး၊ သမက်မျိုး (သို့မဟုတ်)ယောက်ဖမျိုးဆိုက တစ်ဦးနှင့်တစ်ဦး အလေးထားဆက်ဆံကြသည်။

### ခမီဘာသာစကား

ရခိုင်ပြည်နယ်အတွင်းရှိ ခမီလူမျိုးများ၏ ဘာသာစကားတွင် (၁)နေ့စဉ်သုံးဘာသာစကားနှင့် (၂)အလင်္ကာဘာသာစကားဟူ၍ (၂)မျိုးခွဲခြားနိုင်သည်။ နေ့စဉ်သုံးဘာသာစကားကို ခမီလူမျိုးတိုင်း ပြောနိုင်၊ နားလည်နိုင်သော်လည်း အလင်္ကာဘာသာစကားကိုမူ ရိုးရာတေးအလင်္ကာများကို လေ့လာလိုက်စားသူများသာ နားလည်သည်။ အလင်္ကာဘာသာစကားကို ခမီလူမျိုးတို့၏ နှစ်သစ်ကူးဆနီပွဲ၊ လက်ထပ်ထိမ်းမြားမင်္ဂလာပွဲများတွင် တစ်ဦးနှင့်တစ်ဦး ဆွေးနွေးမေးမြန်း၍ ခမီတေးအလင်္ကာများကို နှီးနှောဖလှယ် သီဆိုကြသည်။ ရှေးဟောင်းသမိုင်းဖြစ်စဉ်များကို တေးအလင်္ကာဘာသာဖြင့် သီဆိုမှတ်တမ်းပြုကြသည်။ နေ့စဉ်သုံးဘာသာစကားတွင် အုပ်စုနှစ်မျိုးရှိသည်။ ဝါကုန်ခမီ စကားပြောအုပ်စုနှင့် အရိုင်းခမီ (ခတ်တနာစကားပြောအုပ်စု)ဖြစ်သည်။ ဝါကုန်စကားပြောသည် ရခိုင်ပြည်နယ်ရှိ ခမီလူမျိုးတို့၏ ဘုံစကားဖြစ်သည်။ စာရေးသူတို့ခမီဘာသာစကား၌ ရုပ်ဝတ္ထုအခေါ်အဝေါ်များသည် အလွန်ထူးခြားသည်။ လူခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုလုံးကို 'အ'သရအသံကို ရှေ့မှထား၍ သုံးထားသည်။ ဥပမာ- ဆံပင်(အဆင်)၊ ဦးခေါင်း(အလု)၊ မျက်စိ(အမီ)၊ ပါးစပ်(အမခါ)၊ ရင်သား(အစော်)၊ ချပ်(အလံလုံး)၊ ပေါင်(အဖလ်)၊ ခြေထောက် (အခေါခ်)၊ ခြေချောင်း(အခေါခ်မယုန်)၊ ကိုယ်တွင်းအင်္ဂါများကိုလည်း နှလုံး(အမလုံ)၊ အဆုတ်(အမတော်)၊ အူ (အတခ္ခိ)စသည်ဖြင့် ဖြစ်ပေသည်။ ထို့ပြင် ဆွေမျိုးအခေါ်အဝေါ်များကိုလည်း အ သရနှင့်တွဲလျက် ခေါ်လေ့ရှိသည်။ ဥပမာ-အဘိုး(အဘူ)၊ အဘွား(အပီ)၊ အဖေ (အပတ်)၊ ဘကြီး (အမာပတ်)၊ ဒေါ်လေး(အတာ)ဟူ၍ ဖြစ်သည်။

### မိခင်ဘာသာစကားသင်ကြားရေး ခမီစာပေ

ခမီလူမျိုးတို့တွင် ဘာသာစကား၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ တေးအလင်္ကာဖြင့် ဖွဲ့နွဲ့ထားသည့် သမိုင်း၊ ရာဇဝင်၊ ပုံပြင်၊ ဝတ္ထုများသာရှိပြီး ကိုယ်ပိုင်စာပေမရှိခဲ့ပေ။ စာရေးသူငယ်စဉ်က အဘိုးအဘွားများအား ခမီစာမရှိဘူးလားဟု မေးရာ ခမီစာကို နွားသားရေပေါ်တွင်ရေးထားခဲ့သောကြောင့် ခွေးစားသွားသည်ဟု ဟာသနှော၍ ပုံပြင်သဘောပြောပြခဲ့ဖူးပါသည်။ သို့သော်လည်း စာပေအက္ခရာဟူသည်မှာ လူမျိုးတိုင်းတွင်ရှိသင့်သော ဂုဏ်အင်္ဂါတစ်ခုဖြစ်ပြီး အရေးပါအရာရောက်သော သင်္ကေတဖြစ်ပေသည်။ စာပေရှိမှ လူမျိုးတင့်မည်ဖြစ်သောကြောင့် ခမီလူမျိုးတို့ နိုးကြားတက်ကြွမှု၊ တိုးတက်မြင့်မားမှု၊ ချမ်းမြေ့သာယာမှုဟူသော ဘဝအခြေခံဖြစ်စေရန် ဆန္ဒမွန်ဖြင့် ဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံနှင့် ဆီလျော်အောင် မြန်မာစာပေကို အခြေခံ၍ ခမီစာပေအက္ခရာသင်ပုန်းကြီးကို ၁၉၇၂ ခုနှစ်တွင် ခမီရဟန်းတော် အရှင်တိလောက(သာသနဓဇမဟာစရိယ)၊ သာသနာ့အောင်မြေကျောင်း ဘောက်ထော် ရန်ကုန်မှ တီထွင်ပေးခဲ့သည်။ သို့သော်လည်း ခမီလူမျိုးတို့၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအခြေခံ အုတ်မြစ်နိမ့်ကျမှုကြောင့် ခမီစာပေသင်ပုန်းကြီးမှာ ဖွံ့ဖြိုးတိုးတက်မလာနိုင်ခဲ့ပေ။ ယနေ့ ပါတီစုံဒီမိုကရေစီခေတ်တွင် နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားမိခင်ဘာသာ စာပေသင်ကြားရေး ပညာရေးမူဝါဒများချမှတ် ဆောင်ရွက်ပေးမှုကြောင့် ခမီတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်း(အဖွဲ့)က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ၂/ရခိုင်/၀၂၈ မှတ်ပုံတင်ပြီး ၁၉၇၂ ခုနှစ်က ခမီရဟန်းတော် အရှင်တိလောက(သာသနဓဇမဟာစရိယ)တီထွင်ပေးခဲ့သည့် ခမီစာသင်ပုန်းကြီးကို ပြန်လည်အသက်သွင်းကာ ခမီစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မိခင်ဘာသာခမီစာသင်ကြားပြသရန် ခမီလူမျိုး ဆရာ ဆရာမများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ပညာရေးဌာနများနှင့် ညှိနှိုင်းလျက် ခမီတိုင်းရင်းသား ကျေးရွာများတွင် ခမီစာပေသင်ကြားရေးကို အုတ်မြစ်ချလုပ်ဆောင်နေပြီဖြစ်သည်။ ။

***ကိုးကားချက်***

*၁။ ရခိုင်ပြည်နယ်ယဉ်ကျေးမှုဌာနခွဲ တိုင်းရင်းသားလူမျိုးများ၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုဖော်ထုတ်ရေးအဖွဲ့၏(ခမီလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာတွေ့ရှိချက်စာတမ်း။) (၁၉၉၇) ၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ် တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်(ခမီ)လူမျိုးတိုင်းရင်းသားများအရေးလေ့လာရေး အစီရင်ခံစာ။ (၂၀၁၄) ၃။ ဆလိုင်းနော်ဇော်၏ ရခိုင်တောင်တန်းက ချင်းရိုးရာသမိုင်း ၄။ ဆဘောင်ဒတ္တုပ် (ခမီတောင်တန်း)၏ လက်ရေးမူ ခမီဓလေ့။ ၅။ ဖက်ဒရယ်ဂျာနယ်မှ ပြုစုသည့် ချင်းလူမျိုးထဲက မျိုးနွယ်စုများအကြောင်း။ ၆။ ဒေါက်တာကျော်သိန်း(မြောက်ဦး) B.A(Hons:), M.A,Ph.D(ရန်ကုန်တက္ကသိုလ်)မှ ပါရဂူဘွဲ့အတွက် တင်သွင်းသည့် မြို့(ခေါ်) ခမီလူမျိုးတို့၏ နောက်ခံသမိုင်းကျမ်း။ ၇။ အရှင်ရှေပါလ သာသနဓဇမဟာစရိယ M.A (Buddhism) မှ နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ် (ရန်ကုန်)၊သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့အတွက် တင်သွင်းသော ခမီတိုင်းရင်းသားများ၏ ယုံကြည်ကိုးကွယ်မှုနှင့် ရိုးရာဓလေ့များ။ ၈။ရမ်းပြည့်မြို့ တောင်ကျောင်းဆရာတော် ဘုရားကြီး အရှင်စန္ဒမာလင်္ကာရ၏ ရခိုင်သမိုင်းရာဇဝင်သစ်ကျမ်း။ ၉။ ခူမီးသမိုင်း*

❑

# ရခိုင်ဌာနေ တိုင်းရင်းသားခမီလူမျိုးများအကြောင်း သိကောင်းစရာ

K.အာ့ခေါင်

မြန်မာနိုင်ငံအနောက်ဘက်ဒေသရှိ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများနှင့်အတူ တိုင်းရင်းသား မျိုးနွယ်စုငယ်များ နေထိုင်လျက်ရှိပေသည်။ ဌာနဆိုင်ရာ စာရင်းဇယားများအရ ရခိုင်မျိုးနွယ်စုများအဖြစ် ရခိုင်၊ ခမီ၊ မြို၊ သက်၊ ဒိုင်းနက်၊ ကမန်၊ မရမာဟူ၍ လူမျိုးစု ခုနစ်မျိုးရှိပေသည်။ ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့ ပြည်နယ်ယဉ်ကျေးမှုပြတိုက်တွင် ရခိုင်ပြည်နယ်ရှိ ရခိုင်မျိုးနွယ်စုဝင် တိုင်းရင်းသားခုနစ်မျိုးနှင့် ၎င်းတို့၏အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

ယနေ့ နိုင်ငံတကာတွင် လူမျိုးတစ်မျိုးဟု သတ်မှတ်နိုင်ရေးအတွက် UNESCO (ကုလသမဂ္ဂ ပညာ၊ သိပ္ပံ၊ ယဉ်ကျေးမှု)အဖွဲ့က ၁။တူညီသော သမိုင်းအစဉ်အဆက် ဖြတ်သန်းသယ်ဆောင်မှု (Common Historical Tradition၊ ၂။ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာ [Ethnic (Racial) Identity]၊ ၃။ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်(Cultural Homogeneity)၊ ၄။ အညီအညွတ်ပြောဆိုသော ဘာသာစကား (Linguistic Unicity)၊ ၅။ ဘာသာတရား သို့မဟုတ် ကိုးကွယ်ယုံကြည်မှု [Religious (or)Ideological Affinity]၊ ၆။ စုဖွဲ့နေထိုင်ရာနယ်မြေဆက်စပ်မှု ပုံသဏ္ဍာန် (Territorial Connection)၊ ၇။ တူညီသော စီးပွားရေးဘဝ (Common Economic Life)များ ရှိရမည်ဟု ဆိုပါသည်။

လူမျိုးအမည်နာမတစ်ခု ဖြစ်ပေါ်လာရာ၌လည်း ၁။ မိမိကိုယ်ကို ခေါ်ဆိုသောအမည် (Ego Name)၊ ၂။ သူတစ်ပါးကခေါ်ဆိုသောအမည် (Exo Name)၊ ၃။ နေရာဒေသလိုက်ကာ ခေါ်သောအမည် (Logo Name)နှင့် ၄။ အပြန်အလှန်ခေါ်သောအမည် (Alter Name) ဟူ၍ရှိရာ စာရေးသူတို့ ခမီလူမျိုးများသည် ရှေးဘိုးဘေးဘီဘင် လက်ထက်ကတည်းက လက်ဆင့်ကမ်းသုံးနှုန်းလာခဲ့သည့် ခမီတေးအလင်္ကာ သမိုင်းရာဇဝင်ဝတ္ထု၊ ပုံပြင်အရသော်လည်းကောင်း၊ ယနေ့လက်ရှိ မိမိတို့မိခင်ဘာသာစကားဖြင့် မိမိကိုယ်ကို ခေါ်ဝေါ်သုံးနှုန်းလျက်ရှိသော “ခမီ”(Khamee) ဟူသည့် လူမျိုးအမည်နာမကိုသာ ခမီလူမျိုးတို့က နှစ်သက်လက်ခံကြသည်။

စာရေးသူတို့ ခမီလူမျိုးများအား ခမီ၊ ခမီး၊ ခမွီး၊ ခမွေ၊ ခမွေး၊ ခူမီ၊ ခေမီ၊ မြို၊ တောင်သား၊ ချင်း ဟု အမျိုးမျိုးရေးသားခေါ်ဝေါ်ခြင်းကို ပြုကြ၏။ မိမိတို့ အချင်းချင်းမှာမူကား “ခမီ” ဟူ၍သာ ခေါ်ဆိုသုံးနှုန်းကြသည်။ ခမီဟူသောဝေါဟာရသည် ခွတ်မု - ခွတ်မီ - ခမီ ဟု အဆင့်ဆင့်ပြောင်းလဲလာခြင်းဖြစ်သည်။ ၎င်းကို ခမီလူမျိုးတို့၏ ခမီရိုးရာတေးအလင်္ကာများတွင် တွေ့ရသည်။ ခွတ်မု=ကမ္ဘာဦး နေလမထွက်ပေါ်မီ အမှောင်ဂူကမ္ဘာလောကဟု အဓိပ္ပာယ်ရပြီး ခွတ်မီ=ကမ္ဘာဦးကာလ နေလမထွက်ပေါ်မီအမှောင်ဂူကမ္ဘာ လောကလူသားဟု အဓိပ္ပာယ်ရသည်။ ဝင်/ခွတ် သည် ရွာ/ဂူတွင်း အဓိပ္ပာယ်ရပြီး မီ-သည် ခမီအလင်္ကာဘာသာစကား လမီဟူသော စကားမှဖြစ်၍ လူသားဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ခမီဟူသည်မှာ ကမ္ဘာဦးလူသား သို့မဟုတ် ဂူနေလူသားဟု အဓိပ္ပာယ်ရပေသည်။ ထို့ကြောင့် ခမီလူမျိုးတို့သည် ယနေ့အချိန်အထိ မိမိတို့၏ မိခင်ဘာသာစကားဖြင့် လူမျိုးအမည်ပြောကြလျှင် မန်ယီ ခမီယီ/ကတ်ယီ ခမီယီ (ငါတို့ခမီလူမျိုးတွေ)ဟု သုံးနှုန်းလေ့ရှိကြသည်။

**ခမီလူမျိုးတို့သည် တောတောင်ထူထပ်သော အရပ်ဒေသနှင့် မြစ်ချောင်း၊ အင်းအိုင်အနီး ရာသီဥတုအေးမြရာဒေသများတွင် နေထိုင်လေ့ရှိကြသည်။ ရခိုင်ပြည်နယ်အတွင်း နေထိုင်သော ခမီလူမျိုးများကို မြေပြန့်နေခမီနှင့် တောင်ပေါ်ခမီဟူ၍ နှစ်မျိုးခွဲ ဖော်ပြရမည်ဖြစ်သည်။ တောင်ပေါ်နေ ခမီလူမျိုးတို့သည် တောတောင်ထူထပ်သော အရပ်ဒေသတွင် ရွာတည်နေထိုင်တတ်ကြပြီး မြေပြန့်နေခမီလူမျိုးတို့မှာ မြစ်ချောင်း၊ အင်းအိုင်အနီး တွင် ရွာတည်နေထိုင်ကြသည်။**

### ဆင်းသက်လာပုံသမိုင်းကြောင်း

ခမီလူမျိုးတို့သည် တိဗက်-မြန်မာ မျိုးနွယ်စုဝင် ဘာသာစကားကို ပြောဆိုသော ချင်း၊ ကချင်အုပ်စုတွင် ပါဝင်သည်။ ရှေးဟောင်းစာပေအထောက်အထားများအရ တိဗက်-မြန်မာတို့နေထိုင်ခဲ့ဖူးသော ရှေးဟောင်းနေရပ်သည် ယခုတရုတ်နိုင်ငံ မြစ်ဝါမြစ် အညာပိုင်းဖြစ်မည်ဟု ခန့်မှန်းကြသည်။ ဘီစီ ၁၁ ရာစုခန့်တွင် တိဗက်-မြန်မာတို့သည် အုပ်စုနှစ်စုကွဲသွားသည်။ ကော်ကော်နိုရ်ပင်လယ်ပြာအိုင်ကြီး၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်သို့ ပျံ့နှံ့သွားသော အုပ်စုကို အနောက် တိဗက်-မြန်မာဟု လည်းကောင်း၊ အရှေ့ဘက် တရုတ်နိုင်ငံ စီချွန်နယ်သို့ ပျံ့နှံ့သွားသည့် အုပ်စုကို အရှေ့တိဗက်-မြန်မာဟု လည်းကောင်း ခေါ်ဆိုသည်။ အနောက်၊ အနောက်တောင်ဘက်သို့ ပျံ့နှံ့သွားသော တိဗက်-မြန်မာအုပ်စုဝင်ဖြစ်ပြီး ခမီလူမျိုးတို့၏ ရာဇဝင်တေးအလင်္ကာများတွင်လည်း “တီဘွင်းကက်နီ”တိဗက်ပြည်မှ ဆင်းလာသည်ဟု ပြောသည်။ ခမီဘာသာစကားတွင် တီဘွင်း=တိဗက်၊ ကက်နီ=ကုန်းပြင်မြင့် ဖြစ်သည်။

အချို့သော သမိုင်းစာရေးဆရာများက ခမီလူမျိုးတို့သည် ၁၉ ရာစုလောက်မှ ဝင်လာကာ နှစ်ပေါင်းအားဖြင့် ၂၀၀ ခန့်သာ ရှိသေးသည်ဟု ပြောကြ/ရေးကြသည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်အစီအစဉ်ဖြင့် ဥဿလင်းစေတီတော်မြတ်ကြီးကို အသစ်တစ်ဖန် တည်ဆောက်ခဲ့ရာတွင်မြေအောက်ဌာပနာတိုက်၌ အဝခမီအမျိုးသမီးတို့၏ လက်ဝတ်တန်ဆာများကို တွေ့ရှိရကြောင်း ပလက်ဝမြို့နယ် ခူမီးမျိုးနွယ်စုဝင် သမိုင်းစာအုပ်တွင် ဖော်ပြထားသည်။ အဆိုပါဥဿလင်းစေတီတော်သည် သာသနာတော်နှစ် ၂၂၃ တွင် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့်ခမီလူမျိုးများသည် ၎င်းစေတီတော် မတည်မီကတည်းက ယင်းအရပ်ဒေသတွင် ရှိနှင့်နေပြီးဖြစ်ပေသည်။ ထို့ပြင် ရမ်းပြဲတောင်ကျောင်းဆရာတော်ဦးစန္ဒာမာလာလင်္ကာရရေးသော ရခိုင်သမိုင်းရာဇဝင်သစ်ကျမ်း၊ ပထမတွဲ၊ စတုတ္ထမာတိကာ၊ စာမျက်နှာ ၃၂၆-၃၂၇ တွင်လည်း ဒုတိယပရိန်မြို့၌ သက္ကရာဇ် ၄၈၅ ခုနှစ် နန်းတက်သော ဒဿရာဇာမင်းသည် မဟာမုနိရုပ်ရှင်တော်ကို ရှာတော်မူရန် စေလွှတ်ခြင်းအကြောင်း၌ “ချောင်းဖျား မြောင်းဖျား၌နေသော မြို့ခွေးမွေးစသောသူတို့သည် ရုပ်တုတော်မဟာမုနိကို ဤအရပ်တွင်ရှိသည်ဟု ပြသနိုင်မူ ထိုသူတို့အား ငါဝတ်ဆင်တော်မူအပ်သော ဤပတ္တမြားလက်ကောက်ကို ပေးလေဟူ၍ မှာထားတော်မူလျက် စေလိုက်သော တမန်တို့ရောက်လေလျှင် အမတ်ကြီးလက်ယာကြီးသည် ချောင်းဖျားမြစ်စွန်၌ နေသော ခွေးမွေးတို့ကို မေးမြန်းလေလျှင်”ဟုရေးထားရာ“မြို့ခွေးမွေ” “ခွေးမွေး” ဟူသော လူမျိုးမှာ စာရေးသူတို့ ခမီလူမျိုးပင်ဖြစ်ပေသည်။

### ယခုနေထိုင်ရာဒေသများနှင့် အသက်မွေးဝမ်းကျောင်းပြုမှုလုပ်ငန်း

ခမီလူမျိုးတို့သည် တောတောင်ထူထပ်သော အရပ်ဒေသနှင့် မြစ်ချောင်း၊ အင်းအိုင်အနီး ရာသီဥတုအေးမြရာဒေသများတွင် နေထိုင်လေ့ရှိကြသည်။ ရခိုင်ပြည်နယ်အတွင်း နေထိုင်သော ခမီလူမျိုးများကို မြေပြန့်နေခမီနှင့် တောင်ပေါ်ခမီဟူ၍ နှစ်မျိုးခွဲဖော်ပြရမည်ဖြစ်သည်။ တောင်ပေါ်နေ ခမီလူမျိုးတို့သည် တောတောင်ထူထပ်သော အရပ်ဒေသတွင် ရွာတည်နေထိုင်တတ်ကြပြီး မြေပြန့်နေ ခမီလူမျိုးတို့မှာ မြစ်ချောင်း၊ အင်းအိုင်အနီးတွင် ရွာတည်နေထိုင်ကြသည်။ စစ်တွေ၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တော၊ မြောက်ဦး၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောမြို့နယ်များ၌ ပျံ့နှံ့နေထိုင်ကြသည်။ ယခုအခါ ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင်လည်း အင်ကြင်းမြိုင်ဟုခေါ်သည့် ခမီကျေးရွာတစ်ခုရှိသည်။



အထူးကဏ္ဍ [ ၈ ] သို့ »»

## နွားနို့ခဲခရမ်းချဉ်သီး အညာချက်





နွားနို့ခဲဆိုတာ အထက်အညာဒေသက အညာသူအညာသားတွေ နှစ်ခြိုက်စွာ စားသုံးကြတဲ့ အညာစာတစ်မျိုးပါ။ အညာဘက်မှာက နွားမွေး၊ ဆိတ်မွေးသူတွေများကြတော့ နွားနို့၊ ဆိတ်နို့တွေ လှိုင်လှိုင်ပေါတယ်လို့ ဆိုရမှာပါ။ နွားနို့ကို စားသုံးရာမှာ ကျိုပြီး နို့အေး၊ နို့ပူ အဖြစ်လည်းကောင်း၊ လက်ဖက်ရည်၊ ကော်ဖီများတွင် ဖျော်၍လည်းကောင်း သောက်သုံးကြသလို နို့ဆီ၊ နို့ခဲ၊ ထောပတ်၊ ဒိန်ချဉ်အဖြစ်လည်း ဖန်တီးပြီး အမျိုးမျိုး စားသုံးကြပါသေးတယ်။

သည်အထဲမှာ ထူးခြားတာကတော့ အထက်အညာဘက်မှာက နွားနို့ကို မရိုးစေးနဲ့ခဲပြီးလုပ်ရတဲ့ နို့ခဲကို ဟင်းလျာအဖြစ်လည်းကောင်း၊ သရေစာအဖြစ်လည်းကောင်း နှစ်နှစ်သက်သက် စားသုံးကြတဲ့ ဓလေ့ပါ။ နွားနို့ကျိုရာမှာ မရိုးပင်ကရတဲ့ မရိုးစေးနည်းနည်းထည့်ကာ ပွက်ပွက်ဆူအောင်ကျိုပြီး အအေးခံလိုက်ရင် နို့ခဲရတယ်လို့ ဆိုပါတယ်။ နွားနို့အစိမ်းက အချိန်လွန်သွားရင် အလိုလို ချဉ်သွားပေမယ့် နို့ခဲကတော့ ရက်အတော်ကြာထားပြီး စားနိုင်လို့ အထားခံတယ်လို့ ဆိုရမှာပါ။ နို့ခဲကိုတချို့ကကြော်ပြီး သကြားဖြူးကာ သရေစာအဖြစ် မြည်းကြသလို တချို့ကလည်း ဝါးခြမ်းနဲ့ညှပ်ကာ မီးမှာကင်လို့ နို့ကင်အဖြစ် စားသုံးကြပါတယ်။ အများအားဖြင့်ကတော့ ဟင်းတစ်မယ်အဖြစ် ကြော်ချက်စားရတာကို ပိုပြီး နှစ်ခြိုက်ကြပါတယ်။ နို့ခဲဟင်းလျာမှာနာမည်ကြီးတာက ခရမ်းချဉ်သီးနဲ့ဆီပြန်ချက်လေ့ရှိတဲ့ နို့ခဲဟင်းပါ။ ချက်နည်းကတော့ နို့ခဲကိုမထူမပါး လက်တစ်လုံးအရွယ်လေးတွေ တုံးပါ။

ပြီးက ငရုတ်၊ ကြက်သွန် ဖြူ နီရောပြီး ထောင်းထားတဲ့အရောကို ဆီဒယ်အိုးမှာဆီသတ်ပါ။ ငရုတ်၊ ကြက်သွန် ဖြူ နီအရော ဒယ်အိုးထဲမှာ ရွှေရောင်သန်းလာရင် စိတ်ထားတဲ့ ခရမ်းချဉ်သီး၊ ဆား၊ နနွင်းတို့ထည့်၊ နှံ့အောင်မွှေပြီး အဖုံးအုပ်ပါ။ ခရမ်းချဉ်သီး သုံးရာမှာ အညာဘက်မှာတော့ အချဉ်အရသာစူးတဲ့ အနားတွန့် ကိုင်းခရမ်းချဉ်သီးကို ပိုပြီး ကြိုက်ကြပါတယ်။

ဒယ်အိုးထဲမှာ ဆီပြန်လာရင် ရေအနည်းငယ်ထည့်လို့ ခရမ်းချဉ်သီးကြေပြီး အနှစ်ရအောင် ချက်ရပါမယ်။ ပြီးက နို့ခဲတုံးကလေးများထည့်ကာ နှံ့အောင်မွှေ၊ ဆူသံပေးပြီး ဆီပြန်လာပါက အပေါ့အငန်မြည်း၊ အသင့်ခွဲထားသော ငရုတ်သီးစိမ်းတောင့်များထည့်၊ နံနံပင်အုပ်ကာ မီးဖိုမှ ချပါလေ။ အနံ့အရသာထူးတဲ့အညာပုံစံ အညာချက် နို့ခဲခရမ်းချဉ်သီးဟင်းတစ်ခွက် အသင့်ရပါပြီ။

**စံလွင် (ငါးဦးစီး)**

မြမိုးသဘင် အဘပွဲတော် ဒါနဓမ္မစဉ်များ
အဘပွဲတော်၊တောင်ကြီးအင်းလေးပင်းတယဗွေးကောင်းထိုင်းဆင်(၅)ည(၆)ရက်(75000)(21.9.18)
အဘပွဲတော်၊မန္တလေးမြင်းခြံစစ်ကိုင်းမုံရွာပေမန်ကြီးဖော့ရွာ(၅)ည(၆)ရက်(75000)(21.9.18)
အဘပွဲတော်၊ပုဂံ(ရွှေဇီးခုံ)ပေမန်ကြီးလေကုန်ပေါ့ရွာ(၃)ည(၄)ရက်(45000)(23.9.18)
အဘပွဲတော်၊ပုပ္ပါးတောင်ကလပ်ထီးနှင့် ဒေါင်းလောင်းရှိဘုရား(၂)ည(၃)ရက်(35000)(24.9.18)
Ph:09425334456,09250233599,09421141415

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
VICTORIA UNIVERSITY COLLEGE
ISO 9001: 2015 CERTIFIED

# VICTORIA UNIVERSITY COLLEGE

## ENJOY LEARNING ● ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြားပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။
နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

**စက်တင်ဘာလ တန်းခွဲအသစ် အတွက် ကျောင်းသားများ စတင်လက်ခံနေပါပြီ။**

**အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန**

ရန်ကုန် – အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၁၂၊ ၃၈၃၁၁၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး – အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။

Pearson

UEL University of East London

# MNC

## MYANMAR NOBLE COLLEGE

**အင်္ဂလန်မှပေးအပ်ချီးမြှင့်သော ဘွဲ့တစ်ခုရသည်အထိ တက်ရောက်သင်ကြားနိုင်သည့် ကျောင်းတော်ကြီး . . .**



Business

Engineering

Computing




တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား/ကျောင်းသူများအတွက်

**HND Foundation Course**

တက္ကသိုလ်ဝင်တန်းနှင့် IGCSE မပြီးဆုံးသေးသော ကျောင်းသား/ကျောင်းသူများအတွက်

**HND Level-3 Diploma Course**

*Early Bird Promotion Discount : Until 20th September*

**Oct : Intake** Enroll Now

Hot Line
09 448066660
09 448066661
09 448066662

No.6 (A), Kyoe Sett Yone Street, Thuwunna, Thingankyun Township, Yangon, Myanmar.
01- 2331257, 2331245, 09 - 780 63 9577

SNN
# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေစုသူများအတွက် ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.9.2018 မှ 30.9.2018) အတွင်း
အလျော့တွက် + လက်ခ လျှော့ရောင်းပေးထားသော ပစ္စည်းများအပြင်
အလျော့တွက်မပါသည့် ရွှေထည်ပစ္စည်းများကိုလည်း လက်ခပြိုင်သာ ရောင်းချပေးသွားပါမည်။
နန်းကြိုးတ်အခေါက်လက်စွပ်၊ အခေါက်လက်ကောက်များလည်းရောင်းချပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၁၈ PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၈၁၀၂

## Aldersgate College ( Philippines ) Myanmar Campus
မှ ပေးအပ်ချီးမြှင့်မည့်သင်တန်း တန်းခွဲသစ်များအား အောက်ပါအတိုင်းဖွင့်လှစ်သွားမည်.....
Master of Business Administration (MBA).....26.9.2018
Master of Public Administration (MPA).....26.9.2018
သင်တန်းကာလ (၁၈) လ
MBA - အင်္ဂါ၊ ဗုဒ္ဓဟူး၊ (ညနေ ၅း၀၀ နာရီမှ ည ၈း၀၀ နာရီ)၊ စနေ (နေ့လည် ၁၂း၀၀ နာရီမှ ညနေ ၆း၀၀ နာရီ)
MPA - ကြာသပတေး၊ သောကြာ၊ (ညနေ ၅း၀၀ နာရီမှ ည ၈း၀၀ နာရီ)၊ စနေ (နေ့လည် ၁၂း၀၀ နာရီမှ ညနေ ၆း၀၀ နာရီ)
သင်တန်းကြေးအား လစဉ်အရစ်ကျ ပေးသွင်း၍တက်ရောက်နိုင်ပါပြီ။
Call Now:
09 400 800 126, 09 400 800 136,
09 253 868 223, 09 253 868 224
အဆိုပါသင်တန်းများကို ပြည်တွင်း၊ ပြည်ပမှ ပါရင့်ပါမောက္ခကြီးများ၊
စီမံခန့်ခွဲမှုလက်တွေ့အတွေ့အကြုံရှိပါရင့်ပညာရှင်များမှ လုပ်ငန်းအတွေ့အကြုံ၊ CASE များနှင့်အတူ
သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။
Lecturers.....
- Prof: Dr. Nay Zin Latt
- Asst: Prof: U Khin Maung Wynn
- Asst: Prof: U Aye Kyaw
- Adjunct: Prof: Dr. Kyaw Nyein Aye
- Dr. Myint San
- Dr. Tin Maung Maung Ohn
- U Sit Maung
- U Pyi Sone Nyein
- U Aye Kyaw (LL.B)
- Asso: Prof: Daw Thida Myint
- Daw Thin Thin Oo
- Daw Tin Moe Wai
- Daw Htay Htay Aye
အစောဆုံးအပ်နှံသူ(၅)ဦးအား (၁၀)% Discount ပေးသွားမည်။

www.facebook.com/centerforstrategicandinternationalstudiesmyanmar
No. (81/A-10), Supaung Lane, Inya Myaing Road, Bahan Township, Yangon, Myanmar.

## WIN Japanese Language School

| | | |
|---|---|---|
| Basic Conversation | 15-9-2018 | Sat,Sun |
| N1 Read:+Listen: | 15-9-2018 | Sat,Sun |
| Basic | 26-9-2018 | Wed~Fri |
| Basic,Inter,Pre-N3 | 13-10-2018 | Sat,Sun |
| N5,N4 Practice(သံရုံးစာမေးပွဲ) | 13-10-2018 | Sat,Sun |
| Intermediate | 31-10-2018 | Wed~Fri |
| Private Class | Octo.2018 | Tue-Thu(Sat,Sun) |

တန်းခွဲသစ်များလည်း လစဉ်ရှိပါသည်။ Tel: 01-299493
Tel: 09-780390093,09780390094(စိန်ပေါလ်မှတ်တိုင်။)

ဦးနှင်းဦး(ထားဝယ်)
## ထိပ်တန်း
အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း
ခေတ်မီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။
(၁) (၄၀)ရပ်ကွက်၊ ဂိုလ်မှူးလမ်း၊ မြောက်ဒဂုံ၊ ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း။ ၀၉-၄၄၃၀၉၄၉၂၇ / ၀၉-၄၃၁၀၃၇၂၀
(၂) တိုက်(၃၄)၊ ကမာကြည့်အိမ်ရာ၊ ကမာကြည့်လမ်းမကြီး၊ သာကေတ(အင်ိုင်း)အနီး။ ၀၉-၂၆၂၅၁၃၃၇ / ၀၉-၄၂၁၁၂၅၀၂
(၃) (၁)၁-လမ်းဆုံ၊ ဘုရင့်နောင်လမ်းမကြီး၊(က/၁)ရပ်ကွက်၊ KBZ ဝေါက်ကောဘက်အနီး၊ အင်းစိန်မြို့နယ်။ ၀၉-၇၆၂၃၄၂၀၇၃ / ၀၉-၇၀၂၂၆၂၀၇၀

## STI MYANMAR UNIVERSITY
ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ယနေ့ပင် စတင်လိုက်ပါ

## FACULTY OF ENGINEERING

### BEng (Hons)
- Civil Engineering
- Architectural Engineering
- Civil Architectural Engineering
- Electronic Systems Engineering
- Telecommunication and Network Systems

### BSc (Hons)
- Construction Management



University of Bedfordshire, UK မှ တိုက်ရိုက်ချီးမြှင့်သည့်ဘွဲ့ သင်တန်းများဖြစ်ပါသည်။
အသေးစိတ်သိရှိနိုင်ရန် 09 955 1234 46~49 သို့မဟုတ် admission@stiedu.net
သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

WORLD CLASS DEGREE IN PARTNERSHIP WITH
University of Bedfordshire

ထူးချွန်ကျောင်းသားများအတွက် ပညာသင်ဆုရရှိနိုင်မည့် အခွင့်အရေး

- အဆောင်(၁၀)၊ MICT Park၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၅၅ ၁၂၃၄ ၄၆ ~ ၄၉
- အမှတ် ၃၇၇၊ ၃၈၇/၃၉၇၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀ ၁၈၃၁ ၅၅၊ ၀၉ ၄၂၀ ၁၃၁၇ ၃၀
- ဘီ - ၁၅/၁၆၊ ၆၆လမ်းနှင့် သဇင်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၃ ၈၀၀၀ ၆၂ ~ ၆၄

https://www.facebook.com/STIMyanmarUni
www.stiedu.net

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း နီပေါအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ



**နေပြည်တော် စက်တင်ဘာ ၂၁**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(င) ဒုတိယနေ့ကို ယနေ့ညနေပိုင်းတွင် နီပေါနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းက နီပေါ ယူ-၁၆ အမျိုးသမီးအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အိမ်ရှင်နီပေါကို ဂိုးပြတ်အနိုင်ယူကာ နောက်တစ်ဆင့်တက်ရောက်ရန် နီးစပ်သွားခဲ့သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(င)တွင် ဖိလစ်ပိုင်အသင်းကလည်း နှစ်ပွဲဆက်အနိုင်ရထားသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်တွင် အသာရထားသည့် မြန်မာအသင်းသည် သရေကစားရုံဖြင့် နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းထက် ပထမပိုင်းတွင် ကစားပုံပိုကောင်းခဲ့ပြီး ပထမပိုင်းတွင် အနိုင်ဂိုး ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဂိုးပြတ်အနိုင်ရရန် ကြိုးစားခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လေးမိနစ်တွင် ဂိုးစရသလို ဂိုးများဆက်တိုက်သွင်းယူနိုင်သောကြောင့်

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ✱**

# ဆူဇူကီးပြိုင်ပွဲမှ မြန်မာနှင့် ကမ္ဘောဒီးယားပွဲကို မန္တလာသီရိကွင်း၌ ကျင်းပခွင့်ရရှိ




၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၁**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်ရမည့် အိမ်ကွင်းအုပ်စုနှစ်ပွဲအနက် ကမ္ဘောဒီးယားနှင့်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပခွင့်ပြုခဲ့သည်။ ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုနှစ်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့၌ တစ်ပွဲစီ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ပြိုင်ပွဲကျင်းပသည့်ပုံစံ ပြောင်းလဲခဲ့ပြီး အုပ်စုပွဲများအတွက် အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိတော့ဘဲ အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ❋**

# ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။ **စာမျက်နှာ ၅ ကော်လံ ၅ သို့ ○**




# နောက်ဆုံးအချိန်ထိ စောင့်ကြည့်ရမည့် MNL အမှတ်ပေးပြိုင်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပြီးဆုံးတော့မည်ဖြစ်ပြီး ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့တွင် နောက်ဆုံးပွဲများ ကျင်းပတော့မည်ဖြစ်သည်။ ချန်ပီယံဆုရအသင်း အပါအဝင် ထိပ်ဆုံးငါးသင်း၊ တန်းဆင်းတစ်သင်းတို့ ထွက်ပေါ်ခြင်းမရှိသေးသောကြောင့် လက်ကျန်ပွဲများမှာ အကြိတ်အနယ်ရှိနေမည်ဖြစ်သည်။

ပွဲစဉ်(၂၂)အဖြစ် စက်တင်ဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဇွဲကပင်အသင်း၊ စက်တင်ဘာ ၂၃ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် ထိပ်ဆုံးနှစ်သင်းဝင်ရန် သေချာနေပြီဖြစ်သော်လည်း တစ်မှတ်သာကွာဟသောကြောင့် နောက်ဆုံးအချိန်ထိ စောင့်ကြည့်ရမည်ဖြစ်သည်။ နှစ်သင်းစလုံး အိမ်ကွင်း၌ ကစားရမည်ဖြစ်ပြီး တစ်မှတ်အသာရထားသည့် ရန်ကုန်အသင်းသည် ရှမ်းထက် အခွင့်အရေး

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ❑**

